# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကို လည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၇၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက် | ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီ ၉ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၇)၊ အမှတ် (၁၀၁)


# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဆရာတော်ကြီးများ တရုတ်နိုင်ငံ ဗုဒ္ဓဘာသာအဖွဲ့ ဒုတိယဥက္ကဋ္ဌ ကျင်အန်းဘုရားကျောင်း ဆရာတော်ကြီးနှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

**ရန်ကုန် ဇန်နဝါရီ ၈**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဖန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ အမှူးပြုသော နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ ဆရာတော်ကြီးများသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗုဒ္ဓဘာသာအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရှန်ဟိုင်းမြို့ ကျင်အန်းဘုရားကျောင်း ပဓာနနာယကဆရာတော် HUIMING နှင့်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာ ဓမ္မသဘင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံသာသနာရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး ကိုယ်စားလှယ်အဖွဲ့က ဆေးပဒေသာပင်အတွက် ငွေကျပ်သိန်း ၂၀ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗုဒ္ဓဘာသာအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရှန်ဟိုင်းမြို့ ကျင်အန်းဘုရားကျောင်း ပဓာနနာယကဆရာတော် HUIMING နှင့်အဖွဲ့သည် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ သင်ကြား၊ စီမံ ဆရာတော်ကြီးများနှင့်

*စာမျက်နှာ ၃ ကော်လံ ၅* ❐



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗုဒ္ဓဘာသာအဖွဲ့ ဒုတိယဥက္ကဋ္ဌ ကျင်အန်းဘုရားကျောင်း ဆရာတော်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

**တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) တွင် လက်မှတ်ရေးထိုးနိုင်ရန်အတွက် နှစ်ဖက်ခေါင်းဆောင်များ တွေ့ဆုံရန် UNFC အနေဖြင့် အခြားနည်းလမ်းများ ဆက်လက်ရှာဖွေသွားမည်**

စာ ၈

**ထရန့်နှင့် ကင်တို့ ဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးမှု မပြုလုပ်မီတွင် မြောက်ကိုရီးယားအနေဖြင့် ရန်စ ကျူးကျော်သည့် အပြုအမူများကို ရပ်တန့်သင့်ကြောင်း နစ်ကီဟာလေပြောကြား**

စာ ၁၄

# (၂၁)ရာစုပင်လုံ တတိယအကြိမ်အစည်းအဝေး အောင်မြင်စွာ ကျင်းပနိုင်ရန် လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းများ ဝိုင်းဝန်းဆွေးနွေးအကြံပြုပေး

**နေပြည်တော် ဇန်နဝါရီ ၈**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ကျင်းပရေး ဗဟိုကော်မတီ အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ပူးပေါင်းဆောင်ရွက်**

အစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ကျင်းပရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးကို ၂၀၁၇ ခုနှစ် မေ ၂၄ ရက်မှ ၂၉ ရက်အထိ နေပြည်တော် MICC-II ၌ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါကြောင်း၊ တာဝန်ရှိသူအားလုံး၏ ပူးပေါင်းဆောင်ရွက်မှု၊ ဝိုင်းဝန်းပံ့ပိုးပေးမှုများကြောင့် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ယင်းအတွက်လည်း ပါဝင်ဆောင်ရွက်သူ ပုဂ္ဂိုလ်အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

**အဓိကတာဝန်ရှိ**

ကျင်းပခဲ့သည့် (၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးတွင် ပြည်ထောင်စုသဘောတူစာချုပ်၏ အစိတ်အပိုင်းအဖြစ် မူဝါဒ ၃၇ ချက်ကို သဘောတူရရှိခဲ့ပါကြောင်း၊ ညီလာခံ တက်ရောက်လာသူများက အကြိတ်အနယ်ဆွေးနွေးပြီးမှ ယင်းသဘောတူညီချက်များ ရရှိခဲ့ခြင်းဖြစ်ပါကြောင်း၊ အနာဂတ်ဖက်ဒရယ် ပြည်ထောင်စုအတွက် ဖက်ဒရယ်မူများ ချမှတ်ပေးနိုင်ရန် (၂၁)ရာစုပင်လုံ အစည်းအဝေးများ အောင်အောင်မြင်မြင် ကျင်းပပြီးစီးနိုင်ရေးအတွက် ဆောင်ရွက်ပေးရန် မိမိတို့တွင် အဓိကတာဝန်ရှိပါကြောင်း။

*စာမျက်နှာ ၃ ကော်လံ ၁* ✻




မြန်မာ့အလင်း

# ရလဒ်နတ္ထိ ဖန်တီးနေကြသူများ

ရခိုင်ပြည်နယ်အရေးကိစ္စကို အကြောင်းပြု၍ ဥရောပသမဂ္ဂက မြန်မာနိုင်ငံနှင့် ချုပ်ဆိုရန် ပြင်ဆင်ညှိနှိုင်းထားသော ရင်းနှီးမြှုပ်နှံမှု အကာအကွယ်ပေးရေးစာချုပ်ကို တစ်ဖက်သတ်ရပ်ဆိုင်းခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့ပါသည်။ ရခိုင်ပြည်နယ်၌ လူမျိုးတုံးသတ်ဖြတ်မှုများ ပြုလုပ်နေသည်၊ လူ့အခွင့်အရေးတို့ကို ချိုးဖောက်နေသည်ဟူသော စွပ်စွဲချက်တို့ကို အကြောင်းပြု၍ ဥရောပသမဂ္ဂက ယခုကဲ့သို့ ရင်းနှီးမြှုပ်နှံမှု အကာအကွယ်ပေးရေး စာချုပ်ချုပ်ဆိုရေးကို တစ်ဖက်သတ် ရပ်ဆိုင်းခဲ့ခြင်းဖြစ်ပါသည်။ ဤနေရာ၌ ဥရောပသမဂ္ဂအား မေးရမည့် မေးခွန်းတစ်ရပ် ထွက်ပေါ်လာပါသည်။ နှစ်ဦးနှစ်ဖက် ငွေကြေး၊ အချိန်၊ လုပ်အားတို့ ရင်းနှီးပြင်ဆင်ညှိနှိုင်းထားသော ဤစာချုပ် တစ်ဖက်သတ် ရပ်ဆိုင်းခြင်းကြောင့် ရခိုင်ပြည်နယ်အရေး၌ တစ်စုံတစ်ရာ တိုးတက်မှုတို့ကို ဖန်တီးနိုင်စွမ်း ရှိမည်/မရှိမည်ကို ဥရောပသမဂ္ဂအား မေးမြန်းရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံနှင့်ချုပ်ဆိုရန် ပြင်ဆင်ညှိနှိုင်းထားသော ရင်းနှီးမြှုပ်နှံမှု အကာအကွယ်ပေးရေးစာချုပ်ကို ဥရောပသမဂ္ဂက တစ်ဖက်သတ်ရပ်ဆိုင်းခဲ့ခြင်းကြောင့် ရခိုင်ပြည်နယ်အရေးကိစ္စ၌ တစ်စုံတစ်ရာ တိုးတက်မှုတို့မရှိနိုင်သည်မှာ ရှင်းပြရန်မလိုအပ်သော ကိစ္စဖြစ်ပါသည်။ တစ်စုံတစ်ရာ တိုးတက်မှုမရှိနိုင်သော ကိစ္စရပ်ကို ဥရောပသမဂ္ဂက အဘယ်ကြောင့် ဆောင်ရွက်ခဲ့ရပါသနည်း။ ဥရောပသမဂ္ဂက လူ့အခွင့်အရေးချိုးဖောက်မှုတို့ကို လက်မခံ၊ လျစ်လျူမရှုဟူသော သဘောထားကို ထုတ်ဖော်ပြသနိုင်ရန်အတွက် ယခုကဲ့သို့ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ ဤနေရာ၌ အရေးကြီးသည်မှာ ရခိုင်ပြည်နယ်အရေးကိစ္စ၌ လူ့အခွင့်အရေးမျက်နှာစာသာရှိသည်မဟုတ်၊ တခြားသော မျက်နှာစာတို့လည်း ရှိနေခြင်းဖြစ်ပါသည်။ ရခိုင်ပြည်နယ်အရေးကိစ္စ၌ အချုပ်အခြာအာဏာ မျက်နှာစာလည်း ရှိပါသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မျက်နှာစာလည်း ရှိပါသည်။

ဥရောပသမဂ္ဂအပါအဝင် အနောက်နိုင်ငံကြီးတို့သည် ရခိုင်ပြည်နယ်အရေးကိစ္စ၏ အချုပ်အခြာအာဏာမျက်နှာစာနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မျက်နှာစာတို့ကို သိနားလည်ပါသည်ဟု ဖွင့်ဟပြောဆိုကြသော်လည်း ဆုံးဖြတ်ချက်တို့ကို ချမှတ်သောအခါ၌မူ ဤမျက်နှာစာ နှစ်ရပ်စလုံးအား လုံးဝလျစ်လျူရှုခဲ့ကြပါသည်။ ကမ္ဘာ့လူဦးရေ အထူထပ်ဆုံးနိုင်ငံတို့ကြား၌ ရပ်တည်နေရသော နိုင်ငံငယ်တစ်ခုအနေဖြင့် မြန်မာနိုင်ငံသည် အမျိုးသားရေးကိုယ်ပိုင်လက္ခဏာ ထိန်းသိမ်းခြင်းနှင့်အတူ အချုပ်အခြာအာဏာ ကာကွယ်စောင့်ရှောက်ခြင်းကို မလွဲမသွေ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အမည်ဆန်းဖြင့် တိုင်းရင်းသားအခွင့်အရေး တောင်းဆိုခြင်းသည် အချုပ်အခြာအာဏာပိုင် နယ်မြေကို တောင်းဆိုလိုက်ခြင်းသာ ဖြစ်ပါသည်။ ဥရောပသမဂ္ဂက ရခိုင်ပြည်နယ်အရေးကိစ္စ၏ အချုပ်အခြာအာဏာ မျက်နှာစာကို လျစ်လျူရှုခဲ့ခြင်းသည် ဤအရေးကိစ္စ၏ လူ့အခွင့်အရေးမျက်နှာစာကို စိတ်တိုင်းကျ ပုံကြီးချဲ့ခွင့်ရရန်သာ ဖြစ်ပါသည်။

ရခိုင်ပြည်နယ်အရေးကိစ္စကို ကိုင်တွယ်ဖြေရှင်းမည့် လုပ်ငန်းစဉ်အရပ်ရပ်ကို မြန်မာနိုင်ငံသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ညှိနှိုင်းဆွေးနွေး သဘောတူပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါလျက် ဥရောပသမဂ္ဂက မြန်မာနိုင်ငံအပေါ် အချိန်ပေးစောင့်ကြည့်ရန် ပျက်ကွက်ခဲ့ခြင်းသည် ဥရောပသမဂ္ဂ၏ စိတ်ရင်းအမှန်ကို ထုတ်ပြခဲ့ခြင်းဟုသာ ယူဆရမည်ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုအကာအကွယ်ပေးရေးစာချုပ်ကို ဥရောပသမဂ္ဂက လျစ်လျူရှုခဲ့ခြင်းသည် ရခိုင်ပြည်နယ်အပါအဝင် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးအလားအလာတစ်ရပ်ကို လျစ်လျူရှုလိုက်ခြင်းသာဖြစ်ပါသည်။ ရခိုင်ပြည်နယ်အရေးကိစ္စ ကိုင်တွယ်ဖြေရှင်းရာ၌ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုသည် အခြေခံလိုအပ်ချက်တစ်ရပ် ဖြစ်သည်ဟူသော အချက်မှာ မြန်မာနိုင်ငံက ဥရောပသမဂ္ဂကို ရှင်းပြရန်မလိုအပ်သော ကိစ္စဖြစ်ပါသည်။ ပြဿနာအမှန်တကယ် ဖြေရှင်းရေးထက် လူ့အခွင့်အရေးတို့အပေါ် ရပ်တည် ကာကွယ်သည်ဟု ပုံဖော်လိုသော ဥရောပသမဂ္ဂ၏ ယခုခြေလှမ်းသည် ရလဒ်နတ္ထိ ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## ရာဇဝတ်အထွေထွေလျှောက်ထားမှု (စာချွန်တော်) နှစ်မှုနှင့် တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) သုံးမှုကို စီရင်ချက်ချမှတ်

**နေပြည်တော် ဇန်နဝါရီ ၈**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးသာဋ္ဌေးနှင့် ဦးမျိုးတင့် တို့ပါဝင်သည့် အပြီးသတ်ကြားနာဆုံးဖြတ်ရေးအဖွဲ့သည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁)၌ ရုံးထိုင်ပြီး ရာဇဝတ်အထွေထွေလျှောက်ထားမှု (စာချွန်တော်) နှစ်မှုနှင့် တရားမအထွေထွေ လျှောက်ထားမှု (စာချွန်တော်) သုံးမှုကို စီရင်ချက်ချမှတ်သည်။ ထို့အပြင် တရားမအထွေထွေလျှောက်ထားမှု(စာချွန်တော်)ငါးမှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

**အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စု အစိုးရအဖွဲ့သည် ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးတင်ဝင်းအောင်အား အမြဲတမ်းအတွင်းဝန် တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၈**



နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇)နှင့် စပ်လျဉ်းသည့် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီတို့မှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာ့အာမခံလုပ်ငန်းများအကြောင်း အသိပညာပေး ဟောပြော

**သနပ်ပင် ဇန်နဝါရီ ၈**

မြန်မာ့အာမခံလုပ်ငန်းမှ ဆောင်ရွက်လျက်ရှိသော အာမခံလုပ်ငန်းများနှင့် ပတ်သက်၍ ပြည်သူများသို့ အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီလ ပထမပတ်တွင် ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် မင်းရွာ အရိယာမဂ္ဂင်ဓမ္မာရုံကြီး၌ ကျင်းပခဲ့ကြောင်း သိရသည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဦးစီးအရာရှိက သူတစ်ပါးထိခိုက်မှု အာမခံအကြောင်း ကနဦး အမှာစကားပြောကြားခဲ့သည်။ မြန်မာ့အာမခံလုပ်ငန်း တိုင်းဒေသကြီးတာဝန်ခံ ဒေါ်ညိုညိုမြင့်က မြန်မာ့အာမခံလုပ်ငန်းမှ လက်ခံဆောင်ရွက်ပေးနေသော လုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားသည်။

**ရရှိမည့်အကျိုးခံစားခွင့်များ**

ထို့နောက် တောင်သူလယ်သမား အသက်အာမခံ၊ မွေ့အန္တရာယ် အသက်အာမခံ၊ သူတစ်ပါး ထိခိုက်မှုအာမခံ၊ မော်တော်ယာဉ်အလုံးစုံ ထိခိုက်မှုအာမခံ၊ မီးနှင့် အထွေထွေအာမခံလုပ်ငန်း၊ ခရီးသွားအာမခံလုပ်ငန်းများ ထားရှိကြရန်နှင့် ရရှိမည့်အကျိုးခံစားခွင့်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**သန့်စင်(ပဲခူး)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၈-၁-၂၀၁၈

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၆၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၁၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၆၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၇၉၅/၈၁၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၉၀/၈၀၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၃၅/၈၄၅ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၁၅/၈၈၃၀ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၅ · ၀ |
| ဥရောပ | တစ်ယူရို | ၁၆၃၀ · ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၂၁ · ၆ |
| ထိုင်း | တစ်ဘတ် | ၄၂ · ၁ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ · ၃ |
| တရုတ် | တစ်ယွမ် | ၂၀၈ · ၈၂ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၈ · ၉ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



❒ *ရှေ့ဖုံးမှ*

တွေ့ဆုံ၍ သာသနာရေးဆိုင်ရာများကို ဆွေးနွေးကာ ဆွမ်းပဒေသာပင်အတွက် ငွေကျပ် သိန်း ၂၀ ပေးအပ်လှူဒါန်းသည်။

**သာသနာပြုလုပ်ငန်းများ လေ့လာ**

ထို့နောက် ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)ရှိ ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တကုမာရ အမှူးပြုသော သင်ကြား၊ စီမံဆရာတော်ကြီးများနှင့် တွေ့ဆုံပြီး တက္ကသိုလ်၏ သာသနာပြုလုပ်ငန်းများကို လေ့လာကြသည်။

**သတင်းစဉ်**

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗုဒ္ဓဘာသာအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရှန်ဟိုင်းမြို့ ကျင်အန်းဘုရားကျောင်း ပဓာနနာယကဆရာတော် HUIMING အဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ သင်ကြား၊ စီမံ ဆရာတော်ကြီးများ တွေ့ဆုံစဉ်။**

သတင်းစဉ်

* *ရှေ့ဖုံးမှ*

ယခု (၂၁)ရာစုပင်လုံ၏ တတိယအကြိမ်အစည်းအဝေး ကျင်းပရန် JICM အစည်းအဝေးက ဆုံးဖြတ်ထားပါကြောင်း၊ ဒုတိယအကြိမ် အစည်းအဝေးအတွက် ဖွဲ့စည်းဆောင်ရွက်ခဲ့သည့် ကျင်းပရေးလုပ်ငန်းကော်မတီ ၁၁ ခုနှင့် ဆက်လက်ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**ကြိုတင်ပြင်ဆင်ထားရန်လို**

ယခင် ဒုတိယအကြိမ်ညီလာခံအတွင်း ဆောင်ရွက်ခဲ့သည့် အားသာချက်၊ အားနည်းချက်များကို အခြေခံပြီး ယခုတတိယအကြိမ်အစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ရန် သက်ဆိုင်ရာလုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဝိုင်းဝန်းဆွေးနွေးအကြံပြုပေးကြရန် ဖိတ်ခေါ်ပါကြောင်း၊ တစ်ဆက်တည်းတွင် ယနေ့အစည်းအဝေးက ညှိနှိုင်းရရှိချက်များအပေါ် အခြေခံပြီး သက်ဆိုင်ရာလုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်မည့်လုပ်ငန်းများကိုလည်း ကြိုတင်ပြင်ဆင်ထားကြရန်လိုအပ်ပါကြောင်း ပြောကြားသည်။

**ကောင်းမွန်စွာ ကျင်းပနိုင်ရေးဆောင်ရွက်**

ထို့နောက် ဖိတ်ကြားရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌကိုယ်စား အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ ကြိုဆိုနေရာချထားရေးနှင့် တည်းခိုနေထိုင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုး၊ ခန်းမအတွင်း နေရာချထားရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌကိုယ်စား နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဧည့်ခံကျွေးမွေးရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ အခမ်းအနားပြင်ဆင်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ လုံခြုံရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ကျန်းမာရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌကိုယ်စား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်ရီရီမြင့်၊ ဘဏ္ဍာရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ပူးပေါင်းညှိနှိုင်းရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်တို့က ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်နေသည့်လုပ်ငန်းစဉ်များနှင့် ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ ယခင်နှစ်အတွေ့အကြုံများကို အခြေခံပြီး ပိုမိုကောင်းမွန်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်သွားမည့် အစီအစဉ်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**ပြန်လည်ဆွေးနွေး**

တင်ပြချက်များနှင့် စပ်လျဉ်းပြီး ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက ပြန်လည်ဆွေးနွေးပြောကြားပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံကျင်းပရေး ဗဟိုကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ကျင်းပရေး ဗဟိုကော်မတီ အစည်းအဝေး ကျင်းပစဉ်။**

သတင်းစဉ်

# ပုဂ္ဂလိကကဏ္ဍ အားကောင်းကျယ်ပြန့်လာအောင် ဆက်စပ်ညှိနှိုင်း ဆောင်ရွက်ပေးရန်လို




**နေပြည်တော် ဇန်နဝါရီ ၈**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့များမှ နေပြည်တော်ကောင်စီဝင်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးများ၏ (၁/၂၀၁၈) ကြိမ်မြောက် လစဉ်လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ကျင်းပရာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း တက်ရောက်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ပြည်ထောင်စုဝန်ကြီးက စီမံကိန်းများ ရေးဆွဲရာတွင် ခြောက်လတာကြားကာလနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်နှင့် ပေါင်းစပ်၍ ၁၈ လတာကာလအတွက် စဉ်းစား ဆောင်ရွက်ကြစေလိုကြောင်း၊ ပုဂ္ဂလိကကဏ္ဍ အားကောင်းကျယ်ပြန့်လာအောင် ဆက်စပ်ညှိနှိုင်း ဆောင်ရွက်ပေးရန် လိုကြောင်း၊ SMEs များကို မြေတောင် မြှောက်ပေးသော်လည်း အားနည်းချက်များစွာ ကျန်ရှိနေသေးကြောင်း၊ ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ဆောင်ရွက်ရမည့် လုပ်ငန်းစီမံကိန်းများ ရှိသကဲ့သို့ မြို့နယ်အဆင့် ဆောင်ရွက်နိုင်သည့် လုပ်ငန်းများကို ဆောင်ရွက်သွားကြရန်နှင့် လုပ်ငန်းစီမံကိန်းများနှင့် ပတ်သက်၍ အပြန်ပြန်အလှန်လှန် ဆွေးနွေးကြရန် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဆက်အောင်က စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန လုပ်ငန်းများ ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ စီမံကိန်းများ တင်ပြဆောင်ရွက်မှုနှင့် ဘတ်ဂျက်တောင်းခံမှု မကိုက်ညီသည့် ဌာနများ ရှိနေကြောင်း၊ ဆောင်ရွက်မည့် စီမံကိန်းများတွင် ကောင်းမွန်သည့် စီမံကိန်းများ ရှိသကဲ့သို့ နိုင်ငံတော်၏ မူဝါဒနှင့် ကိုက်ညီရန်လိုသည့် စီမံကိန်းများလည်း ရှိနေကြောင်းနှင့် ကဏ္ဍစီမံကိန်း၊ ဒေသစီမံကိန်းများ စီစဉ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးများက SMEs များအား ချေးငွေထုတ်ချေးရေးကိစ္စ၊ တောရိုင်းတိရစ္ဆာန်များအား တရားမဝင်ရောင်းဝယ်နေမှု၊ တရားမဝင် ကုန်စည်များကိစ္စနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ ဆွေးနွေး

**ကလော ဇန်နဝါရီ ၈**

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ် ကျေးလက်ဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်း၍ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ(GAP) ဟောပြောပွဲကို ဇန်နဝါရီ ၅ ရက်က ကလောမြို့နယ် ရေချိုကျေးရွာအုပ်စု ရေချိုကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးစိုးလွင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သက်သက်အေးတို့က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဓာတ်မြေဩဇာ ကိုင်တွယ်ပြုလုပ်ပုံနှင့် ပတ်သက်၍ လက်တွေ့သရုပ်ပြခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



**ကရင်ပြည်နယ် ရဲတပ်ဖွဲ့မှူး၏ မှူခင်းအသိပညာပေး ပြခန်းယာဉ်သည် ဇန်နဝါရီ ၂ ရက်မှ ၈ ရက်အထိ ကြာအင်းဆိပ်ကြီးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင် ဦးဆောင်ကာ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများရှိ အခြေခံပညာကျောင်းများသို့ သွားရောက်၍ မှူခင်းအသိပညာပေး ဟောပြောစဉ်။** ၁၃၈

# မြန်မာ-စင်ကာပူ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၈**


တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် စင်ကာပူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Lt. Gen. Perry Lim အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ရှေ့၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် စင်ကာပူတပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြပြီး ဂုဏ်ပြုတပ်ဖွဲ့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စင်ကာပူတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဇေယျာသီရိဗိမာန် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးကြသည်။

တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိတို့နိုင်ငံသည် အာဆီယံ အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အတွက် အာဆီယံလှုပ်ရှားမှုများတွင် အပြည့်အဝပူးပေါင်း ဆောင်ရွက်နေကြောင်း၊ ၂၀၁၁ ခုနှစ်နောက်ပိုင်း မြန်မာအပါအဝင် အာဆီယံနိုင်ငံများ ပူးပေါင်းဆောင်ရွက်မှုများကြောင့် မလက္ကာရေလက်ကြားတွင် ဖြစ်ပွားလျက်ရှိသည့် သင်္ဘောပြန်ပေးဆွဲမှု၊ အကြမ်းဖက်မှုများ သိသိသာသာ လျော့နည်းသွားသည်ကို တွေ့ရှိရပြီး ဆက်လက်ထိန်းသိမ်း ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

စင်ကာပူတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရခိုင်ပြည်နယ်အရေးနှင့် ပတ်သက်ပြီး တပ်မတော်မှ နိုင်ငံသားများအပေါ် ကာကွယ်စောင့်ရှောက်မှုများ ပေးနေသည်ကို သိရှိနားလည်ပါကြောင်း၊ စင်ကာပူနိုင်ငံအနေဖြင့် လိုအပ်သည့် အကူအညီများကို ပေးအပ်သွားရန် အသင့်ရှိပါကြောင်း၊ အကြမ်းဖက်တိုက်ခိုက်မှုများကို အချိန်မီဖြေရှင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် ဒေသတွင်း ငြိမ်းချမ်းရေးကို မိမိတို့အနေဖြင့် လိုလားပါကြောင်း ပြန်လည်ဆွေးနွေးပြောကြားကာ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်မှု၊ စင်ကာပူနိုင်ငံသို့ မြန်မာ့တပ်မတော်မှ သင်တန်းသားအရာရှိများ စေလွှတ်မှုနှင့် တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စင်ကာပူတပ်မတော်ကာကွယ်ရေးဦးစီးချုပ် Lt. Gen. Perry Lim အား တွေ့ဆုံစဉ်။** သတင်းစဉ်

### လက်ခံတွေ့ဆုံ

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်း၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော ထိုင်းဘုရင့်တပ်မတော်ရေတပ်ဦးစီးချုပ် Admiral Naris Phatoomsuwan အား ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရေတပ်အချင်းချင်းပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးအတွက် နှစ်နိုင်ငံအဆင့်လိုက် ချစ်ကြည်ရေးခရီးစဉ်များနှင့် သင်္ဘောများ အပြန်အလှန် လည်ပတ်ရေး၊ နှစ်နိုင်ငံရေပိုင်နက်အတွင်း လုံခြုံရေးဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရေး၊ အားကစားအဖွဲ့များနှင့် ယဉ်ကျေးမှုအဖွဲ့များ အပြန်အလှန်စေလွှတ်၍ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရေး၊ သင်တန်းသားများ အပြန်အလှန်စေလွှတ်ရေး ကိစ္စရပ်များအား အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လယ်ယာမြေပုံစံ(၇)ထုတ်ပေးခြင်းလုပ်ငန်းများ သတ်မှတ်ချိန်ပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ရန် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ မှာကြား



**နေပြည်တော် ဇန်နဝါရီ ၈**

လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနသည် ပြည်သူနှင့် အနီးကပ်ထိတွေ့ပြီး ပြည်သူ့လိုအပ်ချက်ကို ဖြည့်ဆည်းကူညီဆောင်ရွက်ပေးနေရသည့်နည်းတူ တစ်ချိန်တည်းမှာပင် နိုင်ငံတော်၏ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဓိကအခန်းကဏ္ဍမှ အရေးပါသော မြေယာစာရင်းအင်းများ တိကျမှန်ကန်စေရေးတာဝန်ကိုပါ ဆောင်ရွက်ကြရသည်ဖြစ်ရာ လုပ်ငန်းကျွမ်းကျင်မှုအပါအဝင် ဝန်ထမ်းစည်းမျဉ်းစည်းကမ်း၊ အရပ်ဘက်ဆက်ဆံရေးနည်းလမ်း၊ သတ်မှတ်ပြဋ္ဌာန်းထားသော ဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများအားလုံးကို စောင့်စည်းလိုက်နာကြရန် လိုအပ်ကြောင်း ယနေ့ နံနက် ၁၁ နာရီက အဆိုပါဝန်ကြီးဌာန၌ ကျင်းပသည့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲအခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားသည်။ (ဓာတ်ပုံ)

တွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန်များ ဖြစ်ကြသော ဒေါက်တာတင်ထွဋ်၊ ဒေါက်တာခင်ဇော်နှင့် ဦးကျော်ငွေ၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးနှင့် ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်ဦးစီးမှူးများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက လယ်ယာမြေပုံစံ(၇) ထုတ်ပေးခြင်း လုပ်ငန်းများ သတ်မှတ်ချိန်ပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ရန်၊ မိမိတို့သက်ဆိုင်ရာ လုပ်ငန်းပိုင်းကို ကျွမ်းကျင်ပိုင်နိုင်စွာဖြင့် ဒေသအစိုးရအဖွဲ့များ၏ စီမံဆောင်ရွက်ချက်များအပေါ် ကူညီအားဖြည့်ပေးနိုင်သော အထောက်အပံ့ကောင်းများအဖြစ် ကြိုးပမ်းဆောင်ရွက်ရန်၊ ဝန်ထမ်းများ စွမ်းဆောင်ရည်ပြည့်ဝစေရေး လေ့ကျင့်သင်ကြား ကြပ်မတ်ကြရန် လိုအပ်သည့်နည်းတူ ဝန်ထမ်းသက်သာချောင်ချိရေး လုပ်ငန်းများကိုလည်း တရားနည်းလမ်းကျစွာ စီမံဆောင်ရွက်ပေးကြရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နှင့် UNODC တို့ စာတမ်းဖတ်ကြားဆွေးနွေးပွဲ ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၈**

"အဂတိလိုက်စားမှုတွန်းလှန်ဖို့ ကိုယ်ကျင့်သိက္ခာမြှင့်တင်စို့"ဟူသော ခေါင်းစဉ်ဖြင့် စာတမ်းဖတ်ကြား ဆွေးနွေးပွဲကို ဇန်နဝါရီ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ရန်ကုန်မြို့ရှိ Park Royal Hotel ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### ဦးစားပေးဆောင်ရွက်သွားမည်

အဆိုပါဆွေးနွေးပွဲကို အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နှင့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC)တို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်၏ ကနဦးခြေလှမ်းအဖြစ် ပညာပေးရေး၊ သတိပေးရေး၊ ဟန့်တားကာကွယ်ရေးတို့အတွက် လူ့အသိုက်အဝန်း အသီးသီးတွင် ကိုယ်ကျင့်သိက္ခာမြှင့်တင်ရေးကို ဦးစားပေးဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် စာတမ်းဖတ်ကြားဆွေးနွေးရန် စိတ်ပါဝင်စားသော ပညာရှင်များ၊ အသင်းအဖွဲ့များ၊ အရပ်ဘက်အဖွဲ့အစည်းများသည် နေပြည်တော်ရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံး၊ အုပ်စု(၁) အားကစားလေ့ကျင့်ရေးစခန်း၊ ဝဏ္ဏသိဒ္ဓိရပ်ကွက် ဖုန်း ၀၆၇-၈၁၀၃၃၄၇၊ ၈၁၀၃၂၇၃ တို့သို့ လည်းကောင်း၊ myanmaracc2014@gmail.com သို့ လည်းကောင်း ဇန်နဝါရီ ၁၂ ရက်နောက်ဆုံးထား၍ အမည်စာရင်း ပေးပို့နိုင်ကြောင်း သိရသည်။

စာတမ်းဖတ်ကြား ပါဝင်ဆွေးနွေးလိုသူများသည် စာတမ်းဖတ်ကြားချိန် ၁၀ မိနစ်မှ ၁၅ မိနစ်အကြား အကျုံးဝင်နိုင်မည့် A4 အရွယ် စာမျက်နှာခြောက်မျက်နှာရှိ စာတမ်း Soft Copy ကို ဇန်နဝါရီ ၁၆ ရက်မတိုင်မီ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံးသို့ ပေးပို့ရမည်ဖြစ်ပြီး စာတမ်းနှင့်အတူ စာတမ်းဖတ်ကြားမည့်သူ၏အဖွဲ့အစည်း၊ စာတမ်းဖတ်ကြားမည့်သူ၏ အမည်၊ မှတ်ပုံတင်အမှတ်၊ အဖအမည်၊ ပညာအရည်အချင်း၊ မွေးသက္ကရာဇ်၊ ခြောက်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်အစား ရောင်စုံဓာတ်ပုံ သုံးပုံ၊ နေရပ်လိပ်စာ အပြည့်အစုံ၊ ဆက်သွယ်ရမည့် ဖုန်းနံပါတ်၊ အီးမေးလ်လိပ်စာနှင့် ရည်ညွှန်းကိုးကားချက်များကိုလည်း ပေးပို့ရမည်ဖြစ်သည်။

### ကော်မရှင်သို့ ပေးပို့ရမည်

စာတမ်းဖတ်ကြား ဆွေးနွေးပွဲသို့ အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ် နှစ်ဦးစီ တက်ရောက်နိုင်ပြီး တက်ရောက်မည့်သူများအနေဖြင့် ကိုယ်စားပြုအဖွဲ့အစည်း၊ တက်ရောက်မည့်သူ၏ အမည်၊ မှတ်ပုံတင်အမှတ်၊ အဖအမည်၊ ပညာအရည်အချင်း၊ မွေးသက္ကရာဇ်၊ ခြောက်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်အစား ရောင်စုံဓာတ်ပုံ သုံးပုံ၊ နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရမည့်ဖုန်းနံပါတ်၊ အီးမေးလ်လိပ်စာ တို့ကို အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်သို့ ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အသေးစိတ်အချက်အလက်များကို အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏Website ဖြစ်သည့် www. accm.gov. mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**သတင်းစဉ်**

# နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်း(ဘားအံ)တွင် သင်တန်းများဖွင့်လှစ်

နေပြည်တော် ဇန်နဝါရီ ၈

**နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် Bridge Asia Japan (BAJ)တို့ ပူးပေါင်း၍ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း (ဘားအံ)၌ ဆောက်လုပ်ရေးသင်တန်းအမှတ်စဉ်(၇)၊ လျှပ်စစ်သင်တန်း အမှတ်စဉ်(၇)၊ မော်တော်ယာဉ်စက်ပြင်သင်တန်း အမှတ်စဉ်(၆)နှင့် ဂဟေသင်တန်း အမှတ်စဉ်(၅) သင်တန်းများ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။**

### ရှင်းလင်းပြောကြား

ဖွင့်ပွဲတွင် ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်(**ယာပုံ**)နှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဌေးဦးတို့က သင်တန်းဖွင့်အမှာစကား ပြောကြားပြီး BAJ မှ ဌာနေကိုယ်စားလှယ် Ms.Akiko MORI က သင်တန်းဆိုင်ရာများ ရှင်းလင်းပြောကြားခဲ့ကြသည်။




### အခမဲ့ဖြင့် ဖွင့်လှစ်ပေး

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပြည်နယ်အစိုးရအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ BAJ မှ ဝန်ထမ်းများနှင့် သင်တန်းသားများ စုစုပေါင်း အင်အား ၁၃၀ ခန့် တက်ရောက်ခဲ့ကြပြီး သင်တန်းတွင် ဆောက်လုပ်ရေးသင်တန်းသား ၂၀ ၊ လျှပ်စစ်သင်တန်းသား ၂၀ နှင့် မော်တော်ယာဉ်စက်ပြင်သင်တန်းသား ၃၀ ၊ ဂဟေသင်တန်းသား ၂၀ စုစုပေါင်း ၉၀ ဖြင့် ယနေ့မှ ဇွန် ၂၂ ရက်အထိ ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းသားများ နေထိုင်စားသောက်ရေး၊ သင်တန်းဝတ်စုံ၊ သင်တန်းသုံးပစ္စည်းများနှင့် ခရီးစရိတ်များအားလုံး အခမဲ့ဖြင့် ဦးစီးဌာနက ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကလေးစာပေပွဲတော်(ရန်ကုန်)တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတီးဝိုင်းအဖွဲ့မှ တေးဂီတဖြင့်ဖျော်ဖြေ

**ရန်ကုန် ဇန်နဝါရီ ၈**

ရန်ကုန်မြို့တွင် ကျင်းပလျက်ရှိသော ကလေးစာပေပွဲတော်၌ ညပိုင်းတွင်မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတီးဝိုင်းအဖွဲ့မှ တေးဂီတဖြင့်ဖျော်ဖြေရာ ပွဲတော်လာ ပရိသတ်များဖြင့် စည်ကားလျက်ရှိသည်။




တေးဂီတဖျော်ဖြေပွဲတွင် ဧည့်သည်အဆိုတော်များဖြစ်ကြသည့် နေလနှင့် ရွှေရည်သိန်းတန်၊ ငြိမ်းချမ်းရေးဂီတပွဲတော်မှ ဆုရတေးသံရှင်များဖြစ်ကြသည့် မေသဇင်၊ လင်းသစ်၊ ဖုန်းဝေသွင်၊ ဇင်သူဇာထွန်း၊ R ဝါလင်း၊ ကြူကြူခိုင်၊ A ဒေး၊ မေသူကျော်နှင့် S Paung တို့ ပါဝင်ဖျော်ဖြေခဲ့ကြသည်။

အဆိုပါဖျော်ဖြေပွဲသို့ စိန့်ပေါလ် ကျောင်းသားဟောင်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများ၊ ကျောင်းသားကျောင်းသူများနှင့် ကလေးငယ်များအပါအဝင် ဒေသခံမိဘပြည်သူများ ပျော်ပျော်ပါးပါး လာရောက်ကြည့်ရှုကြပြီး ကလေးစာပေပွဲတော်ကို ပျော်ရွှင်စွာဆင်နွှဲခဲ့ကြသည်။ **သတင်းစဉ်**

❄ ***ကျောဖုံးမှ***

ထိန်းသိမ်းရေး အသိပညာပေးပြခန်း၊ ရေအားလျှပ်စစ်ထုတ်လုပ်ပုံပြခန်း၊ ရူပဗေဒပြခန်းတို့အပြင် ကိုယ်ပိုင်ကျောင်းများမှ ခင်းကျင်းပြသသည့် သိပ္ပံလက်တွေ့ပြခန်းများနှင့် သင်ထောက်ကူပစ္စည်းများပြခန်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန မိုဘိုင်းပြခန်းများကို စုံလင်စွာ ခင်းကျင်းပြသထားရာ ကျောင်းသား ကျောင်းသူ၊ ပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

အဆိုပါပွဲတော်နှင့် ပတ်သက်၍ အနောက်ပိုင်းခရိုင်ပညာရေးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်မူမူက "ဒီပွဲတော်ကြီးမှာ ကျွန်မတို့ခရိုင်အတွင်းမှာရှိတဲ့ အခြေခံပညာကျောင်းတွေက သင်ထောက်ကူပြခန်းတွေ လာရောက်ခင်းကျင်းပြသထားပါတယ်၊ ဘာသာရပ်ဆိုင်ရာ အသိပညာပေးပြခန်းတွေ ဖြစ်ပါတယ်၊ အခုလို ပါဝင်ပြသခြင်းအားဖြင့် ကျောင်းသား၊ ကျောင်းသူတွေအနေနဲ့ သိပြီးသားတွေကို ပိုမိုသိရှိပြီး မသိရှိသေးရင်လည်း သိရှိသွားမှာဖြစ်တဲ့အတွက် ပညာရေးပိုင်းနဲ့ အထွေထွေဗဟုသုတအပိုင်းမှာ တိုးတက်လာမှာဖြစ်ပါတယ်၊ ကလေးတွေလည်း တော်တော်စိတ်ဝင်စားကြပါတယ်၊ အခုလို ကျင်းပခြင်းအားဖြင့် ကလေးတွေရဲ့ ပညာသင်ကြားရေးအပိုင်းမှာ အထောက်အကူဖြစ်စေပါတယ်"ဟု ပြောသည်။

အလားတူ ပြခန်းများ ဖွင့်လှစ်ပြသထားမှုအပေါ် မရမ်းကုန်းမြို့နယ် အမှတ်-၄ အခြေခံပညာအလယ်တန်းကျောင်းမှ သတ္တမတန်း ကျောင်းသူ မအိအိမိုးက "သမီးတို့ ကျောင်းအနေနဲ့ ဒီပွဲတော်မှာ သိပ္ပံပြခန်းလာရောက်ပြသထားပါတယ်၊ အိုဇုန်းလွှာပျက်စီးခြင်း အကြောင်း အရာနဲ့ပတ်သက်တာတွေကို လာရောက်ပြသတာပါ၊ တခြားကျောင်းတွေကလည်း ဒီပွဲတော်ကြီးမှာ ပြခန်းတွေ စုံစုံလင်လင်ပြသထားတာ တွေ့ရပါတယ်၊ ကစားနည်းတွေအပြင် ဖျော်ဖြေရေးအစီအစဉ်တွေလည်းပါတော့ ပျော်ဖို့ကောင်းပါတယ်၊ သမီးတို့အတွက်ကတော့ ဒီပွဲတော်ကြီးကနေ ဗဟုသုတတွေအများကြီးရရှိပါတယ်၊ ကိုယ်မသိသေးတဲ့ အကြောင်းအရာတွေကိုလည်း ပြခန်းတွေကနေ သိခွင့်ရခဲ့တဲ့အတွက် အများကြီး အကျိုးရှိပါတယ်၊ ရရှိလာတဲ့ အသိပညာ ဗဟုသုတတွေကို ကျောင်းသင်ခန်းစာတွေမှာ ပြန်လည်ပြီး အသုံးချသွားမှာဖြစ်ပါတယ်"ဟု ဆိုသည်။

ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ (ရန်ကုန်)တတိယနေ့ဖြစ်သည့် ယနေ့တွင် ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲများ၊ စာပေဟောပြောပွဲနှင့် ဆွေးနွေးပွဲများ၊ အားကစားပြိုင်ပွဲများ၊ ဖျော်ဖြေရေးအစီအစဉ်များ၊ ပုံပြင်ပြောပြိုင်ပွဲများ၊ ကျပန်းစကားပြောပြိုင်ပွဲများ၊ ကဗျာရွတ်ဆိုပြိုင်ပွဲများ၊ ဆေးရောင်ခြယ်ပြိုင်ပွဲများ၊ စက္ကူခေါက်ပြိုင်ပွဲများနှင့် ပျော်ရွှင်စရာ ကစားနည်းအစီအစဉ်တို့ကိုကျင်းပပြီး ပြိုင်ပွဲများနှင့် ပတ်သက်၍ ဆုရရှိသူများကို သက်ဆိုင်ရာ တာဝန်ရှိသူတို့က ဆုများကို အသီးသီးချီးမြှင့်ခဲ့ကြသည်။

ပုဇွန်တောင်မြို့နယ်မှ ဒေါ်စိုးစိုးဝင်းက "သားလေးကို ဗဟုသုတရရှိအောင် ဒီပွဲတော်ကို ခေါ်လာခဲ့တာပါ၊ ကျောင်းပေါင်းစုံကလာပြီး ပညာရေးဆိုင်ရာ ပြခန်းတွေဖွင့်ထားတော့ ကလေးတွေအတွက် တော်တော်ကောင်းပါတယ်၊ ဒီပွဲတော်ဟာ နာမည်နဲ့လိုက်အောင် ကလေးတွေအတွက် အများကြီးလုပ်ပေးထားတာကိုတွေ့ရတယ်၊ ကလေးတွေအတွက် စာပေနဲ့ပတ်သက်တဲ့ ပြိုင်ပွဲတွေလည်း လုပ်ပေးတဲ့အတွက် အတန်းအလိုက်၊ အသက်အရွယ်အလိုက် ယှဉ်ပြိုင်မယ်ဆိုရင် ဒီပွဲတော်ကြီးကနေ အသိပညာ၊ ဗဟုသုတတွေအများကြီးရရှိနိုင်မယ်လို့ မြင်ပါတယ်၊ ဒီလိုမျိုးပွဲတွေကို မကြာခဏ လုပ်ပေးသင့်ပါတယ်"ဟု ပြောသည်။

ထို့အပြင် ပွဲတော်လာကလေးများ ပျော်ရွှင်စွာပါဝင်ဆင်နွှဲနိုင်ရေးအတွက် Happy World ကစားကွင်းများ၊ ကာတွန်းပုံတူရေးဆွဲခြင်း၊ ကာတွန်းရုပ်များနှင့် 3D ကားချပ်များဖြင့် အမှတ်တရဓာတ်ပုံရိုက်ကူးရေးအစီအစဉ်များ၊ မျက်လှည့်နှင့် ရုပ်သေးအက၊ အထက-၆ ဗိုလ်တထောင် ကျောင်းသားများ၏ ဆိုင်းဝိုင်းဖြင့် ကျောက်ဆည်မြို့မှ ဆင်အကနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ခေတ်ပေါ်တေးဂီတဖျော်ဖြေတင်ဆက်မှုအစီအစဉ်များဖြင့် တင်ဆက်ခဲ့သည့်အပြင် စေတနာရှင်များကလည်း စတုဒိသာ ကျွေးမွေးလှူဒါန်းမှုများ ပြုလုပ်ရာ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူ ၉၀၀၀၀ ခန့် ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

ကလေးစာပေပွဲတော်သို့ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ မိဘများ၊ စိတ်ပါဝင်စားသူ ပြည်သူများ နေ့စဉ် ပျော်ရွှင်စွာ လာရောက်နွှဲပျော်ခဲ့ကြပြီး ပထမနေ့တွင် လူဦးရေ ၈၀၀၀၀ ခန့်၊ ဒုတိယနေ့တွင် ၉၀၀၀၀ ကျော် လာရောက်ခဲ့ကြောင်း ပွဲတော်ဝင်ခွင့်စတေကာများနှင့် လုံခြုံရေးကင်မရာမှတ်တမ်းများအရ သိရသည်။

အရုပ်ဆက်ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ အိမ်တည်ဆောက်မှုပြိုင်ပွဲနှင့် Team Building Game စသည့် ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်သူ ကလေးငယ် ဇန်နဝါရီ ၆ ရက်တွင် ၁၆၆၂၈ ဦး၊ ဇန်နဝါရီ ၇ ရက်တွင် ၂၂၆၄၈ ဦးနှင့် ယနေ့တွင် ၁၆၈၅၁ ဦး သုံးရက် စုစုပေါင်း ၅၆၁၂၇ ဦးရှိကြောင်း သိရှိရသည်။

ထို့ပြင် စာပေဟောပြောပွဲနှင့် ဆွေးနွေးပွဲသို့ တက်ရောက်သူအနေဖြင့် ဇန်နဝါရီ ၆ ရက်တွင် ၂၀၀ ကျော်၊ ဇန်နဝါရီ ၇ ရက်တွင် ၃၀၀ ကျော်နှင့် ယနေ့တွင် ၄၅၀ ကျော် သုံးရက် စုစုပေါင်း ၉၅၀ ကျော် တက်ရောက်ကြောင်း သိရှိရသည်။

ကလေးစာပေပွဲတော်ကို ကလေးများ စာအုပ်စာပေ၌ နှစ်သက်မွေ့လျော်ကာ ရာသက်ပန်ပညာရှာမှီးသူများ ဖြစ်လာစေရန်၊ ပွဲတော်၌ ပျော်ရွှင်စွာဆင်နွှဲရင်း စုပေါင်းအလုပ်များတွင် ဝိုင်းဝန်းပါဝင်တတ်သည့် အလေ့အထကောင်းများ ရရှိလာစေရန်၊ ပညာဗဟုသုတရော၊ လူရည်လူသွေးပါ ပြည့်ဝ၍ အနာဂတ်တွင် တိုင်းပြည်အတွက် ဦးဆောင်ဦးရွက်ပြုနိုင်သူများဖြစ်လာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **ဇော်ကြီး**


အကယ်ဒမီ ခင်သီတာထွန်း


စာရေးဆရာ ဟိန်းလတ်

# ကိုယ်တိုင်ပါဝင်ဆင်နွှဲနိုင်အောင် အခွင့်အရေးတွေပေးနေတာမို့ ကလေးတွေအတွက်လည်း အကျိုးရှိစေမယ့် ပွဲတော်တစ်ခုပါ

**ရန်ကုန် ဇန်နဝါရီ ၈**

ကလေးစာပေပွဲတော်(ရန်ကုန်)ဖွင့်ပွဲသို့ တက်ရောက်ခဲ့ကြသော အနုပညာရှင်၊ စာပေပညာရှင်တို့၏ သဘောထားအမြင် စကားသံများကို တွေ့ဆုံမေးမြန်းခဲ့ရာတွင်-

**အကယ်ဒမီ ခင်သီတာထွန်း**

မြန်မာနိုင်ငံမှာ ဒီလိုကလေးစာပေပွဲတော်မျိုးတွေ နှစ်စဉ်ကျင်းပပေးသင့်ပါတယ်။ ကလေးတွေ စာအုပ်စာပေနဲ့ ရင်းနှီးပြီးထိတွေ့မှုများမှ စာဖတ်ချင်တဲ့အသိတွေ ရရှိစေမှာပါ။ ကျွန်မတို့ ငယ်ငယ်အရွယ်က ဒီလိုကလေးစာပေပွဲတော်နဲ့ မကြုံတွေ့ခဲ့ရဘူး။ အခုကလေးတွေက ကံကောင်းပါတယ်။ နိုင်ငံတော်ကလည်း ကလေးတွေကို အလေးထားပြီး ပြုစုပျိုးထောင်ပေးတယ်လို့ မြင်ပါတယ်။ ဒီပွဲမှာ ကလေးတွေ ပျော်ရွှင်အောင်၊ စာအုပ်စာပေတွေနဲ့ ထိတွေ့နိုင်အောင်၊ ကိုယ်တိုင်ပါဝင်ဆင်နွှဲနိုင်အောင် အခွင့်အရေးတွေပေးနေတာမို့ ကလေးတွေအတွက်လည်း အကျိုးရှိစေမယ့် ပွဲတော်တစ်ခုပါပဲ။ စာပေက ရရှိတဲ့အသိက ဘဝတစ်လျှောက်လုံးအတွက် အဖိုးတန်တဲ့ အရင်းအနှီးတစ်ခုလို့ မြင်ပါတယ်။

**စာရေးဆရာ ဟိန်းလတ်**

ကျွန်တော့်ကို ကလေးစာပေနဲ့ပတ်သက်လို့ ဟောပြောပေးပါဆိုလို့ လာဟောပြောပေးတာပါ။ ကလေးစာပေပွဲတော်တွေကို အင်မတန်မှ နှစ်ခြိုက်ပါတယ်။ ဒါတွေက ကျွန်တော်တို့ခေတ်တုန်းက မကြုံခဲ့ဘူးတဲ့ ဥစ္စာတွေပေါ့။ အခုအစိုးရသစ်လက်ထက်မှာ ကလေးစာပေပွဲတော်ကို အနယ်နယ်အရပ်ရပ်မှာ ကျင်းပနေတယ်။ အဲဒီအတွက်လည်း ကလေးတွေက တော်တော်ပျော်တယ်။ စာအုပ်တွေဝယ်ကြ၊ ကစားကြ၊ သီချင်းတွေဆိုကြနဲ့။ ကလေးတွေဆိုတာ သိပ်အရေးကြီးတယ်။ အဲဒီအရွယ် ကလေး တွကို ပျိုးထောင်ပေးဖို့အတွက် လမ်းမှန်ကမ်းမှန်နဲ့ ပျိုးထောင်ပေးတဲ့အတွက် ပြန်ကြားရေးဝန်ကြီးဌာနရော၊ ပညာရေးဝန်ကြီးဌာနရော သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့တွေရော ကျွန်တော် အထူးကျေးဇူးတင်ပါတယ်။

ကလေးစာပေပွဲတော်တွေမှာ ဟောပြောပွဲတွေ များများလုပ်ပေးရမယ်။ ဆွေးနွေးပွဲတွေ လုပ်ပေးရမယ်။ နောက် ဉာဏ်ကြီးရှင်ဖြေဆိုပွဲတွေပေါ့။ စပွန်ဆာတွေလည်း များများရပြီး ဆုတွေလည်း ထိုက်ထိုက်တန်တန်ပေး။ ကလေးဆိုတာ ကစားစရာတို့၊ ဆုတို့များများရရင် ဒီထဲမှာ စိတ်ဝင်စားလာမှာလေ။ အဲဒီတော့ ဆုတွေထိုက်ထိုက်တန်တန်ပေးနိုင်ဖို့အတွက် စီစဉ်ပေးပါ။ ဗိုလ်တထောင် အထက-၆ ကျောင်းဝင်းကြီးက အကျယ်ကြီးပဲလေ။ ဒီလိုကျယ်ကျယ်ဝန်းဝန်းနေရာတွေမှာ မြို့နယ်ဒေသအသီးသီးမှာရှိတဲ့ ပန်းခြံတွေမှာ ကွင်းတွေမှာ မကြာခဏလုပ်ပေးဖို့ တိုက်တွန်းလိုပါတယ်။

**တွေ့ဆုံမေးမြန်း- ထင်ပေါ်ဝင်း၊ သန်းထိုက်၊ ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)**

# မိုးဆက်လက်ရွာမည်

**နေပြည်တော် ဇန်နဝါရီ ၈**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလား ပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့်ရှိနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် မိုးဆက်လက်ရွာမည်။

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် -၂ ဒီဂရီစင်တီဂရိတ်၊ တွန်းဇံမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်၊ ဖလမ်းမြို့နှင့် တီးတိန်မြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်၊ သီပေါမြို့နှင့် မိုးကုတ်မြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်သည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ပင်လောင်းမြို့တွင် ၁ ဒသမ ၃၀ လက်မ၊ လောင်းလုံးမြို့တွင် ၀ ဒသမ ၄၃ လက်မ၊ ပြည်မြို့တွင် ၀ ဒသမ ၂၄ လက်မနှင့် ပျဉ်းမနားမြို့တွင် ၀ ဒသမ ၁၉လက်မတို့ဖြစ်ကြသည်။ **မိုး/ဇလ**

# AFC 'C' Coaching Certificate Course ဘောလုံးနည်းပြသင်တန်း ဖွင့်လှစ်မည်

**ရန်ကုန် ဇန်နဝါရီ ၈**

မြန်မာ့ဘောလုံးအားကစား တိုးတက်မြင့်မားလာစေရန်နှင့် အရည်အသွေးပြည့်ဝသည့် နိုင်ငံတကာအသိအမှတ်ပြုလိုင်စင်နည်းပြဆရာများ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ အာရှဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်း၍ AFC 'C' Coaching Certificate Course ဘောလုံးနည်းပြသင်တန်းကို ဖေဖော်ဝါရီ ၁၅ ရက်မှ ၂၈ ရက်အထိ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တွင် ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ အာရှဘောလုံးအဖွဲ့ချုပ်မှ တာဝန်ပေးအပ်သည့် သင်တန်းနည်းပြ ဆရာက လာရောက်ပို့ချသင်ကြားပေးမည်ဖြစ်ပြီး အသက် ၂၀ နှစ်နှင့် ၃၅ နှစ်ကြားရှိ ပညာအရည်အချင်းအနိမ့်ဆုံး (၁၀)တန်း ရှိရမည်ဖြစ်ကာ (မြန်မာ့လက်ရွေးစင်အဖြစ် ကစားခဲ့ဖူးပါက အသက်နှင့် ပညာအရည် အချင်းကို လျှော့ပေါ့စဉ်းစားမည်ဖြစ်သည်။) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာကလပ်၊ အသင်း၊ ဝန်ကြီးဌာန၊ အဖွဲ့အစည်း၏ ထောက်ခံစာပါဝင်ရမည်ဖြစ်သည်။ ထို့ပြင် ဘောလုံးအားကစားကို ကောင်းမွန်စွာ ကစားနိုင်သူဖြစ်ပြီး သင်တန်းတွင် လက်တွေ့လေ့ကျင့်ခန်းများကို ပါဝင်လုပ်ဆောင်နိုင်ရမည်ဖြစ်ကာ (ကျန်းမာကြံ့ခိုင်သူဖြစ်ပြီး Medical Certificate တင်ပြနိုင်ရမည်) လက်ရှိနည်းပြ တာဝန်ထမ်းဆောင်နေသူများကို ဦးစားပေးရွေးချယ်မည်ဖြစ်သည်။

တက်ရောက်လိုသူများသည် စာတွေ့၊ လက်တွေ့နှစ်မျိုးစလုံးကို သင်တန်းပြီးဆုံးသည်အထိ တက်ရောက် နိုင်ရမည်ဖြစ်ပြီး English ဘာသာကို အတော်အသင့် ရေးနိုင်၊ ဖတ်နိုင်သူနှင့် ကွန်ပျူတာကို အတော်အသင့် အသုံးပြုတတ်သူဖြစ်ရမည်ဖြစ်သည်။

သင်တန်းတက်ရောက်ရန် ရွေးချယ်ခြင်းခံရပါက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှဖွင့်လှစ်သော စီလိုင်စင် အထောက်အကူပြုသင်တန်း (MFF 'D' License Course) အား မပျက်မကွက် တက်ရောက်ရမည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အနေဖြင့် သင်တန်းသားအမည်စာရင်းကို အာရှဘောလုံးအဖွဲ့ချုပ်သို့ ကြိုတင်တင်ပြနိုင်ရေးအတွက် သက်ဆိုင်ရာကလပ်အသင်းများနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ပါဝင်တက်ရောက်လိုသည့် အထက်ပါအရည်အချင်းများနှင့် ကိုက်ညီသည့် သင်တန်းသားများသည် ပူးတွဲပါပုံစံတွင် ပြည့်စုံစွာဖြည့်စွက်၍ (၁၂-၁-၂၀၁၈) ရက်နေ့ နောက်ဆုံးထားပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သို့ ပေးပို့ရမည်ဖြစ်သည်။ စာရင်းပေးပြီး (သို့မဟုတ်) သင်တန်းတက်ရောက်နေစဉ်အတွင်း အကြောင်းအမျိုးမျိုးကြောင့် ပျက်ကွက်ပါက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ကြီးမှူးဖွင့်လှစ်သည့် မည်သည့်သင်တန်းမဆို တက်ရောက်ခွင့်ပြုမည်မဟုတ်ကြောင်းနှင့် အမှန်တကယ်နည်းပြသင်တန်းတက်ရောက်လိုသူများကို ဦးစားပေးရွေးချယ်စေလွှတ်လိုကြောင်း သတင်းထုတ်ပြန်ထားသည်။

**ဖိုးသော်ဇင်**

# ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ(ရန်ကုန်) တတိယနေ့ မြင်ကွင်းပုံရိပ်များ



ကလေးစာပေပွဲတော် တတိယနေ့၌ ပွဲတော်လာ ကျောင်းသား ကျောင်းသူများအား စာရေးဆရာကြီး ချစ်ဦးညိုက စာပေဟောပြော ဆွေးနွေးစဉ်။ သတင်းစဉ်




ကလေးစာပေပွဲတော်တတိယနေ့၌ ကျောင်းသား ကျောင်းသူများဖြင့် စည်ကားစွာတွေ့ရစဉ်။ သတင်းစဉ်





ကလေးစာပေပွဲတော်လာ ကလေးငယ်များ စာပေများ စိတ်ဝင်တစား ဖတ်ရှုနေကြစဉ်။ သတင်းစဉ်

ကလေးစာပေပွဲတော် တတိယနေ့၌ စာအုပ်အရောင်းဆိုင်များတွင် ပွဲတော်လာသူများ ဝယ်ယူအားပေးနေကြစဉ်။ သတင်းစဉ်



ကလေးစာပေပွဲတော် တတိယနေ့တွင် ကျင်းပသည့် အားကစားပြိုင်ပွဲများ၌ ကလေးငယ်များ ခြေထောက်၌ ခွက်စွပ်ကာ အပြေးပြိုင်ကြစဉ်။ သတင်းစဉ်



ကလေးစာပေပွဲတော် တတိယနေ့၌ ကလေးငယ်များ ပျော်ပျော်ရွှင်ရွှင် ကပြနေမှုကို တွေ့ရစဉ်။ သတင်းစဉ်




ကလေးစာပေပွဲတော် တတိယနေ့၌ ပွဲတော်လာ ကျောင်းသား ကျောင်းသူများ ပဟေဠိဉာဏ်စမ်း ပါဝင်ယှဉ်ပြိုင်ကြစဉ်။ သတင်းစဉ်



ကလေးစာပေပွဲတော် တတိယနေ့တွင် ပန်းချီပညာရှင်တစ်ဦးက ကျောင်းသား ကျောင်းသူများအား အလှပုံများ ရေးဆွဲပေးနေမှုကို တွေ့ရစဉ်။ သတင်းစဉ်

ကလေးစာပေပွဲတော် တတိယနေ့၌ ကျောင်းသား ကျောင်းသူ ကလေးငယ်များအား ဆရာမတစ်ဦးက ပုံပြင်ပြောပြစဉ်။ သတင်းစဉ်





ကလေးစာပေပွဲတော် တတိယနေ့၌ ကျောင်းသား ကျောင်းသူ ကလေးငယ်များက ပွဲတော်လာပြည်သူများအား ဖျော်ဖြေတင်ဆက်ကြစဉ်။ သတင်းစဉ်

# ကလေးစာပေပွဲတော်(ရန်ကုန်) အားကစားပြိုင်ပွဲများ ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၈**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်း ကျင်းပသော ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ(ရန်ကုန်)တွင် အားကစားပြိုင်ပွဲများအဖြစ် ထည့်သွင်းကျင်းပခဲ့သည့် ဘောလုံးပြိုင်ပွဲနှင့် ထုပ်ဆီးတိုးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁၂ နာရီခွဲက အဆိုပါ ပွဲတော်ကျင်းပရာ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း(စိန့်ပေါလ်ကျောင်း)ရှိ ဘောလုံးကွင်း၌ ကျင်းပသည်။




**တက်ရောက်**

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဒေါ်လှိုင်မော်ဦး၊ ဗိုလ်တထောင်မြို့နယ်ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်မြင့်မြင့်စိုး(ခ) ဒေါ်မေစိုးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ထို့နောက် အထက်တန်းအဆင့် အသက် ၁၆ နှစ်အောက် ဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သော အနောက်ပိုင်းခရိုင်(က) အသင်း၊ ဒုတိယဆု ရရှိခဲ့သော အရှေ့ပိုင်းခရိုင်(က) အသင်းနှင့် တတိယဆု ရရှိခဲ့သော တောင်ပိုင်းခရိုင်(ခ)အသင်းတို့အား ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်က လည်းကောင်း ၊ အလယ်တန်းအဆင့် အသက် ၁၃ နှစ် အောက် ဘောလုံးပြိုင်ပွဲတွင် ပထမဆု ရရှိခဲ့သော အရှေ့ပိုင်းခရိုင်(က)အသင်း၊ ဒုတိယဆု ရရှိခဲ့သော တောင်ပိုင်းခရိုင် (ခ) အသင်းနှင့် တတိယဆုရရှိခဲ့သော အနောက်ပိုင်း ခရိုင်(ခ) အသင်းတို့အား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က လည်းကောင်း ဆုများကို ချီးမြှင့်ပေးအပ်ကြသည်။ (ဓာတ်ပုံ)

ယင်းနောက် အထက်တန်းအဆင့် အသက် ၁၆ နှစ်အောက် ထုပ်ဆီးတိုးပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သော အနောက်ပိုင်းခရိုင်(ခ)အသင်း၊ ဒုတိယ ဆုရရှိခဲ့သော မြောက်ပိုင်းခရိုင်(က) အသင်းနှင့် တတိယဆုရရှိခဲ့သော မြောက်ပိုင်းခရိုင် (ခ) အသင်းတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဒေါ်လှိုင်မော်ဦးက လည်းကောင်း၊ အလယ်တန်းအဆင့် အသက် ၁၃ နှစ်အောက် ထုပ်ဆီးတိုးပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သော အရှေ့ပိုင်းခရိုင်(ခ) အသင်း၊ ဒုတိယဆုရရှိခဲ့သော အနောက်ပိုင်းခရိုင်(ခ) အသင်းနှင့် တတိယဆု ရရှိခဲ့သော မြောက်ပိုင်းခရိုင်(က) အသင်းတို့အား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်မြင့်မြင့်စိုး(ခ) ဒေါ်မေစိုးက လည်းကောင်း ဆုများကို ချီးမြှင့်ပေးအပ်ခဲ့ကြသည်။

**ဝင်ရောက်ယှဉ်ပြိုင်**

အဆိုပါ ဘောလုံးပြိုင်ပွဲနှင့် ထုပ်ဆီးတိုးပြိုင်ပွဲကို ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ အခြေခံပညာကျောင်းများအလိုက် လူရွေးချယ်မှုများ ပြုလုပ်ခဲ့ပြီး ထိုမှတစ်ဆင့် ခရိုင်တစ်ခုလျှင် သက်ဆိုင်ရာ အတန်းအလိုက် (က)၊ (ခ) အသင်းတို့ဖြင့် ခရိုင်အဆင့် ဝင်ရောက်ယှဉ်ပြိုင်စေခဲ့ခြင်း ဖြစ်သည်။ ယင်းအားကစားပြိုင်ပွဲများ၏ ရှုံးထွက်ပွဲစဉ်များကို ကလေးစာပေပွဲတော် ကျင်းပသည့် ပထမနေ့တွင် လည်းကောင်း၊ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဒုတိယနေ့တွင် လည်းကောင်း၊ ဗိုလ်လုပွဲနှင့် တတိယနေရာလုပွဲကို ယနေ့ နံနက်ပိုင်းတွင် လည်းကောင်း ကျင်းပပြီး ပြိုင်ပွဲများအပြီးတွင် ဆုများကို ချီးမြှင့် ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

အလားတူ ယနေ့ ညနေ ၄ နာရီခွဲက ကလေးစာပေပွဲတော်(ရန်ကုန်)ကျင်းပရာ ကျောင်းရှိ အောင်ဆန်းခန်းမ၌ ပွဲတော်တတိယနေ့ (ယနေ့) နံနက်ပိုင်းက ကျင်းပခဲ့သည့် ကျပန်းစကားပြောပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲတို့တွင် ဆုရရှိသူများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**

# စာဖတ်ခြင်းအလေ့အထကောင်းများတည်ရာ ကလေးစာပေပွဲတော်မှ စာအုပ်ဈေးရောင်းပွဲ

ရန်ကုန် ဇန်နဝါရီ ၈

"ဆေးရောင်ခြယ်စာအုပ်လေးပေးပါ၊ ရုပ်ပြစာအုပ်တစ်အုပ်လောက်၊ သမီးကို ဟိုပုံပြင်စာအုပ်လေး ဝယ်ပေးပါ မေမေ" ဟူသည့် အသံများသည် ကလေးစာပေပွဲတော်ကျင်းပရာ စာအုပ်ဈေးရောင်းတန်း ဆိုင်ခန်းများ တစ်လျှောက်တွင် ပျံ့လွင့်နေသည်။ နှစ်သက်ရာစာအုပ်များအလိုက် အလုအယက်ဝယ်ယူနေကြသည့် ကျောင်းသားကလေးလူငယ်များ၊ ကလေးငယ်များ လက်ဆွဲလျက် စာအုပ်ဈေးတန်းများသို့ တစ်ဆိုင်ဝင်တစ်ဆိုင်ထွက် ကြည့်ရှုလေ့လာနေသည့် မိဘ၊ဆရာများ၊ စာအုပ်များရင်မှာပိုက်လျက် ပျော်ရွှင်မြူးထူးစွာ ဆိုင်ခန်းများဆီမှ ထွက်လာကြသည့် ကလေးငယ်များဖြင့် ပွဲတော်သည် ပိုမိုစည်ကားသက်ဝင်လျက်ရှိသည်။

"ကလေးမိဘ ဆရာ ဆရာမ အများစုက ဒီသုံးရက်လုံးလုံး စာအုပ်တွေဝယ်ကြတယ်၊ တစ်နေ့ကို ပျမ်းမျှ ငွေကျပ် နှစ်သိန်း၊ သုံးသိန်းကနေ ငွေကျပ် ၁၀ သိန်းကျော်အထိ ရောင်းရတယ်၊ တစ်ဆိုင်နဲ့တစ်ဆိုင်တော့ စာအုပ်အမျိုးအစားနဲ့ ရောင်းရပုံချင်းတော့ မတူကြဘူးပေါ့၊ သူတို့နှစ်သက်ရာအလိုက် ဝယ်ကြတာပဲ၊ အင်္ဂလိပ်မြန်မာဘာသာပြန် စာအုပ်တွေ ရော၊ ဗုဒ္ဓနိပါတ်တော်တွေရော၊ ပုံပြင်စာအုပ်တွေရော တော်တော်ဝယ်ကြတယ်"ဟု ရန်ကုန်စာအုပ်လမ်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးနေမျိုးညွှန့်က ပြောသည်။

**ဖွင့်လှစ်ရောင်းချ**

ကလေးစာပေပွဲတော်တွင် ကလေးများ စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ကို အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း ဗိုလ်တထောင်မြို့နယ် ပတ်လည်တွင် ကလေးစာပေသုတ၊ ရသ စာအုပ်ဆိုင်များ၊ သင်ရိုးညွှန်းတမ်းသင်ထောက်ကူ အရောင်းဆိုင်များနှင့် အမှတ်တရပစ္စည်းအရောင်းဆိုင်များ အပါအဝင် ဆိုင်ခန်းပေါင်း ၁၄၀ ကျော်က သုံးရက်တိုင်တိုင် စုံလင်စွာဖြင့် ဖွင့်လှစ်ရောင်းချခဲ့ကြသည်။

"မုံရွာမှာလုပ်တဲ့ ကလေးစာပေပွဲတော်ကတည်းက သွားချင်နေတာ၊ အခု ရန်ကုန်မှာလုပ်တော့ သမီးလေးက သူ့သူငယ်ချင်းတွေနဲ့အတူ ဒီပွဲတော်မှာ ဗိုလ်ရှုသဘင်အကလာကပြရတယ်၊ အဆင်ပြေသွားတာပဲ၊ သမီးက ကလေးကစားကွင်းမှာ ရေကူးမယ်ဆိုလို့ ဝတ်စုံပြည့်ဝတ်ထားတော့ မနည်းတားထားရတယ်၊ စာအုပ်ဝယ်ပေးမယ်ဆိုပြီး ခေါ်လာရတယ်၊ အခုလည်း အစ်မသမီးလေးကို သူကြိုက်တဲ့ ရွှံ့တုံးကနေ အရုပ်လုပ်တဲ့ကစားစရာလေးရယ်၊ ဗုဒ္ဓနိပါတ်တော်ပါ ရဟန္တာဖြစ်သွားတဲ့ ကလေးတွေအကြောင်း စာအုပ်တွေရယ်၊ သူ့အတွက် ဗဟုသုတရစေမယ့် စာအုပ်တွေကိုတော့ အစ်မကရွေးပြီး လေးအုပ်လောက် ဝယ်ပေးထားတယ်၊ သူလိုချင်တဲ့ ဆေးရောင်ချယ်တဲ့စာအုပ်တွေရယ် စုံလို့ပါပဲ ဝယ်ပေးဖြစ်တယ်(ရယ်လျက်)" လှိုင်သာယာမြို့နယ်မှ လာရောက်သည့် ကလေးမိဘ ဒေါ်သန္တာက ပြောသည်။

**စာအုပ်၊ စာပေများပျံ့နှံ့စေ**

ကလေးစာပေပွဲတော်အတွင်း စာအုပ်ဈေးရောင်းပွဲတော်ကို ကလေးများ စာဖတ်ခြင်းအလေ့အထကောင်းများ ရရှိစေရန် "အိမ်တစ်အိမ် စာအုပ်စင်တစ်စင်၊ ကျောင်းတစ်ကျောင်း စာကြည့်တိုက်တစ်တိုက် ဆောင်ပုဒ်"ဖြင့် ထည့်သွင်းကျင်းပခဲ့ခြင်းဖြစ်သည်။ ထိုကဲ့သို့ ကျင်းပခဲ့ခြင်းသည် စာရေးဆရာ၊ ထုတ်ဝေသူနှင့် စာဖတ်ပရိသတ်ကြား ဆက်နွှယ်စေသည့်အပြင် ပြည်သူများအကြား စာအုပ်၊ စာပေများပျံ့နှံ့စေသည့် အကျိုးကျေးဇူးများလည်း ရရှိလာစေမည်ဖြစ်သည်။

"အခုခေတ်က ဖုန်းတွေ၊ ဂိမ်းတွေ၊ တီဗွီကြည့်တာတွေ ထက်စာရင် စာဖတ်တာက သူတို့အတွက် အသိပညာတွေ ပိုပြီးတော့ ရရှိစေတယ်လေ၊ အဲဒါကြောင့်လည်း အစ်မတို့က မိဘတွေအနေနဲ့ ကလေးတွေ စာပေတွေနဲ့ပျော်အောင် ဒီပွဲတော်ကို လာရောက်လေ့လာရင်း အခုလည်း စာအုပ်တွေပါ ဝယ်ပေးဖြစ်တယ်"ဟု တာမွေမြို့နယ်မှ လာရောက်သည့် ကလေးမိဘ မဖြိုးက ပြောသည်။

မဖြိုး၏ သားဖြစ်သူ TTC ကျောင်းမှ တတိယတန်းကျောင်းသားလေး မောင်လင်းထက်သျှမ်ကမူ "သားကတော့ ကလေးစာပေပွဲတော်မှာ ကစားလည်း ကစားရတယ်၊ ပြိုင်ပွဲတွေလည်း ဝင်ပြိုင်ရတယ်၊ မေမေကလည်း သားလိုချင်တဲ့ စာအုပ်တွေဝယ်ပေးတော့ ပျော်လိုက်တာ"ဟု စာအုပ်တွေ ပိုက်ရင်း ပြောပြခဲ့သည်။



ကလေးစာပေပွဲတော်၌ ရောင်းချသည့် စာအုပ်ဆိုင်များ၌ ကလေးငယ်များ ဝယ်ယူကြည့်ရှုနေသည်ကို တွေ့ရစဉ်။

**အကျင့်ကောင်းများရရှိခဲ့**

ဇန်နဝါရီ ၆ ရက်မှစတင်ကာ ဇန်နဝါရီ ၈ ရက်အထိ သုံးရက်တိုင်တိုင် နံနက် ၉ နာရီမှ ညနေ ၈ နာရီအထိ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည့် ရန်ကုန်မြို့ ကလေးစာပေပွဲတော်ကြီးက ယနေ့အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီး ဖြစ်သည်။ သုံးရက်တာ ကျင်းပခဲ့ခြင်း ဖြစ်သော်လည်း နိုင်ငံတော်နှင့် အနာဂတ်မျိုးဆက်သစ်များအတွက်မှု တန်ဖိုးမဖြတ်နိုင်သည့် အလေ့အကျင့်ကောင်းများ ရရှိခဲ့သည်ဟု ဆိုရပါမည်။ ။

**သတင်းဆောင်းပါး-ခင်ဇာလီ၊ဓာတ်ပုံ-အေးမင်းသူ**

# KBZ Bank Women's League ပြိုင်ပွဲ ပွဲစဉ် (၃) ယနေ့ စတင်ကျင်းပမည်

**ဇန်နဝါရီ ၈**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ KBZ Bank ၏ အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် ၂၀၁၇-၂၀၁၈ ရာသီ KBZ Bank Women's League ပြိုင်ပွဲ ပွဲစဉ် (၃) ကို ဇန်နဝါရီ ၉ ရက် **(ယနေ့)**တွင် စတင်ကျင်းပမည်ဖြစ်သည်။

ပွဲစဉ် (၃) အဖြစ် ဇန်နဝါရီ ၉ ရက် တွင် ဇွဲကပင်အသင်းနှင့် သစ္စာအားမာန် အသင်း၊ ဇန်နဝါရီ ၁၀ ရက်တွင် YREO အသင်းနှင့် တက္ကသိုလ်အသင်း၊ ဇန်နဝါရီ ၁၁ ရက်တွင် အား/ကာသိပ္ပံအသင်းနှင့် မြဝတီအသင်း၊ ဇန်နဝါရီ ၁၂ ရက်တွင် ဂန္ဓမာအသင်းနှင့် အားကစားနှင့်ကာယပညာဦးစီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ညနေ ၃ နာရီခွဲတွင် အောင်ဆန်းကွင်း၌ကျင်းပ မည်ဖြစ်သည်။ ပွဲစဉ် (၂) အပြီးတွင် အား/ကာဦးစီးဌာနအသင်းနှင့် ဇွဲကပင်အသင်းက ခြောက်မှတ်စီ၊ မြဝတီနှင့် သစ္စာအားမာန်အသင်းတို့က လေးမှတ်စီ၊ အား/ကာသိပ္ပံနှင့် YREO အသင်းတို့က တစ်မှတ်စီ၊ ဂန္ဓမာနှင့် တက္ကသိုလ်အသင်းတို့က အမှတ်မရသေးကြောင်း သိရသည်။

**ရဲရင့်ရှိုင်း**

# ၆၇ ကြိမ်မြောက် မြန်မာနိုင်ငံပြက္ခဒိန်အကြံပေး အစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၈**

မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ၆၇ ကြိမ်မြောက် (မျက်နှာစုံညီ)အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံသေ့ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဦးပညိန္ဒ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအမြဲတမ်းအတွင်းဝန် ဦးထွန်းအုံ၊ မြန်မာနိုင်ငံပြက္ခဒိန် အကြံပေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသော ဆရာကြီး ဦးအောင်ချစ်၊ ဆရာကြီး ဦးပြေငြိမ်း၊ မြန်မာနိုင်ငံဝေဒသုတေသနပညာရှင်များ၊ ဗေဒင်တွက်ရိုးပညာရှင်များ၊ နက္ခတ်ဗေဒပညာရှင်များ၊ ပြက္ခဒိန်နှင့် သံဒိဋ္ဌပညာရှင်များ၊ ကွန်ပျူတာပရိုဂရမ် ရေးဆွဲသည့် ပညာရှင်များ စုစုပေါင်းအဖွဲ့ဝင် ၂၃ ဦး၊ အရန်အဖွဲ့ဝင် သုံးဦးနှင့် အနုပညာဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာသက္ကရာဇ် ၁၃၈၀-၁၃၈၁ ခုနှစ်၊ ခရစ်နှစ် ၂၀၁၉ ခုနှစ်အတွက် မူမှန်ပြက္ခဒိန်ကိုရေးဆွဲအတည်ပြုကြမည်ဖြစ်ပြီး ၁၃၈၁-၁၃၈၂ ခုနှစ် ခရစ်နှစ် ၂၀၂၀ ပြည့်နှစ်အတွက် ပြက္ခဒိန်မူကြမ်းရေးဆွဲတင်သွင်းကြမည်ဖြစ်သည်။

အစည်းအဝေးတွင် မြန်မာ့ရိုးရာယဉ်ကျေးမှုပညာရပ်များဖြစ်သည့် ပြက္ခဒိန်ဆိုင်ရာ ပညာရပ်များပြန့်ပွားရေးအတွက် ဖော်ထုတ်ထိန်းသိမ်းသွားရန် ဆွေးနွေးခဲ့ကြသည်။ မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့ အစည်းအဝေးကို ဇန်နဝါရီ ၁၂ ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၈

**၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နှစ်( ၇၀)ပြည့် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံတို့သို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ ဆက်လက်ပေးပို့လျက်ရှိကြသည်။**

### ပြင်သစ်သမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ ပြင်သစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အီမန်နျူရယ်မက်ခရွန်က ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူများသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခွင့်ရသည့်အတွက် နှစ်ထောင်းအားရဖြစ်မိပါသည်။

အရပ်သားအစိုးရ၏ ငြိမ်းချမ်းရေးနှင့် ရင်ကြားစေ့ရေးလုပ်ဆောင်ချက်များနှင့် ခက်ခဲသော ဒီမိုကရေစီ အသွင်ကူးပြောင်းမှုများတွင် ပြင်သစ်နိုင်ငံအနေဖြင့် မဆုတ်မနစ်ထောက်ပံ့မှုများပေးခဲ့ပါကြောင်း၊ သိသာထင်ရှားသော ဖြစ်ရပ်များ လွန်ခဲ့သည့်နှစ်က တိုးတက်ဖြစ်ထွန်းပေါ်ပေါက်ခဲ့ကြောင်း၊ ရခိုင်ပြည်နယ်ပြည်သူများ ရွှေ့ပြောင်းမှုများအပေါ် ပြင်သစ်နိုင်ငံအနေဖြင့် စိုးရိမ်မကင်းဖြစ်မိပါကြောင်း၊ အခုလို မသက်သာသည့် အခြေအနေများကို အမြန်ဆုံးနှင့် အကောင်းဆုံး အဆုံးသတ်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့များအား ပြင်သစ်အစိုးရအနေဖြင့် တိုက်တွန်းပါကြောင်း၊ အကယ်၍ လိုအပ်ပါက လူသားချင်းစာနာ နားလည်မှုဆိုင်ရာများ ခွင့်ပြုပေးစေလိုပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိပါသည်။

ယခုလိုနှစ်သစ်အခါသမယသည် ငြိမ်းချမ်းရေး၊ ရင်ကြားစေ့ရေးနှင့် တိုင်းပြည်တိုးတက်ရေးများကို ယူဆောင်လာမည်ဟု မမိုတ်မသုန် ယုံကြည်ပါကြောင်း၊ အထူးသဖြင့် ပဋိပက္ခနှင့် ဆူပူအကြမ်းဖက်မှုများဖြစ်ပွားရာ နေရာများတွင် ထိုကဲ့သို့သော ငြိမ်းချမ်းရေး၊ ရင်ကြားစေ့ရေးနှင့် တိုင်းပြည်တိုးတက်ရေးများ ဖြစ်ပေါ်စေရန် ဆုတောင်းပါကြောင်း၊ မစ္စတာ ကိုဖီအာနန် ဦးဆောင်သော ရခိုင်ပြည်နယ်အကြံပေးကော်မရှင်က ဆောင်ရွက်ခဲ့သည့် ရခိုင်ပြည်နယ်အရေး အကြံပေးချက်များအပေါ် အပြည့်အဝအကောင်အထည်ဖော်မှုများအား စောင့်ကြည့်သည့် ရခိုင်ပြည်နယ်အကြံပေးဘုတ်အဖွဲ့ တည်ထောင်ခြင်းအပါအဝင် တရားဥပဒေစိုးမိုးရေး၊ ရင်ကြားစေ့ရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ အခွင့်အလမ်းများ ပြန်လည်တည်ဆောက်ရာတွင် အဆွေတော်၏ စိတ်နှစ်ဆောင်ရွက်မှုကိုလည်း လေးစားပါကြောင်း ဖော်ပြပါရှိပါသည်။

ထို့အပြင် ပြင်သစ်နှင့် မြန်မာပြည်သူများကြား နက်နဲသော ရင်းနှီးချစ်ကြည်မှုများရေးကထက် ဖြစ်ထွန်းရေး၊ ပြင်သစ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုများတွင် မဆုတ်မနစ်ထောက်ပံ့သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ပြီး ကမ္ဘာ့အလယ်တွင်ရပ်တည်နိုင်ရေး မြန်မာနိုင်ငံနှင့်အတူ ရပ်တည်သွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

### တရုတ်ပြည်သူ့သမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏နှစ် (၇၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် လီခချန်က ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် လွန်ခဲ့သော တစ်နှစ်အတွင်း မြန်မာနိုင်ငံအစိုးရသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ကာကွယ်သည့်အပြင် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် လုံးပန်းအားထုတ်ခဲ့ပါသည်။ ပြည်သူ့ဘဝအဆင့်အတန်းမြှင့်တင်ပေးခဲ့ပြီး နိုင်ငံ တကာဆက်ဆံရေး ပိုမိုကောင်းမွန်အောင်လည်း ချဲ့ထွင်ခဲ့ပါသည်။ ဖွံ့ဖြိုးတိုးတက်ရေးနယ်ပယ်တွင် အောင်မြင်မှုအသစ်လည်း အဆက်မပြတ်ရရှိခဲ့ပါသည်။

ယခုအခါ တရုတ်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးသည် ဆက်လက်ကောင်းမွန်စွာ တိုးတက်လျက်ရှိပါသည်။ နှစ်နိုင်ငံအချင်းချင်းသည် နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု စသည့်ကဏ္ဍများတွင်ရှိသည့် ဖလှယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု တက်ကြွစွာ တိုးတက်လျက်ရှိပြီး နှစ်နိုင်ငံပြည်သူများ လက်တွေ့ကျသည့် အကျိုးသက်ရောက်မှုလည်း ဆောင်ကြဉ်းလာပါသည်။ တရုတ်နိုင်ငံသည် နှစ်နိုင်ငံအကြား တည်ရှိသည့် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးကို တန်ဖိုးထားပါသည်။ နှစ်ဦးနှစ်ဖက် အစဉ်အလာ ချစ်ကြည်ရေးကို ပိုမိုခိုင်မာအောင်၊ အပြန်အလှန် အကျိုးဖြစ်ထွန်းစေနိုင်သော ပူးပေါင်းဆောင်ရွက်မှု ပိုမိုနက်ရှိုင်းအောင် ဆောင်ရွက်ရန်၊ တရုတ်-မြန်မာ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေး အဆင့်သစ်တက်လှမ်းနိုင်ရန် မြန်မာနိုင်ငံနှင့်အတူ ကြိုးပမ်းဆောင်ရွက်လိုပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စည်ပင်သာယာ၍ မြန်မာပြည်သူပြည်သားအားလုံး ဘဝအေးချမ်းသာယာပါစေ၊ အဆွေတော် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ကျန်းမာရေးကောင်းမွန်၍ အလုပ်အကိုင် ချောမောပြေပြစ်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်ဟု ဖော်ပြပါရှိသည်။ *(ဆက်လက်ဖော်ပြပါမည်)*

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) တွင် လက်မှတ်ရေးထိုးနိုင်ရန်အတွက် နှစ်ဖက်ခေါင်းဆောင်များတွေ့ဆုံရန် UNFC အနေဖြင့် အခြားနည်းလမ်းများ ဆက်လက်ရှာဖွေသွားမည်




**ချင်းမိုင် ဇန်နဝါရီ ၈**

ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC)၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီ (တိုးချဲ့) အစည်းအဝေးတစ်ရပ်ကို ဇန်နဝါရီ ၆ ရက်မှ ၈ ရက်အထိ ထိုင်းနိုင်ငံချင်းမိုင်မြို့တွင် ကျင်းပခဲ့ပြီး NCA စာချုပ်တွင် လက်မှတ်ရေးထိုးနိုင်ရေး နှစ်ဖက်ခေါင်းဆောင်များ တွေ့ဆုံရန်အတွက် UNFC အနေဖြင့် အခြားနည်းလမ်းများကို ဆက်လက်ရှာဖွေ ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

သုံးရက်တာကျင်းပသည့် အစည်းအဝေးတွင် UNFC ၏ အထွေထွေလုပ်ငန်းစဉ်များ၊ နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ (DPN)၏ လက်ရှိ ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် ဆောင်ရွက်နေမှုများအား ပြန်လည်သုံးသပ်ခြင်း၊ NCA စာချုပ်တွင် လက်မှတ်ရေးထိုးနိုင်ရေးအတွက် UNFC တောင်းဆိုသည့်အချက်ကိုးချက်အား DPN နှင့် ငြိမ်းချမ်းရေးကော်မရှင် (PC) တို့ ဆွေးနွေးနေမှုအခြေအနေနှင့် ကျန်နေသည့် အချက်တို့အား ဆွေးနွေးခဲ့ကြသည်။

UNFC ၏ဗဟိုအလုပ်အမှုဆောင်ကော်မတီဦးထွန်းဇော်က " UNFC ရဲ့ ဗဟိုအလုပ်အမှုဆောင်ကော်မတီ(တိုးချဲ့) အရေးပေါ်အစည်းအဝေးက UNFC အထွေထွေလုပ်ငန်းစဉ်နဲ့ လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်ကို သုံးသပ်ကြတာ ဖြစ်ပါတယ်၊ ကျွန်တော်တို့ အဆိုပြုချက်ကိုးချက်ဟာ NCA လက်မှတ်ရေးထိုးနိုင်ရေးအတွက် ဆွေးနွေးအဆိုပြုထားတာ ဖြစ်ပါတယ်၊ နောက်ဆုံး ဘယ်အဆင့်ရောက်ပြီလဲဆိုတာ တွေ့ဆုံဆွေးနွေးခဲ့တဲ့ အကြိမ်တိုင်း အကြိမ်တိုင်းရဲ့ ရလဒ်တွေကို ကျွန်တော်တို့ အကဲဖြတ်ပါတယ်၊ ကျွန်တော်တို့ DPN နဲ့ ငြိမ်းချမ်းရေးကော်မရှင် ဆွေးနွေးနေတဲ့ကြားမှာလည်း UNFC အဆိုပြုချက် ကိုးချက် နောက်ဆုံးရောက်ရှိနေမှု အနေအထားကို အကဲဖြတ်ကြပါတယ်"ဟုအစည်းအဝေးအပြီးတွင် ဖြေကြားသည်။

ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) ၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီ (တိုးချဲ့) အစည်းအဝေးအပြီးတွင် သတင်းထုတ်ပြန်ချက်တစ်ခု ထုတ်ပြန်ခဲ့သည်။

သတင်းထုတ်ပြန်ချက်တွင် ညီညွတ်သောတိုင်းရင်းသား လူမျိုးများဖက်ဒရယ်ကောင်စီ(UNFC)၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီ (တိုးချဲ့) အစည်းအဝေးတွင် UNFC ၏ အထွေထွေလုပ်ငန်းစဉ်များကို လည်းကောင်း၊ လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်ကို လည်းကောင်း ပြန်လည်သုံးသပ်၍ ရှေ့လုပ်ငန်းစဉ်များကို ချမှတ်နိုင်ခဲ့ကြကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ (DPN) ၏ အဆိုပြုချက်ကိုးချက်ကို ငြိမ်းချမ်းရေးကော်မရှင် (PC) နှင့် ညှိနှိုင်းလျက်ရှိရာ နောက်ဆုံးကျန်ရှိသည့် အချက်များအပေါ် အဖြေရရှိရေး နှစ်ဖက်ထိပ်သီးခေါင်းဆောင်များ တွေ့ဆုံညှိနှိုင်းနိုင်ရန် အခြားနည်းလမ်းများကိုလည်း ဆက်လက်ရှာဖွေကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

UNFC အဖွဲ့ဝင် မွန်ပြည်သစ်ပါတီ (NMSP) အနေဖြင့် NCA စာချုပ်တွင် လက်မှတ်ရေးထိုးသွားမည်ဆိုသည့် ကိစ္စနှင့်ပတ်သက်၍ ဦးထွန်းဇော်က "မွန်ပြည်သစ်ပါတီ (NMSP)ရဲ့ ဗဟိုကော်မတီမှာတော့ NCA ထိုးမယ်ဆိုတဲ့ ဆုံးဖြတ်ချက်ရှိတယ်၊ အကောင်အထည်ဖော်တဲ့နေရာမှာတော့ ဘယ်ရက်အတွင်းမှာ လုပ်သွားမယ်ဆိုပြီး တိတိကျကျ ပြောတာတော့ မရှိပါဘူး၊ NMSP အနေနဲ့ NCA ထိုးဖို့ အတူတူသွားမယ်လို့ တင်ပြပါတယ်၊ မွန်ပြည်သစ်ပါတီဟာ UNFC ရဲ့ အဖွဲ့အစည်းတစ်ခု ဖြစ်ပါတယ်၊ ဒါကြောင့် UNFC ရဲ့ အခြေခံအောက်ကနေ ကြိုးပမ်းဆောင်ရွက်ဖို့ သဘောထား မှတ်ချက်ပေးပါတယ်၊ သူတို့ရဲ့သဘောထားက NCA လက်မှတ်ထိုးဖို့ရှိတယ်ဆိုတာကိုတော့ တင်ပြတာပေါ့" ဟု ပြောသည်။

နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (DPN) သည် ငြိမ်းချမ်းရေးကောင်စီ (PC) နှင့် NCA စာချုပ်တွင် လက်မှတ်ရေးထိုးနိုင်ရေးအတွက် UNFC မှ တောင်းဆိုထားသည့် အချက်ကိုးချက်ကို ညှိနှိုင်းခဲ့သည်မှာ ၁၇ လကျော် ကြာမြင့်ခဲ့ပြီဖြစ်သည်။ ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) သည် NCA လက်မှတ်ရေးထိုးနိုင်ရန် တောင်းဆိုထားသည့် အချက်ကိုးချက်အနက် ကျန်ရှိနေသည့် အချက်များ ကျော်လွှားနိုင်ရန် နှစ်ဖက်ထိပ်သီးခေါင်းဆောင်များ တွေ့ဆုံ၍ အဖြေရှာရန် လိုလားလျက်ရှိသည်။

**သတင်း-ရဲခေါင်ညွန့်၊**
**ဓာတ်ပုံ-အောင်အောင်(ချင်းမိုင်)**

## မှူခင်းပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေး

**ရွှေတောင် ဇန်နဝါရီ ၈**

ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ဒုရဲအုပ် အောင်ဇင်မင်း ဦးစီးသော မှုခင်းပညာပေးပြခန်းယာဉ်သည် ပြည်သူလူထုနှင့် ကျောင်းသား ကျောင်းသူများအား ထိရောက်သော မှုခင်းအသိပညာများ ရရှိစေရန် ရည်ရွယ်၍ ရွှေတောင်မြို့နယ် ဒုတိယ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကျော်ကျော်နှင့် ရွှေတောင်မြို့နယ် မြို့မရဲစခန်းမှူး ဒုရဲမှူး တင်မျိုးဝင်းတို့ပါဝင်သောအဖွဲ့သည် ဇန်နဝါရီ ၂ ရက် နံနက် ၈ နာရီက ရွှေတောင် မြို့နယ် ထန်းကုန်းကျေးရွာ ထန်းကုန်း အထက(ခွဲ)ကျောင်းရှေ့၌ မှုခင်းကြိုတင်ကာကွယ်ရေး၊ လူကုန်ကူးမှုအန္တရာယ်၊ မူးယစ်ဆေးဝါးအန္တရာယ်၊ ယာဉ်စည်းကမ်း လမ်းစည်းလမ်းကမ်း ဆိုင်ရာများ၊ အသိပညာပေးမှတ်တမ်းပုံများ၊ ပိုစတာများကို ပညာပေးပြခန်း ယာဉ်ဖြင့်ပြသခဲ့ရာ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူနှင့် ပြည်သူ စုစုပေါင်း ၅၈၃ ဦး ကြည့်ရှုကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## ကျန်းမာရေးအသိပညာပေး Mobile Application (အချစ်ပုဆ္ဆာဘဝအဖြေရှာ)မိတ်ဆက်

**လှိုင်ကော် ဇန်နဝါရီ ၈**

ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ UNFPA ၏ အထောက်အပံ့ဖြင့် ပြည်သူလူထုအတွင်း ကျန်းမာရေးအသိပညာ မြင့်မားတိုးတက်လာစေရန်နှင့် လူငယ်ထုအတွင်း လိုအပ်လျက်ရှိသော ကျန်းမာရေးသတင်းအချက်အလက်များကို မှန်ကန်စွာရရှိနိုင်စေရန် ရည်ရွယ်၍ ကျန်းမာရေးအသိပညာပေး Mobile Application (အချစ်ပုဆ္ဆာဘဝအဖြေရှာ)မိတ်ဆက်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၈ ရက် နံနက် ၉ နာရီခွဲတွင် လှိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်ဋ္ဌေးက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အနေဖြင့် ဆယ်ကျော်သက် လူငယ်များအတွက် ကျောင်းကျန်းမာရေး၊ ကျောင်းပြင်ပလူငယ်များကျန်းမာရေး၊ ဆယ်ကျော်သက်မျိုးဆက်ပွားကျန်းမာရေးစသည့် စီမံချက်များရေးဆွဲကာ အထူးသဖြင့် မျိုးဆက်ပွားကျန်းမာရေးကို ဦးစားပေးအနေဖြင့် လိင်မှုဆိုင်ရာ မျိုးဆက်ပွားကျန်းမာရေးနှင့် အခွင့်အရေးဆိုင်ရာ မူဝါဒကို စတင်ရေးဆွဲလျက်ရှိပြီး မူဝါဒဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများသာမက ပြည်သူလူထုအတွင်း ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီရရှိစေရန် အမျိုးသားကျန်းမာရေးစီမံကိန်း ၂၀၁၇-၂၀၁၈ ကိုချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ လူငယ်လူရွယ်များ ကျန်းမာရေး အသိပညာမြှင့်တင်ရန် မှန်ကန်သော ကျန်းမာရေးသတင်းအချက်အလက်များ ရရှိစေရန် ရည်ရွယ်၍ Mobile Application ကို မိတ်ဆက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာဖြူဖြူအေးက Mobile Application အကြောင်း ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများက ခင်းကျင်းပြသထားသော Mobile Application နှင့် ဆက်စပ်သော ပြခန်းငယ်များကို ကြည့်ရှုကြကြောင်း သိရသည်။ အဆိုပါ Mobile Application သည် အခန်းရှစ်ခန်းပါဝင်ပြီး သက်ဆိုင်ရာပညာရှင်များ၏ ဘာသာရပ်ဆိုင်ရာ အချက်အလက်များ၊ လူငယ်များ၏ အကြံဉာဏ်များကို ထည့်သွင်းကာ ပူးပေါင်းရေးဆွဲထားပြီး ယင်း Application ကိုလူငယ်များအကြား ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုကြစေရန် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အသိပေးရှင်းလင်းပွဲ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# (၆၆) နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်ပွဲတော် တစ်ခါတစ်ခေါက် လာရောက်နွှဲပျော်

**မောင်တင်လှိုင် (ဟိုတယ် / ခရီး)**

နှစ်စဉ်ကျင်းပမြဲဖြစ်သည့် (၆၆) နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်ပွဲတော်ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့မှ ၁၉ ရက်နေ့အထိ ၁၀ ရက်တိုင်တိုင် လွိုင်ကော်မြို့ ကန္တရဝတီ ပွဲတော်ကွင်း၌ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကပြိုင်ပွဲများ၊ နိုင်ငံကျော် အနုပညာရှင်များပါဝင်သည့် စတိတ်ရှိုးပွဲ၊ အငြိမ့်ပွဲ၊ ကန္တရဝတီအလှမယ်ပြိုင်ပွဲများ၊ ဇာတ်သဘင်ပွဲများ၊ စက်ဘီးစီး ပြိုင်ပွဲများ၊ မီနီမာရသွန်ပြိုင်ပွဲ၊ ဘောလုံးပြိုင်ပွဲများ၊ ဗဟိုပြခန်း၊ ဌာနဆိုင်ရာနှင့် အရပ်ဘက်ပြခန်းများ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု အကပြိုင်ပွဲများ၊ ထိုင်းကုန်စည်ပြပွဲများ၊ အရောင်း ပြခန်းများနှင့် အခြားအားကစားနည်းမျိုးစုံပြိုင်ပွဲ ၂၀ မျိုး ထည့်သွင်းပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်ပေသည်။

ကယားပြည်နယ်နေ့သို့ရောက်တိုင်း ကယားအမျိုးသား တို့သည် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလက ကျင်းပခဲ့သော ပင်လုံ ညီလာခံကို အမှတ်ရ၊ သတိရကြပေတော့မည်။ တိုင်းရင်းသား သွေးစည်းညီညွတ်မှု၏ ရလဒ်ဖြစ်သော ပင်လုံစာချုပ်ကြီးကို အောင်မြင်စွာ ချုပ်ဆိုနိုင်ခဲ့ခြင်းကြောင့်ဖြစ်သည်။

**(၆၆) နှစ်မြောက် ကယားပြည်နယ်နေ့**

မြန်မာသက္ကရာဇ် ၁၃၁၃ ခုနှစ် ပြာသိုလပြည့်ကျော် ၄ ရက်၊ ခရစ်နှစ် ၁၉၅၂ ခုနှစ် ဇန်နဝါရီလ ၁၅ ရက် အင်္ဂါနေ့ နံနက် ၉ နာရီအချိန်က ကယားပြည်နယ် လွိုင်ကော်မြို့နာမကရဏ မင်္ဂလာပွဲတော်သဘင်ကို ကျင်းပခဲ့ရာ ယခု ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၅ရက်သည် (၆၆) နှစ်မြောက် ကယားပြည်နယ်နေ့ဖြစ်ပေသည်။ ထိုနေ့ကို စည်ကားသိုက်မြိုက်ခမ်းနားစွာ မင်္ဂလာရှိသည့် အခါကြီး၊ ရက်ကြီးအဖြစ် ကျင်းပတော့မည်ဖြစ်ပေသည်။

အတိတ်သမိုင်းကို ပြန်ကြည့်လျှင် တိုင်းတစ်ပါးနယ်ချဲ့ ဗြိတိသျှတို့လက်အောက်မှ လွတ်မြောက်၍ တိုင်းရင်းသား လူမျိုးများနေထိုင်ရာ တောင်တန်းဒေသများ အပါအဝင် တစ်နိုင်ငံလုံး၏ လွတ်လပ်ရေးအတွက် အမျိုးသားခေါင်းဆောင် ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဦးဆောင်မှုဖြင့် တိုင်းရင်းသား အားလုံးက တညီတညွတ်တည်း တောင်းဆိုတိုက်ပွဲဝင်ခဲ့သော နိုင်ငံရေးလှုပ်ရှားမှု အရှိန်အဟုန်ကြောင့် ကယားပြည်နယ် ခေါင်းဆောင်များ ဆောင်ရွက်ခဲ့သည့် အောင်ပွဲပင်ဖြစ်သည်။

**ကယားပြည်နယ်ခေါင်းဆောင်များ**

ကယားပြည်နယ်နေ့ အခမ်းအနားကို ကျင်းပနိုင်ခြင်းသည် ကယားပြည်နယ်ခေါင်းဆောင်ကြီးများ၊ တပ်မတော်သားများ နှင့်တကွ ကယားပြည်နယ်သူ၊ ပြည်နယ်သားများ၏ အသက်ကို ပဓာနမထား ရဲစွမ်းသတ္တိဖြင့် ညီညွတ်စွာ ကြိုးပမ်းဆောင်ရွက် ခဲ့ခြင်းများကြောင့်ဖြစ်ပေသည်။ ဝန်ကြီးစပ်ဝဏ္ဏ၊ စောဖျာ စပ်ငယ်ထူး၊ မဟာသရေစည်သူဦးစိန်၊ စောဖျာစပ်လဝီ၊ သိုင်းဘဟန်၊ သီရိပျံချီ ဦးအေးမြလေး၊ ဝဏ္ဏကျော်ထင် ဗိုလ်ကြီး သန်းတင်၊ စည်သူဦးမြတ်စိုး၊ ဦးဘူးရယ်၊ ဦးလွိုဇီ၊ သီဟဗလ ဗိုလ်ပျံသူ တို့သည် ရှေ့ဆောင်လမ်းပြ ခေါင်းဆောင်ကြီးများ ဖြစ်ကြပေသည်။

မိမိတို့ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နေ့မအား၊ ညမနား ကြိုးပမ်းဆောင်ရွက်လုပ်ကိုင်လာကြသည်။ ကယား ပြည်နယ်သူ၊ ပြည်နယ်သားတို့သည် ကယားပြည်နယ် တည်တံ့ ခိုင်မြဲရေး၊ ကယားလူမျိုး မတိမ်ကော မပပျောက်ရေးနှင့် ကယားပြည်နယ် စည်ပင်သာယာရေးတို့ကို အစွမ်းကုန်ကြိုးစား ဆောင်ရွက်ရန် အဓိဋ္ဌာန်ပြုခဲ့သည်ဖြစ်ပေရာ ထိုအဓိဋ္ဌာန်ပြု သည့်အတိုင်း အားလုံးအောင်မြင်ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက် ခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်ပေသည်။

လှပသန့်ရှင်း မြို့ရှုခင်းနှင့် ဖွံ့ဖြိုးမှုစုံလင်လှသော ကယား ပြည်နယ်ဖြစ်ပေသည်။ ကယားပြည်နယ်မှ မြန်မာပြည်အနှံ့ သွားလာနိုင်ကြပေသည်။ ကန္တရဝတီ ငွေတောင်ပြည်၏ မြို့ဖြစ်သော လွိုင်ကော်မြို့သည် သေးငယ်သော်လည်း လှပ ခံ့ညားလှသည်။



**ကယားပြည်နယ်အမှတ်တံဆိပ် စေတီတော်များ**

ကယားပြည်နယ်တွင် လွိုင်ကော်မြို့သည် တောင်ပေါ် အပန်းဖြေမြို့လေးဖြစ်ခဲ့သော်လည်း ဘာသာသာသနာ စတင် ထွန်းကားခဲ့သည်။ ဘုရားပုထိုးစေတီ၊ ကျောင်းကန်ဇရပ်များ စသည့် သာသနာ့အမွေအနှစ်များလည်းရှိသည်။ မင်္ဂလာသီရိ တောင်ကွဲစေတီတော်နှင့် ရွှေတောင်စေတီတော်တို့မှာ ကယား ပြည်နယ်၏ အမှတ်တံဆိပ် မြို့ကျက်သရေဆောင်စေတီများ ဖြစ်သည်။ တောင်တံတိုင်းများ ကာရံထားသော အလယ်တွင် တည်ရှိသည့် မြို့ကလေးကို တောင်ကွဲစေတီတော်ပေါ်မှ ကြည့်ရှု လျှင် တစ်မြို့လုံးကို ခြုံငုံမြင်ရသည့် မြင်ကွင်းအဖုံဖုံကို တွေ့မြင် ရသည်မှာ အလွန်ကျက်သရေရှိပြီး သာယာသောရှုခင်းများ၊ သန့်ရှင်းသပ်ရပ်သောလမ်းများ၊ စနစ်တကျ ဆောက်လုပ်ထား သော အိမ်များကို တွေ့မြင်ရသည်မှာ များစွာစံပြု အတုယူဖွယ် ဖြစ်သည်။

> **“ကယားပြည်နယ်တွင် လွိုင်ကော်မြို့သည် တောင်ပေါ်အပန်းဖြေမြို့လေးဖြစ်ခဲ့သော်လည်း ဘာသာသာသနာ စတင်ထွန်းကားခဲ့သည်၊ ဘုရားပုထိုးစေတီ၊ ကျောင်းကန်ဇရပ်များ စသည့် သာသနာ့အမွေအနှစ်များလည်း ရှိသည်၊ မင်္ဂလာသီရိတောင်ကွဲစေတီတော်နှင့် ရွှေတောင်စေတီတော်တို့မှာ ကယားပြည်နယ်၏ အမှတ်တံဆိပ် မြို့ကျက်သရေဆောင်စေတီများဖြစ်”**

**ဒွေးမယ်နော် ငွေတောင်ပြည် ပြန်ခန်းဇာတ်လမ်းဖြင့် ကျော်ကြားခဲ့သော ပြည်နယ်**

ပင်လယ်ရေမျက်နှာပြင်မှ ပေ ၂၉၅၀ တွင် တည်ရှိနေသော တောင်ပေါ်မြို့လေးဖြစ်သည့် လွိုင်ကော်မြို့တွင် သဘာဝ ရေတံခွန်စခန်းနှင့် သဘာဝရေကန်များလည်း တည်ရှိသည်။ လွိုင်ကော်မြို့တောင်ဘက် ၁၄ မိုင်ခန့်အကွာတွင် တည်ရှိသော သဘာဝရေကန်များမှာ ဒွေးမယ်နော် ငွေတောင်ပြည်သို့ ပြန်ခန်းဇာတ်လမ်း၌ ပါရှိသည့် ငွေတောင်ပြည်ဘုရင်၏ အငယ်ဆုံးသမီးတော် ဒွေးမယ်နော်နှင့် ကိန္နရီညီအစ်မ ခုနစ်ဖော်တို့ ရေကစားရာ ရေကန်ဟု ကယားလူမျိုးတို့က ယုံကြည်ကြသည်။ မြန်မာနိုင်ငံကို လျှပ်စစ်အလင်းရောင် ပေးနေ သော ဘီလူးချောင်း ရေအားလျှပ်စစ်စီမံကိန်းစက်ရုံကြီး တည်ရှိရာ လောပိတတောင်ပေါ်စခန်းမြို့လေးလည်း ရှိသည်ကို လေ့လာနိုင်သည်။

ရှမ်းပြည်နယ် အင်းလေးကန်မှ စီးဆင်းလာသော ဘီလူး ချောင်း၊ ငွေတောင်ဆည်နှင့် ရှမ်းပြည်နယ်နှင့် ကယားပြည်နယ် အစပ်ရှိ ဖယ်ခုံအင်းကြီးများကြောင့် ရာသီမရွေး သုံးရေ၊ သောက်ရေ ပြတ်လပ်ခြင်းမရှိ၊ ရေကလည်း သန့်ရှင်းကြည်လင် သဖြင့် ကျန်းမာရေးကို များစွာ အထောက်အပံ့ဖြစ်စေခဲ့သည်။ သို့ဖြစ်ရာ လွိုင်ကော်မြို့သည် အခြားသော ကုန်းမြေဒေသများ ကဲ့သို့ ရေရရှိမှုအခက်အခဲနှင့် ကြုံတွေ့ရမှုမရှိပေ။

ကယားသဇင်ပန်းတို့ဖြင့် အလှဆင်ထားသကဲ့သို့ ပန်းပေါင်းစုံတို့ ဖူးပွင့်ပေါက်ရောက်နေကြသည်ကလည်း အလှ ကို အယဉ်ဆင့်စေသည်။ ကယားလူမျိုးတို့သည် ကျန်းမာ ရေးနှင့် ညီညွတ်လှပနေသည့် မြို့တစ်မြို့ပေါ်တွင် နေထိုင်ရပြီး ရိုးသားသော ကယားလူမျိုးများဖြစ်သည့် ချစ်စရာခလေ့ စရိုက်များရှိသော ကယားလူမျိုးများကို ကယားပြည်နယ်သို့ ရောက်ရှိချိန်တွင် တွေ့မြင်ရမည်ကား အမှန်ပင်ဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေးများမှာလည်း များစွာတိုးတက်နေ သည်။ မော်တော်ကား၊ မီးရထား၊ လေယာဉ်ပျံများဖြင့် လည်းကောင်း၊ အလွယ်တကူ အချိန်အခါမရွေး သွားလာ နိုင်သည့်အတွက် ကုန်စည်စီးဆင်းမှု မြန်ဆန်စွာ ရောက်ရှိ နိုင်ခြင်းကြောင့် ကုန်ဈေးနှုန်းများသက်သာပြီး အစစအရာရာ ဖွံ့ဖြိုးတိုးတက်လျက်ရှိနေကြသည်ကို လေ့လာနိုင်ပေ သည်။

**ပြည်တွင်း၊ ပြည်ပ ရန်စွယ်အန္တရာယ်ကို တွန်းလှန်**

စံပြအတုယူစရာကောင်းလှသော ကယားလူမျိုးများ၏ ခေါင်းဆောင်ကြီးများသည် ဇွဲသတ္တိကြီးမားစွာဖြင့် ကယား ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးကို ကိုယ်လက်အင်္ဂါနှင့် အသက် စွန့်ကာ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။

ပြည်တွင်းသောင်းကျန်းသူများကို လည်းကောင်း၊ ၁၉၅၃ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက် နံနက် ၂ နာရီအချိန်တွင် ပြည်ပ ကျူးကျော်သူ တရုတ်ဖြူတို့အားလည်းကောင်း သက်စွန့်ဆံဖျား တိုက်ထုတ်လိုက်ခြင်းဖြင့် ကယားပြည်နယ်တည်တံ့ခိုင်မြဲရေး ကို အစွမ်းကုန် ကြိုးစားဆောင်ရွက်ခဲ့သည့် သာဓကများ ရှိခဲ့ပေသည်။

**လွိုင်ကော်မြို့**

မြန်မာသက္ကရာဇ် ၁၂၀၀ ပြည့်နှစ်တွင် ဦးသီရိအမည်ရှိသော ဉာဏ်ပညာအမြော်အမြင်နှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်ကြီးသည် နေရာဒေသအချက်ကျကျ ကောင်းမွန်ပုံကို တွေ့မြင်သိရှိသည့် အလျောက် လွိုင်ကော်မြို့ကို ဂုဏ်အင်္ဂါနှင့် ညီညွတ်အောင်စီမံ၍ ပန္နက်ချကာ စတင်တည်ထောင်ခဲ့ပေသည်။ ထိုစဉ်အခါက မြို့တည်ဆောက်သူ ဦးသီရိ၏အမည်ကို အစွဲပြုကာ “ဆီရိဒေါ” ဟူ၍ ခေါ်တွင်ခဲ့သည်။ ကယားဘာသာစကားဖြင့် “သီရိ” ကို “ဆီရိ”ဟူ၍လည်းကောင်း၊ မြို့ကို “ဒေါ” ဟူ၍ လည်းကောင်း ခေါ်ဆိုသည်ဖြစ်ရာ “ဆီရိဒေါ” မှာ ဦးသီရိတည်ထောင်သော မြို့ (သို့မဟုတ်) “သီရိမြို့” ဟူ၍ အဓိပ္ပာယ်ရသည်။

ထို့နောက် ရှမ်းလူမျိုးများ ဝင်ရောက်နေထိုင်ကြသော အခါတွင် ဘီလူးချောင်းဘေး၌ တစ်သီးတခြား တည်ရှိသော ရွှေတောင်ကို အစွဲပြုကာ “လွိုင်ခေါ်” ဟု ခေါ်ဆိုကြ၏။ ရှမ်းဘာသာစကားဖြင့် “လွိုင်” မှာ “တောင်” ဖြစ်၍ “ခေါ်” မှာ “သီးခြားတည်ရှိခြင်း” ဟု ခေါ်ဆိုသည်။ တစ်ဖန် ကာလ ရွေ့လျားလာသောအခါ ရှမ်းအသံထွက် “လွိုင်ခေါ်”မှ မြန်မာ အသံဖြစ်သော “လွိုင်ကော်” သို့ ပြောင်းလဲခေါ်တွင်ခဲ့ရာ ယနေ့ တိုင်ပင်ဖြစ်ပေသည်။

**သယံဇာတထွက်သော ပြည်နယ်**

ကယားပြည်နယ်ထွက် ကျွန်းသစ်သည် အထူးကျော်ကြား လှသည်။ မြေအောက်သတ္တုပစ္စည်းများဖြစ်သည့် သံ၊ သွပ်၊ ခဲမဖြူ၊ ခနောက်စိမ်းနှင့် အဖြိုက်နက် သတ္တုများလည်း ထွက်ရှိ သဖြင့် ပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးခဲ့ခြင်းဖြစ်သည်။ ဘီလူး ချောင်းမှ ရေအားဖြင့် လျှပ်စစ်ဓာတ်အားထုတ်ယူရေး စက်ရုံ ကြီးများကို ဆောက်လုပ်နိုင်ခဲ့သဖြင့် လျှပ်စစ်မီးများ ရရှိခဲ့ခြင်း ဖြစ်သည်။

**ဖားစည်သွန်းလုပ်ရာဌာနနှင့် နာမည်ကျော် ငွေတောင်လွယ်အိတ်များ**

ကယားလူမျိုးတို့သည် မိမိတို့လူမျိုးကို အထူးချစ်ခင်မြတ်နိုး ကြသူများဖြစ်သည်။ မျိုးရိုးစဉ်ဆက် ဘိုးဘွားမိဘ၊ အမွေအနှစ် များကိုလည်း ထိန်းသိမ်းစောင့်ရှောက်တတ်သူများဖြစ်သည်။ မိမိတို့ပြည်နယ်နှင့် မိမိတို့လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစွမ်းကုန်ဆောင်ရွက်တတ်သူများလည်း ဖြစ်ကြသည်။ ဧည့်သည်များကိုလည်း ဧည့်ဝတ်ကျေပွန်ပျူငှာစွာ ဆက်ဆံ တတ်ကြသည်။ ကယားလူမျိုးတို့ အထွတ်အမြတ်ထားသော “ဖားစည်” သွန်းလုပ်ရာဌာနနှင့် နာမည်ကျော် ငွေတောင် လွယ်အိတ်များ ရက်လုပ်ရာဌာနဖြစ်သဖြင့် အနုပညာသည်များ စုဝေးရာ မြို့တစ်မြို့ဖြစ်သည်။ ကယားအမျိုးသားတို့ ယုံကြည် ချက်အရ နက္ခတ်တာရာအပေါင်းစုဝေးရာ ငွေတောင်ကို အမှီ ပြု၍ ထင်ရှားသော မြို့တစ်မြို့ဖြစ်သည်။

တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ဖော်ဆောင်နေပြီး လှပသန့်ရှင်း မြို့ရှုခင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုလွှမ်းခြုံထားသော ကယားပြည်နယ်တွင် စည်ကားခမ်းနားစွာ ကျင်းပတော့မည့် (၆၆) နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်ပွဲတော် အခမ်းအနားကို သွားရောက်လေ့လာကြည့်ရှုစေလိုကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

## ရေပူရိုးတံတားတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး

**မင်းဘူး ဇန်နဝါရီ ၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး (စကု) မြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒေသခံကျေးလက်နေပြည်သူများ သွားလာအသုံးပြုလျက်ရှိသည့် ရေပူရိုးတံတား အရှည်ပေ ၁၂၀ အား ရာသီမရွေး သွားလာမှုအဆင်ပြေစေရေးအတွက် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာ နှစ် ခွင့်ပြုရန်ပုံငွေ ၁၄၄ သန်းဖြင့် ဆောင်ရွက်ခဲ့ရာ ရာနှုန်းပြည့်ပြီးစီးသွားပြီ ဖြစ်ကြောင်း သိရသည်။

အဆိုပါ တံတားတည်ဆောက်ပြီးစီးမှုလုပ်ငန်းများအား ဇန်နဝါရီ ၇ ရက်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) မှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးနိုင်အောင် လာရောက်ပြီး ကွင်းဆင်းကြည့်ရှု စစ်ဆေးရာ တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းထိုက်ဇော်နှင့် တာဝန်ရှိသူတို့က ရေပူရိုးတံတား တည်ဆောက်ခဲ့မှုနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ ကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြခဲ့ကြသည်။ ယခုအခါ အဆိုပါ ရေပူရိုး တံတား အရှည် ပေ ၁၂၀ တည်ဆောက်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးသွားပြီဖြစ်သဖြင့် မင်းဘူး (စကု) မြို့နယ်နှင့် ပွင့်ဖြူမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၁၄ ရွာမှ ဒေသခံကျေးလက်နေပြည်သူများအနေဖြင့် ကုန်စည်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ အဆင်ပြေစွာ လုပ်ကိုင် ဆောင်ရွက်ခွင့်များရရှိပြီး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**



# ရခိုင်ပြည်နယ်သတင်းများ

## လုံခြုံရေးတပ်ဖွဲ့ကို ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့က တိုက်ခိုက်မှုနှင့်ပတ်သက်၍ အမေရိကန်သံရုံးက ကြေညာချက်တစ်စောင်ထုတ်ပြန်

**နေပြည်တော် ဇန်နဝါရီ ၈**

ရခိုင်ပြည်နယ် မောင်တောဒေသ၌ ဇန်နဝါရီ ၅ ရက်က လုံခြုံရေးတပ်ဖွဲ့ကို ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့က တိုက်ခိုက်မှုနှင့် ပတ်သက်၍ အမေရိကန် သံရုံးက ယနေ့ရက်စွဲဖြင့် ကြေညာချက်တစ်စောင် ထုတ်ပြန်လိုက်ကြောင်း သိရသည်။

အဆိုပါ ကြေညာချက်တွင် ရခိုင်ပြည်နယ် မြောက်ပိုင်းအတွင်း လုံခြုံရေးတပ်ဖွဲ့ကို ARSA က တိုက်ခိုက်မှုအပေါ် မိမိတို့ရှုတ်ချပါကြောင်း၊ ယင်းတိုက်ခိုက်ခံရမှုကြောင့် ဒဏ်ရာရရှိသွားကြသူများ၊ ၎င်းတို့၏ မိသားစုဝင်များနှင့်ထပ်တူ စိတ်မကောင်းဖြစ်မိကြောင်း၊ အကြမ်းဖက်လုပ်ရပ်သည် ရခိုင်ပြည်နယ်နှင့် ဒေသတွင်း ငြိမ်းချမ်းရေးနှင့် လုံခြုံရေးပိုမိုအားနည်းမှုကိုသာ ဖြစ်ပေါ်စေကြောင်း၊ ပါဝင်ပတ်သက်သူ အားလုံးတို့၏ ပြောဆိုဆောင်ရွက်မှုများမှာ အကြမ်းဖက်မှုများကြောင့် နေရပ်စွန့်ခွာ တိမ်းရှောင်နေကြသူများ၊ ၎င်းတို့၏ မူရင်းအရပ်ဒေသများသို့ လုံလုံခြုံခြုံနှင့် ၎င်းတို့၏ သဘောဆန္ဒအလျောက် ဂုဏ်သိက္ခာရှိစွာ ပြန်လာနိုင်သော အခြေအနေကို တည်ဆောက်နိုင်ရေးအတွက် ဖြစ်စေလိုကြောင်းနှင့် မိမိတို့အနေဖြင့် ဆက်လက်တိုက်တွန်းပါကြောင်း ဖော်ပြထားသည်။

ဖြစ်စဉ်မှာ တောင်ပြိုမှ မောင်တောမြို့သို့ ဆေးရုံတက်ရောက်ရမည့် လူနာအား သယ်ဆောင်လာသည့် ယာဉ်တစ်စီးကို ဇန်နဝါရီ ၅ ရက် နံနက် ၁၀ နာရီ ၁၀ မိနစ်ခန့်က ကျွန်းပေါက်ပြုစုရွာနှင့် တရိန်း(မြို)ရွာအကြား တောင်ကုန်းပေါ်မှ ARSA အစွန်းရောက်အကြမ်းဖက်သမား ၂၀ ခန့်က လက်လုပ်မိုင်း၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး တိုက်ခိုက်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် နှစ်ဦး၊ အရပ်သားတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**

## နိုင်ငံအတွင်း ပြန်လည်ဝင်ရောက်လာသူများအား စနစ်တကျ လက်ခံနိုင်ရေး အဆင်သင့်ဖြစ်နိုင်ရန် ဆောင်ရွက်နေသည့် ကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးအား မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံအမတ်ကြီး H.E Mr. Mohammad Suffiur Rahman က ယနေ့ မွန်းလွဲပိုင်းတွင် အဆိုပါ ဝန်ကြီးရုံး၊ မေခလာခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံအတွင်းပြန်လည်ဝင်ရောက်လာသူများအား စနစ်တကျလက်ခံနိုင်ရေး အဆင်သင့်ဖြစ်နိုင်ရန် ဆောင်ရွက်နေသည့် ကိစ္စရပ်များ၊ ဂျပန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ ကူညီမှုဖြင့် Modular House များ တည်ဆောက်မည့်ကိစ္စများ၊ ၂၀၁၂ ခုနှစ် နောက်ပိုင်း ပေါ်ပေါက်လာသော နေရပ်စွန့်ခွာသူများ နေထိုင်ရာ ကယ်ဆယ်ရေးစခန်းများ အနက် ကျောက်ဖြူ၊ ရမ်းဗြဲနှင့် ပေါက်တော ကြိမ်နီပြင်စခန်းသုံးခု ပိတ်သိမ်းပြီးစီးမှု၊ ယခုအခါ စစ်တွေ၊ သက္ကေပြင်နှင့် မြေပုံမြို့ရှိ ကယ်ဆယ်ရေးစခန်း ပိတ်သိမ်းနိုင်ရန် စခန်းခေါင်းဆောင်များ၊ စခန်းတွင် နေထိုင်သူများ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ တို့နှင့် ညှိနှိုင်းဆောင်ရွက်မှုများ၊ ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်သူများ လွတ်လပ်စွာ သွားလာခွင့်ရရှိရေးအတွက် ဥပဒေဆိုင်ရာ ကန့်သတ်ချက်များ လျှော့ချနိုင်ရေး၊ လူမှုရေးဆိုင်ရာ ကန့်သတ်ချက်များ လျှော့ချနိုင်ရေးတို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

> “ ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်သူများ လွတ်လပ်စွာ သွားလာခွင့်ရရှိရေးအတွက် ဥပဒေဆိုင်ရာ ကန့်သတ်ချက်များ လျှော့ချနိုင်ရေး၊ လူမှုရေးဆိုင်ရာ ကန့်သတ်ချက်များ လျှော့ချနိုင်ရေးတို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိ ”

**သတင်းစဉ်**



## ရခိုင်ပြည်နယ်ဝန်ကြီးချုပ် နယ်မြေလုံခြုံရေး၊ဒေသဖွံ့ဖြိုးရေး ကွင်းဆင်းကြည့်ရှုစစ်ဆေး



**မောင်တော ဇန်နဝါရီ ၈**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် လူမှုရေးဝန်ကြီးဒေါက်တာ ချမ်းသာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်နှင့် ပြည်နယ်အဆင့်၊ မောင်တောခရိုင် အဆင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက မောင်တောမြို့နယ်ရှိ ကျေးရွာများနှင့် ရဲစခန်းများသို့ သွားရောက်ကာဒေသတည်ငြိမ်အေးချမ်းရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ (ဓါတ်ပုံ)

ရှေးဦးစွာ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မောရဝတီကျေးရွာရှိ ရိတ်သိမ်းခြွေလှေ့ထားသော စပါးများ ဝယ်ယူသူများထံ အမြန်ဆုံးရောင်းချနိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် သဘော်ကွေ့ရှိဒေသခံ တိုင်းရင်းသားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ အားပေးစကား ပြောကြားသည်။ ယင်းနောက် အင်းဒင်ကျေးရွာသို့ ရောက်ရှိကာ နယ်မြေလုံခြုံရေး၊ ဒေသတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများအား မှာကြားသည်။

ထိုမှတစ်ဆင့် UEHRD အစီအစဉ်ဖြင့် ဖောက်လုပ်လျက်ရှိသော အင့္ဂမော်-မောင်တော လမ်းပိုင်းကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့သည် သဝန်ချောင်း ရဲစခန်းနှင့် ကိုးတန်ကောက်ရဲစခန်းများ၊ ကိုးတန်ကောက်ကျေးရွာရှိ ဆောက်လုပ်နေသော နေအိမ်များကို ကြည့်ရှုပြီး ဒေသခံပြည်သူများအား အားပေးစကားပြောကြားကာ အင့္ဂမော်မှတစ်ဆင့် စစ်တွေမြို့သို့ ပြန်လည်ထွက်ခွာသွားသည်။

**နေဝင်းထွန်း၊ ဇေယျ**
**ဓာတ်ပုံ-မြင့်မောင်**

## မော်လမြိုင်မြို့၌ မြန်မာ-တရုတ်ချစ်ကြည်ရေး စာသင်ကျောင်းဆောင်သစ်ဖွင့်

**မော်လမြိုင် ဇန်နဝါရီ ၈**

မွန်ပြည်နယ် မော်လမြိုင်မြို့သီရိမြိုင်ရပ်ကွက် ရွှေလမ်းမနှင့် ၁၁ လမ်းထောင့်ရှိ အမှတ် ၁၁ အခြေခံပညာအထက်တန်းကျောင်း၌ ဇန်နဝါရီ ၈ ရက်က မြန်မာ-တရုတ်ချစ်ကြည်ရေး စာသင်ကျောင်းဆောင်သစ်ဖွင့်ပွဲ ပြုလုပ်ရာ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာထိန်လင်း၊ ခရိုင်ပညာရေးမှူး ဒေါ်သန်းသန်းအေးနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်စစ်သံမှူး Mr. He Wei Chan တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးသည်။

ယင်းနောက် ကျောင်းဆောင်သစ်အဆောက်အအုံ၏ စာရွက်စာတမ်းများအား တရုတ်စစ်သံမှူးက တာဝန်ရှိသူထံသို့ ပေးအပ်ပြီး အထက(၁၁) ကျောင်းသားကျောင်းသူများအား ထောက်ပံ့အလှူငွေကျပ် သိန်း ၁၀၀ အား တရုတ်စစ်သံမှူးက ကျောင်းအုပ်ဆရာကြီး ဦးအောင်ကျော်စိုးထံသို့ ပေးအပ်ကာ ကျောင်းအုပ်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အဆိုပါ ကျောင်းဆောင်သစ်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အကုန်အကျခံ၍ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတွင် Royal International ဆောက်လုပ်ရေး ကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့ကြောင်း၊ အလျား ပေ ၁၂၀၊ အနံ ပေ ၃၀၊ RC နှစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး စာသင်ခန်း ရှစ်ခန်းပါဝင်ကြောင်း၊ တန်ဖိုးငွေကျပ် သိန်း ၂၀၀၀ ကုန်ကျကြောင်း သိရသည်။

**တင်ထွဋ်(မော်လမြိုင်)**

## ချင်းပြည်နယ် မြို့တော် ဟားခါး၌ မြို့တွင်းလမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်

**ဟားခါး ဇန်နဝါရီ ၈**

ချင်းပြည်နယ်၌ ဟားခါးသည် ပြည်နယ်၏ မြို့တော်ဖြစ်သောကြောင့် မြို့တော်အင်္ဂါနှင့် ညီညွတ်စေရန် မြို့တွင်း မူလရိုးရိုးကတ္တရာလမ်းများကို တစ်ပြေးညီ နိုင်လွန်ကတ္တရာလမ်းများအဖြစ် အဆင့်မြှင့်တင်သွားရန် ပြည်နယ်အစိုးရအဖွဲ့က ဆုံးဖြတ်အကောင်အထည်ဖော် ဆောင်ရွက်ရေးကို ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းအထူးအဖွဲ့ ၁၀ အား တာဝန်ပေးထားသည်ဟု သိရသည်။

သို့ဖြစ်၍ လမ်းအထူးအဖွဲ့ ၁၀ သည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစ၍ ပြည်နယ် အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် ၂၆၀၈ ဒသမ ၅၀၀ သန်းဖြင့် ကလေး-ဖလမ်း-ဟားခါးကားလမ်းမှ ဟားခါးမြို့တွင်းအပိုင်း ၂ မိုင် ၄ ဖာလုံ နှင့် ဟားခါး-မတူပီသွားကားလမ်းမှ (ဟားခါးမြို့တွင်း) အပိုင်း ၄ ဖာလုံ စုစုပေါင်း သုံးမိုင်ကို



ယခုအခါ လူအား၊ စက်ယန္တရားအားတို့ဖြင့် နိုင်လွန်ကတ္တရာလမ်းများ ခင်းလျက်ရှိသည်။

ချင်းပြည်နယ်သည် အခြားပြည်နယ်တိုင်းဒေသများနှင့် ဆက်သွယ်သွားလာရန် လေကြောင်း လမ်း၊ ရေကြောင်း လမ်း၊ ရထားလမ်းများမရှိဘဲ ကားလမ်းတစ်လမ်းတည်းကိုသာ အားထားနေရသော ပြည်နယ်ဖြစ်ကြောင်း၊ တောင်ပေါ်ကားလမ်းများဖြစ်၍ မြေပြို၊ လမ်းပိတ်မှုများ အမြဲဖြစ်လေ့ရှိကြောင်း၊ ယခုအခါထို မြေပြိုလမ်းပိတ်လျှင် မိမိတို့ဆောက်လုပ်ရေးဝန်ကြီးဌာနအောက်မှ လမ်းဦးစီးနှင့် လမ်းအထူးအဖွဲ့များက ၂၄ နာရီအတွင်း သွားလာနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ဟားခါးမြို့တွင်းလမ်းများကို နိုင်လွန်ကတ္တရာ လမ်းဖြစ်ရမည်ဟု ပြည်နယ်အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်ကို မိမိတို့ အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း လမ်းအထူးအဖွဲ့ ၁၀ မှ တာဝန်ရှိ အင်ဂျင်နီယာတစ်ဦးက ပြောသည်။

ချင်းပြည်နယ်၏မြို့တော် ဟားခါး၌ မြို့တွင်းလမ်း စုစုပေါင်း ၁၄ မိုင်ကျော်ရှိရာ ထိုမြို့တွင်းလမ်းမိုင်အားလုံးကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း နိုင်လွန် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရမ်းစိုးမြင့်**

# တနင်္သာရီ(တံတားဟောင်း)၌ ယာဉ်များ အန္တရာယ်ကင်းရှင်းစွာ ဖြတ်သန်းသွားလာနိုင်ရေး မီးပွိုင့်တပ်ဆင်မည်

**တနင်္သာရီ ဇန်နဝါရီ ၈**

ရန်ကုန်-မော်လမြိုင်-မြိတ်-ကော့သောင်း သွားသည့် ပြည်ထောင်စုလမ်းမကြီးရှိ မြိတ်-တနင်္သာရီလမ်းအပိုင်း တနင်္သာရီ တံတား(ဟောင်း)၌ နေ့စဉ်ဖြတ်သန်း မောင်းနှင်နေကြသည့် မော်တော်ယာဉ် များ ဘေးအန္တရာယ်ကင်းရှင်းစွာ ဖြတ် သန်းသွားလာနိုင်ရေးအတွက် အဆိုပါ တံတား၏အောက်ကင်းဘက်ခြမ်းနှင့် တနင်္သာရီဘက်ခြမ်းတို့၌ မီးပွိုင့်များကို ရက်သတ္တပတ်အတွင်း တပ်ဆင်ထိန်း သိမ်းမှု ပြုလုပ်ပေးမည်ဖြစ်ကြောင်း တံတားတည်ဆောက်ရေး စီမံကိန်း ၄ မှ သတင်းရရှိသည်။

**အသစ်ပြန်လည်ပြုပြင်ပေး**

အဆိုပါ တနင်္သာရီတံတားသည် ဘေလီသံပေါင် တံတားတစ်စင်းဖြစ်ပြီး ယခုအခါ(ယာဉ်+ကုန်) ပေါင်း ၁၃ တန်သာ ဖြတ်သန်းသွားလာရန် ခွင့်ပြု ထားရှိသည်။ ယင်းတံတားပေါ်တွင် လမ်းညွှန်မှုအားနည်းခြင်း၊ မီးပွိုင့်မရှိ ခြင်းတို့ကြောင့် မော်တော်ယာဉ်များ မကြာခဏဆိုသလို မျက်နှာချင်းဆိုင် ဆုံတွေ့ကြကာ အငြင်းပွားမှုများနှင့် ယာဉ်တိုက်မှုများ ကြုံရသဖြင့် ယခု ကဲ့သို့ စီစဉ်ဆောင်ရွက်ပေးမည် ဖြစ် ကြောင်း၊ ထို့အပြင် လက်ရှိအနေအထား အရ တန်ပိုတင်ဆောင်လာသော မော်တော်ယာဉ်များကို ဖြတ်သန်း မောင်းနှင်ခွင့်မပြုဘဲ ကုန်တန်ချိန်များ ကို လျှော့ချပြီးမှသာ မောင်းနှင်ခွင့်ပြု ထားကြောင်း၊ ယင်းတံတား၏ ပျက်စီး နေသည့် ကြမ်းခင်းများကို အသစ် ပြန်လည်ပြုပြင်ပေးမည်ဖြစ်ပြီး ကြမ်းခင်း များ ပြုပြင်ပြီးစီးပါက (ကုန်+ယာဉ်) တန်ချိန် ၁၇၊ ၁၈ တန်ခန့်အထိ ဖြတ်သန်း သွားလာနိုင်မည်ဖြစ်ကြောင်း တံတား တည်ဆောက်ရေး စီမံကိန်း ၄ မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်း အောင်က ပြောကြားသည်။

**သတင်းနှင့် ဓာတ်ပုံ**
**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**



# မော်ကျွန်းတွင် ယမုန်နာလမ်း ရေတိုက်စားခံရပြီး အိမ်ခြေ ၁၉ လုံးရှိမြေများ ရေထဲသို့ပြိုကျ

**မော်လမြိုင်ကျွန်း ဇန်နဝါရီ ၈**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင် ကျွန်းမြို့သို့ ရေလမ်းမှအဝင် အနောက် ဘက် မြို့မျက်နှာစာ အမှတ် ၉ ရပ်ကွက် ယမုန်နာ တာလမ်းမကြီးတွင် ရေစီးကြမ်း သော အနောက်တုံးလုံချောင်းမြစ်ရေ နှစ်ပေါင်းများစွာ တိုက်စားမှုကြောင့် ပေ ၁၀၀၀ ကျော် ရှည်လျားသော ယမုန်နာ ကားလမ်းမကြီးတစ်ခုလုံး လမ်းပျောက်သွားပြီး ယမုန်နာလမ်းမ ကြီးအား မျက်နှာမူဆောက်လုပ်ထား သော လူနေအိမ်ခြေ ၂၉ လုံး ရေတိုက် စားခံရပြီး အိမ်ခြေ ၁၉ လုံး၌ အိမ် မြေများ ရေထဲသို့ ပြိုကျပါသွား ၍ နေအိမ်များကို ဖျက်သိမ်းခဲ့ကြရ သည်။



ယင်းအနောက် တုံးလုံချောင်းမြစ် နှင့် မြစ်ကြောင်းတစ်ဆက်တည်းရှိ သော စော်ကဲချောင်းမြစ်၊ ထီလေးသိမ် ချောင်းတို့သည် ဇွန်လမှ ဇန်နဝါရီအထိ မြစ်ရေတိုးကာ ရေစီးကြမ်းမှုကြောင့် ကျန်ရှိသော ယမုန်နာလမ်းရှိ အိမ်ခြေ ၁၀ လုံးသည်လည်း မြစ်ရေဆက်လက် တိုက်စား၍ အိမ်မြေများ ပြိုကျလျက် ရှိပြီး တစ်အိမ်နှင့်တစ်အိမ် နေ့၊ ည အကြောင်းကိစ္စရှိ၍ ကူးသန်းသွားလာ လိုလျှင် ကမ်းစပ်တွင် ဝါးတံတားထိုးပြီး သွားလာနေကြရသဖြင့် အချိန်မရွေး အန္တရာယ်ရှိနိုင်ကြောင်း သိရသည်။

အဆိုပါ မော်လမြိုင်ကျွန်းမြို့ အနောက်ဘက်ရှိ မြို့မျက်နှာစာ ယမုန်နာ လမ်းမကြီးနှင့် တောင်ဘက်မြို့မျက်နှာစာ ၁၅ လမ်းမကြီးတို့အား ကမ်းဆည်တည် ဆောက်ပေးခြင်းနှင့် မြို့မျက်နှာစာ မြို့ပတ်လမ်းများ ပြန်လည်ဖော်ထုတ် ပေးပါရန် ဒေသခံ မော်လမြိုင်ကျွန်း မြို့နယ် ပြည်သူများက လိုလားနေကြ ကြောင်း သိရသည်။

**မော်ကျွန်း-မြင့်အောင်**

# ဝမ်းတွင်းမြို့နယ်၌ တွေ့ရှိသည့် ရှေးဟောင်းအမွေအနှစ်များ အင်းဝခေတ်နှင့် ကုန်းဘောင်ခေတ်ဦးကြားမှ ဖြစ်နိုင်ကြောင်း ခန့်မှန်း

**ဝမ်းတွင်း ဇန်နဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် နဘဲကုန်းကျေးရွာအနီး စမုံမြစ်ရေ တိုက်စားမှုကြောင့် ပေါ်ထွက်လာသော အုတ်ရိုးတန်း၏ ထုထည်ပုံစံမှာ ပျူခေတ် အုတ်ချပ်အရွယ် မဟုတ်သောကြောင့် အင်းဝခေတ်နှင့် ကုန်းဘောင်ခေတ်ဦး ကြားမှ သာသနိက အဆောက်အအုံ ပန္နက်ပုံစံဖြစ်နိုင်ကြောင်း ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီး ဌာန(မန္တလေးဌာနခွဲ) မှ သိရသည်။

"သွားရောက် လေ့လာတဲ့အခါ အုတ်ချပ်အရွယ်တွေက စေတီအပေါ် ပိုင်းမှာ အသုံးပြုတဲ့ ဂုံးပုံသဏ္ဌာန်ဖော် သပ်အုတ်တွေ တွေ့ရတယ်။ အဲဒီ သပ်အုတ်တွေနဲ့ အောက်ခြေပန္နက်ပုံဖော် အုတ်ချပ်အရွယ်တွေက ပျူခေတ် အုတ်ချပ်အရွယ် မတွေ့ရဘူး။ ခန့်မှန်းတာ က အင်းဝခေတ်ကာလနဲ့ ကုန်းဘောင် ခေတ်ဦးထိ အသုံးပြုခဲ့တဲ့ အုတ်ချပ် အရွယ် အများဆုံးတွေ့ရလို့ အင်းဝခေတ် နဲ့ ကုန်းဘောင်ခေတ်ဦးကြား သာသနိက အဆောက်အအုံပုံစံ ဖြစ်နိုင်တယ်လို့ သုံးသပ်ပါတယ်"ဟု ယင်းဌာနမှ တာဝန် ရှိသူတစ်ဦးက ရှင်းပြသည်။

အဆိုပါဒေသတွင် စမုံမြစ်ရေတိုက် စားပြီး ကမ်းပြိုရာမှ ကမ်းပါးနံရံများတွင် အရိုးစုများကို စတင်တွေ့ရှိကာ အရိုးစု များအောက်၌ အုတ်ရိုးများ တွေ့ရ ကြောင်း၊ ယင်းအုတ်ချပ်များမှာ အလျား ၁ ပေ × အနံ ၈ လက်မခန့် စတုဂံပုံနှင့် အချွန်းပုံများ တွေ့ရကြောင်း ဒေသခံများ ထံမှ သိရသည်။

"စမုံမြစ်ရေတိုက်စားလို့ ပေါ်ထွက် လာတဲ့ အုတ်ရိုးတန်းနေရာက အရင်က ရွာဟောင်းကုန်းနေရာဖြစ်ပြီး စမုံမြစ် တောင်ဘက်ခြမ်းက စေတီတစ်ဆူ ပြိုကျ ပျက်စီးခဲ့တာရှိတယ်"ဟု ဒေသခံ နဘဲကုန်းရွာမှ ဦးစံရင်က ပြောသည်။

အဆိုပါဒေသတွင် ၂၀၁၇ ခုနှစ် နိုဝင် ဘာလက ရှေးဟောင်းအုတ်ရိုးများနှင့် အရိုးများတွေ့ရှိခဲ့ရာ ပျူခတ်မြို့ဟောင်း ခံတပ်များဖြစ်နိုင်သည်ဟု ခန့်မှန်းမှုများ ရှိခဲ့မှုကြောင့် ရှေးဟောင်းသုတေသန မှ တာဝန်ရှိသူများက ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၈ ရက်က သွားရောက်စစ်ဆေး ခဲ့ပြီးနောက် ယင်းကဲ့သို့ ခန်းမှန်းခဲ့ ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**





မြန်မာ့အားကစားလက်ရွေးစင်ဟောင်းများအသင်း လုပ်ငန်းညှိနှိုင်းစည်းဝေး ကျင်းပ နေစဉ်။

# နိုင်ငံတစ်ဝန်း မြန်မာ့အားကစားလက်ရွေးစင်ဟောင်းများ ယခုလ စတုတ္ထပတ်တွင် စုံညီတွေ့ဆုံမည်

**ရန်ကုန် ဇန်နဝါရီ ၈**

မြန်မာနိုင်ငံ၏ အားကစားလောကတွင် နိုင်ငံကိုယ်စားပြု ယှဉ်ပြိုင်ကစားခဲ့သော မြန်မာ့အားကစားသမား လက်ရွေးစင်ဟောင်းများ တတိယအကြိမ် တွေ့ဆုံပွဲကို ယခု ဇန်နဝါရီ ၂၈ ရက် (စတုတ္ထပတ်)ထဲတွင် ရန်ကုန်မြို့၌ ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာ့အားကစားလက်ရွေးစင်ဟောင်းများအသင်းမှ သိရသည်။

အဆိုပါ တတိယအကြိမ်မြောက် စုံညီတွေ့ဆုံပွဲနှင့်ပတ်သက်၍ ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏ မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတစ်ရပ်အနေဖြင့် ကျင်းပသည်။ အစည်းအဝေးတွင် စုံညီတွေ့ဆုံပွဲ၌ နိုင်ငံတစ်ဝန်းမှ အသင်းသားများစုံစုံညီညီ တက်ရောက်နိုင်ရေး၊ အားကစားသမား ဟောင်းကြီးများ ဖိတ်ကြားနိုင်ရေးနှင့် အသင်းမှ မဂ္ဂဇင်းစာအုပ်ထုတ်ဝေနိုင်မှု အခြေ အနေများကို အသေးစိတ်ဆွေးနွေးခဲ့ကြသည်။

ယနေ့ကျင်းပသော မြန်မာ့အားကစားလက်ရွေးစင်ဟောင်းများအသင်း လုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် အသင်းဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ဒုတိယဥက္ကဋ္ဌများနှင့် အသင်းအတွင်းရေးမှူး ဦးစိုးသိန်း၊ ဘဏ္ဍာရေးမှူးများ၊ အလုပ်အမှုဆောင်များ တက်ရောက်ကြပြီး ကဏ္ဍအလိုက် ဆောင်ရွက်ပြီးစီးမှုအခြေအနေများအား တင်ပြ ဆွေးနွေးကြကြောင်း သိရသည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

- အင်တာမီလန်အသင်းနှင့် ရီးရဲမက်ဒရစ်ကစားသမားဟောင်း ဝက်စ်လေ ရှနိုက်ဒါသည် ကာတာကလပ် အယ်လ်ဂါရာဇာအသင်းသို့ ပြောင်းရွှေ့ ရောက်ရှိသွားပြီဖြစ်ကြောင်း ဘီဘီစီ သတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။ နယ်သာလန်အသင်းအတွက် ပွဲအများဆုံး ကစားပေးထားသူ ရှနိုက်ဒါသည် အဆိုပါအသင်းနှင့်အတူ တစ်နှစ်နှင့် ခြောက်လသက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။
- လီဗာပူးအသင်းသည် ဘာစီလိုနာအသင်းသို့ စံချိန်တင်ပြောင်းရွှေ့ကြေး ဖြင့် ရောက်ရှိသွားသော ကော်တင်ဟို (၂၅နှစ်) ၏ နေရာအတွက် မိုနာကို အသင်းမှ ပြင်သစ်တိုက်စစ်မှူး သောမက်စ် လီမာ (၂၂ နှစ်) ဖြင့် အစားထိုး ရန်ဆန္ဒရှိနေကြောင်း မေရာ၏ ဖော်ပြချက်အရ သိရသည်။
- ရီးရဲမက်ဒရစ်အသင်းသည် ကော်တင်ဟိုအား ဘာစီလိုနာအသင်းသို့ ပေါင် ၁၄၂ သန်းဖြင့် သဘောတူညီမှုမရမီတွင် ပေါင် ၁၇၇ သန်းဖြင့် ကမ်းလှမ်း ရန်ဆန္ဒရှိခဲ့ကြောင်း စပိန်ဘက်မှလာသောသတင်းများတွင် ဖော်ပြထား သည်။
- ဘာရာဇီးတောင်ပံကစားသမား လူးကပ်စ်မော်ရာ (၂၅ နှစ်) သည် ယခုလ တွင် ပီအက်စ်ဂျီအသင်းမှ ထွက်ခွာလိုနေပြီး မန်ယူအသင်းသို့ ပြောင်းရွှေ့ ကစားရန် ဆန္ဒရှိနေကြောင်း ယူကေအခြေစိုက်သတင်းတစ်ရပ်၏ ဖော်ပြ ချက်အရ သိရသည်။
- ရှက်တာဒိုးနက်အသင်းမှ ဘာရာဇီးကွင်းလယ်ကစားသမား ဖရက် (၂၄နှစ်) သည် မန်စီးတီးအသင်းမန်နေဂျာ ဂွါဒီယိုလာ၏ ဖုန်းခေါ်ဆိုမှုကို စောင့်ဆိုင်း လျက်ရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။
- နယူးကာဆယ်အသင်းသည် ချယ်လ်ဆီးအသင်း၏ ဘာရာဇီးတောင်ပံ ကစားသမားတစ်ဦးဖြစ်သော ကနေဒီ (၂၁နှစ်) ၏ ပြောင်းရွှေ့မှုနှင့်ပတ်သက် ပြီး ပြီးမြောက်ရန် မျှော်လင့်နေလျက်ရှိကြောင်း သိရသည်။
- လက်စတာစီးတီးအသင်းသည် ပြင်သစ်လိဂ်တူးကလပ် အေဂျက်စီယို အသင်းတွင် ကစားလျက်ရှိသော အသက် ၂၂ နှစ်အရွယ် ဒီယာဘိတ်ကို ပေါင် ၁ ဒသမ ၇ သန်းဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။
- ကာရာဘောင်ဖလား ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ချယ်လ်ဆီးနှင့် အာဆင်နယ် အသင်းတို့၏ ပွဲစဉ်နှစ်ကျော့စလုံးတွင် ဗီဒီယိုလက်ထောက်ဒိုင် (VAR) နည်းစနစ်ကို အသုံးပြုသွားမည်ဖြစ်သော်လည်း မန်စီးတီးအသင်းနှင့် ဘရစ္စတိုးစီးတီးတို့ပွဲစဉ်တွင်မူ ထိုနည်းစနစ်ကို အသုံးပြုမည်မဟုတ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ထိုနည်းစနစ်ကို လာမည့် လတွင် ကျင်းပမည့် ဗိုလ်လုပွဲစဉ်တွင် အသုံးပြုမည် ဖြစ်ကြောင်းလည်း ဖော်ပြထားသည်။

**ဇော်ဇော်**

# ပုလဲ၌ တရားမဝင် သစ်ခွအိတ်များ ဖမ်းဆီးရမိ

**ပုလဲ ဇန်နဝါရီ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့ ပုလဲ-ဂန့်ဂေါ ကားလမ်း မိုင်တိုင်အမှတ် ၂၈/၆ တွင် ဖွင့်လှစ်ထားရှိသော ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင်သစ်ခွအိတ်များ သယ်ဆောင်လာသော မော်တော်ယာဉ်ကို ဇန်နဝါရီ ၆ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

**သိမ်းဆည်းရမိ**

ဖြစ်စဉ်မှာ ပုလဲမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးအောင်သူဟန်နှင့် ဝန်ထမ်းများ၊ မြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ် မောင်မောင်ကျော်နှင့် ဝန်ထမ်းများ၊ မြို့မရဲတပ်ဖွဲ့စခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် လင်းလင်းထွန်းနှင့် ရဲတပ်ဖွဲ့ဝင်များသည် ပုလဲမြို့ ပုလဲ-ဂန့်ဂေါ ကားလမ်း မိုင်တိုင်အမှတ် ၂၈/၆ တွင် ဖွင့်လှစ်ထားရှိသော ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တာဝန်ထမ်းဆောင်နေစဉ် ဇန်နဝါရီ ၆ ရက် ည ၁၁ နာရီ မိနစ် ၅၀ က ပုလဲ - ဂန့်ဂေါကားလမ်းအတိုင်း မောင်ငွန်ဇာလျှန်း ဈေးသစ်ရပ်ကွက် ဟားခါးမြို့နေသူ မောင်းနှင်လာသော ယာဉ်အမှတ် 4M/----- ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်၌ တရားမဝင် ပုလဲသစ်ခွအစို ၁၄ အိတ် (ပိဿာ ၁၄၀)၊ ပန်းဖြူသစ်ခွအစို နှစ်အိတ် (ပိဿာ ၂၀)တို့အား မော်တော်ယာဉ်နှင့်အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

**ဆောင်ရွက်**

အဆိုပါဖမ်းဆီးရမိသော သစ်ခွအိတ်များနှင့် မော်တော်ယာဉ်ကို မြို့နယ်သစ်တောဦးစီးဌာနရုံး၌ သိမ်းဆည်းထားရှိပြီး ယာဉ်မောင်း မောင်ငွန်ဇာလျှန်းကို မြို့နယ်သစ်တောဦးစီးဌာနမှ တရားစွဲဆိုနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းခန့်စိုး(ဧယျာမြေ)**



# ငမိုးရိပ်ချောင်းအတွင်း ယာဉ်ထိုးကျနစ်မြုပ်မှုတွင် အောင်ကိုကိုမိုးမှာ ယာဉ်ကိုကိုယ်တိုင်မောင်းကြောင်းဖြောင့်ချက်ပေး

**ရန်ကုန် ဇန်နဝါရီ ၈**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ငါးမာန်အောင်ဘုရားလမ်းဆုံအရောက် ငမိုးရိပ်ချောင်းအတွင်းသို့ ဇန်နဝါရီ ၇ ရက် နံနက် ၃ နာရီခွဲခန့်က အရှိန်လွန်ထိုးကျနစ်မြုပ်သွားသည့် 6 M /---- ဟွန်ဒါဖစ်ယာဉ်မှ အောင်ကိုကိုမိုး (၂၅ နှစ်) နှင့် မော်တော်ယာဉ်ကို ရှာဖွေဆယ်ယူရရှိသော်လည်း ယာဉ်ပေါ်တွင်ပါရှိသည့် စည်သူဖြိုး (၂၄နှစ်) မှာ ရေအောက်တွင် ပျောက်ဆုံးနေလျက်ရှိကြောင်း သိရသည်။ နောက်ဆက်တွဲ သတင်းအရ ဆယ်ယူရရှိသူ အောင်ကိုကိုမိုးမှာ ယာဉ်ကိုကိုယ်တိုင်မောင်းနှင်ခဲ့ကြောင်း ဝန်ခံဖြောင့်ချက်ပေးသဖြင့် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် မြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားပြီး ပျောက်ဆုံးနေသည့် စည်သူဖြိုးကို ဆက်လက်စုံစမ်းရှာဖွေလျက်ရှိကြောင်း သိရသည်။

**အောင်သူရ**

# ကျန်းမာရေးမကောင်းသူ ငဝန်မြစ်ဆိပ် တံတားပေါ်မှ ခြေချော်ပြုတ်ကျပျောက်ဆုံး

**ပုသိမ် ဇန်နဝါရီ ၈**

ပုသိမ်မြို့ အမှတ်- ၁ နယ်မြေ စဥ့်အိုးဘိုလမ်း နေခြည်ဦး ဆားစက်ရှေ့ ငဝန်မြစ် ဆိပ်တံတားပေါ်မှ ကျန်းမာရေးမကောင်းသူတစ်ဦး ခြေချော်ကျ ပျောက်ဆုံးမှု ဖြစ်ပွားကြောင်း သိရသည်။

ဟသ်ာတမြို့နယ် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျန်းမာရေးမကောင်းသဖြင့် အနားယူခဲ့သော ဦးကိုကိုအောင် (၄၀နှစ်)သည် ပုသိမ်မြို့ အမှတ် - ၁ နယ်မြေ စဥ့်အိုးဘိုလမ်းနေ အစ်မဖြစ်သူနှင့်နေထိုင်လျက်ရှိသော ဖခင် ဦးမြသိန်းထံရောက်ရှိလာပြီး ရန်ကုန်တွင် ဆေးဝါးကုသရန် ဇန်နဝါရီ ၈ ရက် နံနက် ၇ နာရီက နေခြည်ဦး ဆားစက်ရှေ့ ငဝန်မြစ်ဆိပ်တံတားအနီးမှ ခရီးသည်ကြိုပို့ယာဉ်စောင့်ဆိုင်းရင်း ငဝန်မြစ် ဆိပ်တံတားပေါ် လမ်းလျှောက်ရာမှ ခြေချော်၍ ငဝန်မြစ်တွင်း ကျသွားကာ ပျောက်ဆုံးသွားခြင်းဖြစ်သည်ဟု သိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ သက်ဆိုင်ရာ ရဲတပ်ဖွဲ့နှင့် ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက ဇန်နဝါရီ ၈ ရက်က ငဝန်မြစ်အတွင်း ရှာဖွေသော်လည်း ဦးကိုကိုအောင်အား မတွေ့ရှိဘဲ ၎င်းစီးထားသော ဖိနပ်တစ်ဖက်သာ တွေ့ရှိခဲ့ကြောင်း သိရသည်။

**ပုသိမ်-လှကြည်**

# ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၈**

လက်ပန်လှရဲကင်းစခန်းမှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၆ ရက် ည ၈ နာရီက စဥ့်ကူးမြို့နယ် မာလဲကျေးရွာအုပ်စု လက်ပန်လှ-မာလဲ-ဝါးပိုးချပ်ကားလမ်း မာလဲကျေးရွာအနီး၌ ခင်မောင်ညွန့်(ခ)ဆရာကြီးမောင်းနှင်လာသည့်ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၂၈ ပြား၊ လက်ကိုင်ဖုန်းတစ်လုံးနှင့် ငွေကျပ် ၇၉၅၀၀ ကိုလည်းကောင်း၊ ယင်းနေ့မွန်းလွဲပိုင်းက မူးယစ်တပ်ဖွဲ့စု ၄၁ ရန်ကုန်(အရှေ့)မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မင်္ဂလာဒုံမြို့နယ် အောင်မင်္ဂလာအဝေးပြေးကားဝင်း ဂိတ်(၃) ဝင်၊ ထွက်ပေါက်အနီးတွင် မြင့်ဝင်းထွန်း မောင်းနှင်လာသည့် မော်တော်ယာဉ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၄ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးကိုလည်းကောင်း၊ ထို့အတူ မင်းဇော်ဝင်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၇၀ နှင့် လက်ကိုင်ဖုန်းတစ်လုံး တို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

အလားတူ ဇန်နဝါရီ ၇ ရက် နံနက် ၈ နာရီခွဲက မူးယစ်တပ်ဖွဲ့စု ၂၂ မူဆယ်မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကွတ်ခိုင်မြို့ အမှတ် - ၄ ရပ်ကွက် သုသာန်အနီးတွင် ချီကြားချန့် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရှာဖွေရာ ဘိန်းဖြူ ၇ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀ တို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွတ်ခိုင်မြို့ အမှတ် - ၈ ရပ်ကွက် မြို့သစ်ရပ်ရှိ ၎င်း၏နေအိမ်ကို ဆက်လက်ရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၁၅ ခွက် (ဘိန်းဖြူအလေးချိန် ၁၈၀ ဂရမ်)နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ တို့ကိုလည်းကောင်း၊ အလားတူ ကျိုးရှင်ဆုန်းအားရှာဖွေရာ ဘိန်းဖြူ ၈ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀ တို့ကိုလည်းကောင်း၊ ဆက်လက်၍ ပူးပေါင်းအဖွဲ့သည် ကျိုးရှင်ဆုန်းနေထိုင်သည့် နေအိမ်ကိုရှာဖွေရာ ဘိန်းဖြူ ၆ ဒသမ ၅ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀ တို့ကို လည်းကောင်း။

အလားတူ ယနေ့မွန်းလွဲပိုင်းက မူးယစ်တပ်ဖွဲ့စု - ၃၀ တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ပါဆတ်ရပ်ကွက် ဗိုလ်ချုပ်လမ်း မုဒြာရေဆေးခုံ ဝင်ပေါက်အနီး၌ စိုင်းလွတ်မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀၀ ကို သိမ်းဆည်းရမိပြီး ကွင်းဆက်အရ ရောင်နီဦးတည်းခိုရိပ်သာ အဆောင် -၂ အခန်း အမှတ် 8212 ကို ရှာဖွေရာ ထွန်းထွန်းနိုင်၊ အိုက်ရှဲန်နှင့် အားယုံတို့အား **(အောက်ပုံ)**တွေ့ရှိရပြီး အခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၂၇၄၀၊ အိုက်စ် ၁၀ ဂရမ်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မြှုပ်နှံထားသူကို မသင်္ကာ၍ ပြန်လည်တူးဖော်စစ်ဆေးရာမှ လူသတ်မှုပေါ်ပေါက်

**မိုးကောင်း ဇန်နဝါရီ ၈**

၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၃ ရက်က ဝမ်းလျှောပြီး သရဲပူးကာ ရုတ်တရက်သေဆုံးသွားသည်ဟု သတင်းလွှင့်မြှုပ်နှံထားသူကို မသင်္ကာ၍ ပြန်လည်တူးဖော်စစ်ဆေးရာမှ လူသတ်မှုအဖြစ် ပေါ်ပေါက်ခဲ့ကြောင်း သိရသည်။

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် မန်ရွက်ကျေးရွာအုပ်စု မီးသွေးကုန်းကျေးရွာအနီး ၉ မိုင်ရော်ဘာခြံတွင် အလုပ်လုပ်ကိုင်သူ မန်ရွက်ကျေးရွာနေ ဦးဇော်မိုးအေး(ခ)လွမ်းဝေ (၃၆နှစ်)သည် ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၃ ရက်က ဝမ်းလျှောပြီး သရဲပူးကာ ရုတ်တရက်သေဆုံးသွားသည်ဟု သတင်းလွှင့်ပြီး နေ့ချင်းမြှုပ်နှံထားကြောင်း တာဝန်သိသူတစ်ဦးက သတင်းပေးတိုင်တန်းသဖြင့် ဇန်နဝါရီ ၅ ရက်က မြို့မရဲစခန်းမှူး ဒုရဲမှူး သန်းထိုက်ဦးစီးတပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် ဥပဒေနှင့်အညီ အလောင်းကိုပြန်လည်တူးဖော်၍ မိုးကောင်းပြည်သူ့ဆေးရုံသို့ သယ်ဆောင်ကာ ရင်ခွဲ စစ်ဆေးရာ နံရိုးများကျိုးပြီး ဓမ္မတာအတိုင်း မဟုတ်ဘဲ တစ်စုံတစ်ဦး၏ လုပ်ကြံခံရမှုကြောင့် သေဆုံးခြင်းဖြစ်ကြောင်း တွေ့ရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အမှုဖွင့်ပြီး ပြစ်မှုကျူးလွန်သူ ဖမ်းဆီးရမိရေးနှင့် သက်သေခံပစ္စည်း သိမ်းဆည်းရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းမင်းဦး**

# ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တွင် နေအိမ်မီးလောင်

**ရန်ကုန် ဇန်နဝါရီ ၈**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမှတ်-၃၃ ရပ်ကွက် နီလာလမ်း ဦးကိုကိုနိုင်နေအိမ်တွင် ဇန်နဝါရီ ၈ရက် နံနက် ၈ နာရီက ဘုရားမီးပူဇော်ရာမှ ခုတင်ဆီပုံးပေါ်သို့ ဖယောင်းပြုတ်ကျပြီး မီးစတင်လောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်ရာသို့ မြို့နယ်မီးသတ်ဦးစီးမှူး ဦးထိန်လင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် ၁၁ စီး၊ အုပ်ချုပ်မှုယာဉ်သုံးစီး၊ ထောက်ပံ့ယာဉ် သုံးစီးတို့ဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၈ နာရီ ၂၅ မိနစ်တွင် မီးငြိမ်းခဲ့ကြောင်း သိရသည်။ မီးလောင်မှုကြောင့် အမျိုးသားသုံးဦး၊ အမျိုးသမီးနှစ်ဦး ဒဏ်ရာများရသဖြင့် သင်္ဃန်းကျွန်းစံပြဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တရားဝင်စာရွက်စာတမ်း တင်ပြနိုင်ခြင်းမရှိသော သကြားအိတ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၈**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင် ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇန်နဝါရီ ၇ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၂၂၉ စီး၊ သွင်းကုန် ၁၀၉၁ စီး၊ ရန်ကုန်- မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၃ စီး၊ သွင်းကုန်အစီး ၁၆၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၇ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ၁၁ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃ ဒသမ ၄၄၂ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၆၆၅ သန်းခန့် စုစုပေါင်းတားဆီးမှု ၁၃ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀ ဒသမ ၁၀၇ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ ထူးခြားဖမ်းဆီးမှုအနေဖြင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ ရှောင်တခင်သွားရောက်စစ်ဆေးခဲ့ရာ ညောင်ခါးရှည်ကျေးရွာအနီးလမ်းဘေးတွင် စုပုံထားသည့် တရားဝင်စာရွက်စာတမ်းတင်ပြနိုင်ခြင်းမရှိသော အကောက်ခွန်မဲ့ Suger (1×50)Kg 190 Bags စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၀၈၀ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အချုပ်ထောင်ဖောက်ထွက်ပြေးသူ ငါးဦးအား ပြန်လည်ဖမ်းမိ

**တာချီလိတ် ဇန်နဝါရီ ၈**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့မရဲစခန်းရှိ အချုပ်ထောင်အတွင်းမှ အချုပ်ကျသူ ငါးဦးသည် ဇန်နဝါရီ ၆ ရက် နံနက် ၃ နာရီ မိနစ် ၄၀ ခန့်က အချုပ်ခန်းအိမ်သာပေါ်ရှိ မျက်နှာကြက်အပေါ် သံတန်းအားဖြတ်၍ အမိုးဖောက်ကာ ထွက်ပြေးလွတ်မြောက်သွားရာ ပြန်လည်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါ ထွက်ပြေးလွတ်မြောက်သူငါးဦးအနက်မှ စိုင်းမင်းသူ၊ စောမျိုးအောင်၊ နေလင်း(ခ)နေမင်းတို့ကို နာရီပိုင်းအတွင်း ပြန်လည်ဖမ်းဆီးရမိခဲ့ပြီး ဉာဏ်လင်း(ခ)ဉာဏ်ဝင်းအား ဇန်နဝါရီ ၇ ရက်က လည်းကောင်း၊ ကျန်ရှိသည့် ကိုသက်(ခ)မြဝင်းအား ဇန်နဝါရီ ၈ ရက် ညနေ ၅ နာရီခွဲခန့်က လည်းကောင်း ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ထိန်ဝင်း ဦးစီးသည့် တပ်ဖွဲ့ဝင်များက လွယ်စတုံကျေးရွာ တာဝေမီးစက်အနောက်ဘက်ရှိ လယ်ကွင်းအတွင်းမှ ဖမ်းဆီးရမိခြင်းဖြစ်ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ ဆက်)**

# သဲကုန်း၌ လူသတ်မှုဖြစ် ၂၄ နာရီအတွင်းဖော်ထုတ်ဖမ်းဆီးရမိ

**သဲကုန်း ဇန်နဝါရီ ၈**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့ ရဲစခန်းအရှေ့ ခြောက်ဖာလုံခန့်အကွာတွင် ဇန်နဝါရီ ၅ ရက် ည ၉နာရီခန့်က လူသတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၅ ရက် ည ၉ နာရီခန့်က တရားလိုဒေါ်အေးအေးသက်သည် နေအိမ်၌ရှိနေစဉ် ရပ်ကွက်(၂)စာရင်းရုံးလမ်းနေ ဒေါ်ညွန့်ရီက သန်းဝင်းအောင်မှာ လမ်းဘေး၌ လဲကျနေ၍ ဆေးရုံတင်လိုက်ကြောင်း အကြောင်းကြားသဖြင့် ဆေးရုံသို့ လိုက်သွားခဲ့ရာ ခင်ပွန်းဖြစ်သူမှာ ဒဏ်ရာများဖြင့်သေဆုံးနေကြောင်း သိရ၍ သဲကုန်းမြို့မရဲစခန်းတွင် အရေးယူပေးရန် အမှုဖွင့်ခဲ့သည်။

ယင်းအမှုနှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူအား ဒုရဲမှူး ကျော်ကျော်ဦးနှင့် တပ်ဖွဲ့ဝင်များက စုံစမ်းစစ်ဆေးဖော်ထုတ်ခဲ့ရာ ပြစ်မှုကျူးလွန်သူမှာ ကိုကိုမြင့်(ခ)ကိုဦးဖြစ်ပြီး အခင်းဖြစ်ရာတွင် အသုံးပြုသည့် သက်သေခံပစ္စည်းများပါ ရှာဖွေသိမ်းဆည်းကာ သဲကုန်းမြို့မရဲစခန်းမှ ဥပဒေအရအရေးယူထားကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ထရန့်နှင့် ကင်တို့ဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးမှု မပြုလုပ်မီတွင် မြောက်ကိုရီးယားအနေဖြင့် ရန်စကျူးကျော်သည့်အပြုအမူများကို ရပ်တန့်သင့်ကြောင်း နစ်ကီဟာလေပြောကြား

**ဝါရှင်တန် ဇန်နဝါရီ ၈**

အမေရိကန်သမ္မတဒေါ်နယ်ထရန့်က မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနှင့် စကားပြောဆိုဆွေးနွေးမှုမပြုလုပ်မီတွင် မြောက်ကိုရီးယားအနေဖြင့် နျူကလီးယားနှင့် ဒုံးကျည်စမ်းသပ်နေမှုများကို ရပ်ပစ်ရန်လိုအပ်မည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂသံတမန် နစ်ကီဟာလေက ပြောကြားခဲ့သည်။

နစ်ကီဟာလေသည် တနင်္ဂနွေနေ့တွင် အေဘီစီသတင်းသို့ ထိုသို့ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ပြီးခဲ့သည့်စနေနေ့တွင် ထရန့်က မြောက်ကိုရီးယားနှင့် ဖုန်းဖြင့်ဆက်သွယ်ကာ စကားပြောဆိုဆွေးနွေးလိုကြောင်း ပြောဆိုခဲ့ပြီးနောက်တွင် အမေရိကန်သံတမန်က ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

တယ်လီဖုန်းဖြင့်ဆက်သွယ်ကာ စကားပြောဆိုဆွေးနွေးမှုများပြုလုပ်မှုမတိုင်မီတွင် လုပ်ဆောင်သင့်သည့်အရာများစွာရှိနေကြောင်း ဟာလေက ပြောကြားသည်။ ခေါင်းဆောင်ကင်အနေဖြင့် ပထမဆုံးပြုလုပ်သင့်သည်မှာ သိသာထင်ရှားသည့် အချိန်အတိုင်းအတာတစ်ခုအထိ နျူကလီးယားနှင့်ဒုံးကျည်စမ်းသပ်နေမှုကို ရပ်တန့်ထားရန်ဖြစ်ပြီး ထို့နောက်မှသာ နောက်ထပ်ခြေလှမ်းတစ်ဆင့်ဆက်သွားရန်စတင်သွားနိုင်မည်ဖြစ်ကြောင်း ဟာလေက ပြောခဲ့သည်။

စီအိုင်အေ ဒါရိုက်တာ မိုက်ပွန်ပီရိုကလည်း တနင်္ဂနွေနေ့တွင် မြောက်ကိုရီးယားခေါင်းဆောင်အနေဖြင့် ခြိမ်းခြောက်မှုတစ်ခုကို သိမြင်လာချိန်တွင် တင်းမာမှုများ လျော့ကျလာအောင်ကြိုးစားလာကြောင်း စီဘီအက်စ်သတင်းသို့ ပြောကြားခဲ့သည်။

ပွန်ပီကမြောက်ကိုရီးယားခေါင်းဆောင်သည် ၎င်း၏အဆင့်မြင့်အရာရှိ ပုဂ္ဂိုလ်များကို ဆွေးနွေးဖက် တောင်ကိုရီးယားကိုယ်စားလှယ်များနှင့် အင်္ဂါနေ့တွင် တွေ့ဆုံဆွေးနွေးမှုပြုလုပ်ရန် စေလွှတ်ခြင်းအားဖြင့် ကိုရီးယားနှစ်နိုင်ငံဆက်ဆံရေးတိုးတက်လာအောင်ကြိုးပမ်းနေကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**




# လစ်ဗျားနိုင်ငံအနောက်ပိုင်း ပင်လယ်ပြင်၌ တရားမဝင် လှေစီးခရီးသည် ၂၉၇ ဦးကို ကယ်တင်နိုင်ခဲ့

**တူနီးရှား ဇန်နဝါရီ ၈**

လစ်ဗျားနိုင်ငံအနောက်ပိုင်း ပင်လယ်ပြင်တွင် တရားမဝင်ရွှေ့ပြောင်းသူများ စီးနင်းလိုက်ပါလာသော လှေနှစ်စင်းပေါ်ရှိ လူများကို ရွှေ့ပြောင်းနေစဉ် ယင်းလှေပေါ်ရှိ ဒုက္ခသည် ၂၉၇ ဦးကို ကယ်တင်နိုင်ခဲ့ပြီး နှစ်ဦးသေဆုံးခဲ့ကြောင်း လစ်ဗျားနိုင်ငံရေတပ်ထုတ်ပြန်ချက်အရ သိရသည်။




အဆိုပါ တရားမဝင်လှေစီးဒုက္ခသည်များကို လစ်ဗျားနိုင်ငံ မြို့တော်ထရီပိုလီအရှေ့ဘက် ၆၀ ကီလိုမီတာခန့် အကွာရှိ ကာရာဘူရီမြို့ ကမ်းလွန်တစ်နေရာတွင် လစ် ဗျားရေတပ်က ကယ်တင်နိုင်ခဲ့ခြင်းဖြစ် သည်။

လစ်ဗျားနိုင်ငံ ကမ်းခြေစောင့်သင်္ဘောတစ်စင်းက နိုင်ငံအနောက်ပိုင်း ၁၀ ကီလိုမီတာအကွာအဝေး ပင်လယ်ပြင်တွင် တရားမဝင်ရွှေ့ပြောင်းသူများကို တွေ့ရှိခဲ့ပြီး ၎င်းတို့ကို လှေနှစ်စင်းဖြင့် ကူးပြောင်းနေခြင်းဖြစ်ပြီး လှေတစ်စင်းတွင် သေဆုံးနေသည့် အမျိုးသမီးနှစ်ဦး၏ အလောင်းကို တွေ့ ရှိရကြောင်း၊ တစ်ဦးမှာ ကိုယ်ဝန်သည်ဖြစ်ကြောင်း လစ်ဗျားနိုင်ငံ ရေတပ်ပြောရေးဆိုခွင့်ရှိသူက ပြောခဲ့သည်။

ကာရာဘူရီကမ်းလွန်တွင် တရားမဝင်လှေစီးဒုက္ခသည် ၂၉၇ ဦးကို ကယ်တင်ခဲ့ကြောင်း၊ သေဆုံးသူနှစ်ဦး ဖမ်းဆီးရမိသည့် လှေတစ်စင်းပေါ်တွင် တွေ့ခဲ့ရခြင်းဖြစ်ကြောင်း၊ လစ်ဗျားနိုင်ငံ ရေတပ်ပြောရေးဆိုခွင့်ရှိသူက ဆက်လက်ပြောကြားခဲ့သည်။ လှေနှစ်စင်းမှာ ခံနိုင်ဝန်ထက် လူများပိုမိုတင်ဆောင်ခဲ့ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

လှေများဖြင့် လူအမြောက်အမြားကို တင်ဆောင်လာခြင်းကြောင့် ထိုသို့ သေဆုံးခြင်းဖြစ်နိုင်ကြောင်း အဆိုပါ ပြောရေးဆိုခွင့်ရှိသူက ထပ်လောင်း ပြောခဲ့သည်။

လစ်ဗျားနိုင်ငံ ထရီပိုလီအရှေ့ဘက် ၆၀ ကီလိုမီတာခန့်အကွာရှိ ကာရာဘူရီမြို့သည် တရားမဝင်ရွှေ့ပြောင်းသူများ စတင်ထွက်ခွာရာ နေရာဖြစ်ကြောင်း သိရသည်။

၂၀၁၁ ခုနှစ်မှ စတင်ကာ လစ်ဗျားနိုင်ငံလုံခြုံရေးအခြေအနေ ဆိုးရွားလာသဖြင့် ကမ်းခြေထိန်းသိမ်း စောင့်ရှောက်မှု ပျက်ယွင်းလာခဲ့ကြောင်း သိရသည်။

ထိုသို့ ပျက်ယွင်းလာသော အခြေအနေများကြောင့် တရားမဝင်ရွှေ့ပြောင်းသူများ ဥရောပနိုင်ငံများသို့ ဝင်ရောက်ရန် ကြားခံတည်နေရာတစ်ခု ဖြစ်လာခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# အမေရိကန် တပ်မတော်ရဟတ်ယာဉ်တစ်စင်း ဂျပန်ဟိုတယ်တစ်ခု၌ အရေးပေါ်ဆင်းသက်ခဲ့ရ

**တိုကျို ဇန်နဝါရီ ၈**

အမေရိကန်တိုက်ခိုက်ရေးရဟတ်ယာဉ်တစ်စင်းသည် တနင်္လာနေ့တွင် ဂျပန်နိုင်ငံ အိုကီနာဝါကျွန်းပေါ်ရှိ ဟိုတယ်တစ်ခု၏ မြေပြင်ပေါ်သို့ အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း သိရသည်။

ရဟတ်ယာဉ်ပေါ်မှအမှုထမ်းသည် သတိပေးအချက်ပြမီးအလင်းရောင် ဝင်ရောက်လာခဲ့သည့်အတွက် ရဟတ်ယာဉ်ကို ဆင်းသက်ခဲ့ခြင်းဖြစ်ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ထိခိုက်ဒဏ်ရာရရှိမှုများနှင့် ပတ်သက်၍ သတင်းဖော်ပြထားခြင်း မရှိပေ။

အိုကီနာဝါရှိ အမေရိကန်မရိန်းတပ်ဖွဲ့ ကိုယ်စားလှယ်များသည် ဝေဖန်မှတ်ချက်ချမှုများကို ချက်ချင်းတုံ့ပြန်ဖြေကြားခြင်း မရှိသေးပေ။

ဂျပန်နိုင်ငံတွင် ရှိနေသည့် အမေရိကန်တပ်မတော်ကို ကူညီထောက်ပံ့ပေးရာတွင် မျှတမှုမရှိသည့် ဝန်ထုပ်ဝန်ပိုးတစ်ခုဟု ထင်မြင်လျက်ရှိသည့် တောင်ပိုင်းကျွန်းပေါ်မှဒေသခံပြည်သူများအကြားတွင် မကျေမနပ် ပြောဆိုမှုများရှိနေကြောင်း သိရသည်။

မကြာသေးမီကလည်း အမေရိကန် တပ်မတော်လေယာဉ်ပေါ်မှ ပြတင်းတံခါးတစ်ခုသည် ကျောင်းတစ်ကျောင်း၏ ကစားကွင်းပေါ်ကျရောက်ခဲ့သည့်အတွက် တောင်းပန်ခဲ့ရသည်။

မကြာခဏဖြစ်ပွားခဲ့သည့် မတော်တဆဖြစ်ရပ်များက ကျွန်းပေါ်တွင် အမေရိကန်တို့၏တည်ရှိမှုကို ဆန့်ကျင်ကန့်ကွက်မှုများ ပေါ်ပေါက်လာစေခဲ့ကြောင်းသိရသည်။

**ရိုက်တာ**

# အိန္ဒိယစားသောက်ဆိုင်တစ်ခုတွင် မီးလောင်မှုဖြစ်ပွားရာ ငါးဦးထက်မနည်းသေဆုံး

**နယူးဒေလီ ဇန်နဝါရီ ၈**

အိန္ဒိယနိုင်ငံတောင်ပိုင်း ဘန်ဂါလူရူမြို့ရှိ စားသောက်ဆိုင်တစ်ခုတွင် ဇန်နဝါရီ ၈ ရက်က မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ လူငါးဦးထက်မနည်း သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောခဲ့သည်။


သေဆုံးသူများမှာ အဆိုပါစားသောက်ဆိုင်တွင် လုပ်ကိုင်နေကြသူများဖြစ်ကြောင်း မီးလောင်မှုဖြစ်ပွားစဉ် အိပ်ပျော်နေသဖြင့် ထိုသို့ သေဆုံးခဲ့ခြင်း ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောခဲ့သည်။

မီးလောင်မှုသည် ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းတွင် ကယ်လာစီပယ်ရမ်ရှိ ကိုင်လာ့စ်စားသောက်ဆိုင်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အဆိုပါရဲအရာရှိက ပြောခဲ့သည်။

မီးလောင်မှုဖြစ်ပြီးနောက် မီးသတ်သမားများက အဆိုပါနေရာသို့ ချက်ချင်းရောက်ရှိလာပြီး မီးများကို ငြိမ်းသတ်ခဲ့ကြောင်း၊ လောင်ကျွမ်းနေသောမီးများကို အချိန်အတော်ကြာ ငြိမ်းသတ်ခဲ့ရကြောင်း သိရသည်။

မီးလောင်ကျွမ်းရသည့်အကြောင်းရင်း စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။

**ဆင်ဟွာ**



# တရုတ်နိုင်ငံတွင် ဆီးနှင်းများထူထပ်စွာ ကျဆင်းမှုကြောင့် ၂၁ ဦး သေဆုံး

**ပေကျင်း ဇန်နဝါရီ ၈**

တရုတ်နိုင်ငံတွင် ဇန်နဝါရီ ၂ ရက်ကတည်းက ကျဆင်းခဲ့သောဆီးနှင်းများကြောင့် ယခုအချိန်အထိ လူပေါင်း ၂၁ဦး သေဆုံးခဲ့ပြီဖြစ်ကြောင်း သဘာဝဘေးဒုက္ခလျှော့ချရေး တရုတ်အမျိုးသားကော်မရှင်က ဇန်နဝါရီ ၈ ရက်က ပြောခဲ့သည်။

ဆီးနှင်းများ ထူထပ်စွာကျဆင်းမှုကြောင့် အန်ဟွေ၊ ကျန်းစု၊ ဟီနန်၊ ဟူဘေး၊ ဟူနန်၊ ရှန်းဇီ၊ ရှန်စီနှင့် ချုံချင်းပြည်နယ်များရှိ နေအိမ်များ၊ လယ်ယာလုပ်ငန်းများ ပျက်စီးခဲ့ရသလို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး ဝန်ဆောင်မှုလုပ်ငန်းများလည်း အဆင်မပြေဖြစ်ခဲ့ရကြောင်း အဆိုပါကော်မရှင်က ပြောခဲ့သည်။ ဆီးနှင်းများထူထပ်စွာကျဆင်းမှုကြောင့် လူပေါင်း ၃၇၀၀ကို ရွှေ့ပြောင်းမှုများပြုလုပ်ပေးခဲ့ရပြီး လူပေါင်း ၁၄၀၀၀ ကျော် အရေးပေါ်အကူအညီများလိုအပ်နေကြောင်း ယင်းကော်မရှင်က ဆက်လက်ပြောကြားခဲ့သည်။ အိုးအိမ်ပေါင်း ၇၀၀ခန့် ပြိုကျခဲ့ပြီး ၂၀၀၀ခန့် ပျက်စီးမှုများဖြစ်ခဲ့ကြောင်း သိရသည်။ ယခုအချိန်ထိ ပျက်စီးဆုံးရှုံးမှုတန်ဖိုး စုစုပေါင်း ယွမ် ၅ ဒသမ ၅၅ ဘီလီယံခန့်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### အမေရိကန်နှင့်မပူးပေါင်းရန် မြောက်ကိုရီးယားက တောင်ကိုရီးယားကို တိုက်တွန်း

**ပြုံယမ်း ဇန်နဝါရီ ၈**

မြောက်ကိုရီးယားနိုင်ငံပိုင်သတင်းမီဒီယာသည် မြောက်ကိုရီးယားနှင့် ဆက်ဆံရာတွင် တောင်ကိုရီးယားအနေဖြင့် အမေရိကန်နှင့် ပူးပေါင်းဆောင်ရွက်ခြင်း မပြုရန် တောင်းဆိုထားကြောင်း သိရသည်။

အင်္ဂါနေ့တွင် တောင်ကိုရီးယားနှင့် မြောက်ကိုရီးယားနှစ်နိုင်ငံ အဆင့်မြင့်အရာရှိများ ဆွေးနွေးပွဲကျင်းပမှု မတိုင်မီတွင် ထိုသို့တိုက်တွန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကိုရီးယား ဗဟိုသတင်းအေဂျင်စီက ပြင်ပအင်အားစုများကို မှီခိုအားထားမည့် အကြံဉာဏ်သည် အန္တရာယ်ရှိကြောင်းနှင့် ထိုသို့မှီခိုအားထားခြင်းဖြင့် ပြဿနာများ ပိုမိုရှုပ်ထွေးလာမည်သာ ဖြစ်ကြောင်း တနင်္ဂနွေနေ့တွင် ပြောကြားခဲ့ကြောင်း သိရသည်။

ကိုရီးယားဗဟိုသတင်းအေဂျင်စီက မြောက်ကိုရီးယားနှင့် တောင်ကိုရီးယား နှစ်နိုင်ငံတို့သည် ၎င်းတို့၏အတိတ်ကာလဖြစ်ရပ်များကိုဘေးဖယ်ကာ တူညီသည့်လူမျိုးစုများဖြင့် ဖွဲ့စည်းထားသည့် ပြည်သူများအနေဖြင့် ပေါင်းစည်းညီညွတ်သင့်ကြောင်းနှင့် နှစ်နိုင်ငံဆက်ဆံရေး တိုးတက်စေရေးအတွက် ရိုးသားစွာဆွေးနွေးသွားသင့်ကြောင်း အလေးအနက် ဖော်ပြခဲ့သည်။

**အင်န်အိတ်ချ်ကေ**

### မလေးရှားလေယာဉ် ပျောက်ဆုံးမှု ရှာဖွေရေး ပြန်လည်ဆောင်ရွက်မည်

**ကွာလာလမ်ပူ ဇန်နဝါရီ ၈**

မလေးရှားနိုင်ငံသည် လွန်ခဲ့သော လေးနှစ်အကြာက တောင်တရုတ်ပင်လယ်ပေါ်တွင် ပျောက်ဆုံးသွားခဲ့သည့် ခရီးသည်တင်လေယာဉ်၏အပျက်အစီးများရှာဖွေမှုကို ပြန်လည်ဆောင်ရွက်သွားဖွယ်ရှိကြောင်း သိရသည်။

၂၀၁၄ ခုနှစ်မတ်လတွင် လူပေါင်း ၂၃၉ ဦးကို တင်ဆောင်လာသည့် မလေးရှားလေကြောင်းလိုင်း ၃၇၀ သည် ပျောက်ဆုံးသွားခဲ့သည်။ လေယာဉ်သည် ပေကျင်းမှ ကွာလာလမ်ပူသို့ပျံသန်းရာ လမ်းကြောင်းပေါ်တွင် ပျောက်ဆုံးသွားခဲ့ခြင်းဖြစ်သည်။ လေယာဉ်ပျောက်ဆုံးမှုကို မလေးရှား၊ တရုတ်နှင့် ဩစတြေးလျတို့ ရှာဖွေခဲ့ကြရာ ယင်းရှာဖွေမှုများကို ပြီးခဲ့သည့်ဇန်နဝါရီလတွင် ရပ်ဆိုင်းခဲ့သည်။

မလေးရှားအစိုးရအဖွဲ့အာဏာပိုင်များက ၎င်းတို့သည် လေယာဉ်ရှာဖွေမှုကို ပြန်လည်စတင်ရန် အမေရိကန်အခြေစိုက် စူးစမ်းရှာဖွေရေးကုမ္ပဏီ Ocean Infinity ၏ ကမ်းလှမ်းမှုကို လက်ခံရရှိခဲ့ကြောင်း ပြောကြားခဲ့သည်။

ရှာဖွေရေးနည်းလမ်းနှင့် အခြားသော အသေးစိတ်အကြောင်းအရာများနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးမှုမှာ နောက်ဆုံးအဆင့်တွင် ရောက်ရှိနေပြီဖြစ်ကြောင်း အာဏာပိုင်များက ဖော်ပြခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# တူရကီနဲ့ ဂျာမနီနှစ်နိုင်ငံဆက်ဆံရေးတိုးတက်လာဖို့ မတူညီမှုတွေ ဘေးဖယ်စို့

**—— တင်လင်းအောင် ——**



**အန်ကာရာအာဏာသိမ်းမှုနှိမ်နင်းတိုက်ဖျက်တဲ့ ကိစ္စနဲ့ပတ်သက်ရုံတင်မက တူရကီရှိ ဂျာမနီနိုင်ငံသားတွေကို ယင်းအာဏာသိမ်းမှုတိုက်ဖျက်ရေးအစီအစဉ်၌ ဖမ်းဆီးမှုအပေါ် တစ်ဖက်နဲ့တစ်ဖက် အငြင်းပွားမှုတွေကြောင့် မချေမငံဖြစ်နေတဲ့ နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုတိုးတက်ကောင်းမွန်စေဖို့ ဂျာမနီနဲ့ တူရကီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတွေဟာ နှစ်နိုင်ငံပိတ်ဆို့ရပ်ဆိုင်းထားမှုမှန်သမျှကို ရုပ်သိမ်းရန် မကြာသေးမီကမှ သဘောတူခဲ့ကြပါတယ်။**

> **"ဂေဘရီယယ်က ကာဗူဆိုကလူနဲ့ ပတ်သက်တဲ့ ဒီနဇ်ယူဆယ်အပါအဝင် အခုလို ဆုပ်လည်းဆူး စားလည်းရှူးတဲ့ အခြေအနေတွေကို ဆွေးနွေးခဲ့တယ်လို့ ပြောပါတယ်၊ သို့သော်လည်း ဘယ်လို ဆွေးနွေးမှုတွေ လုပ်ဆောင်ခဲ့သလဲဆိုတာကိုတော့ အသေးစိတ် ထုတ်ဖော်ပြောကြားမှုတော့ မရှိခဲ့ပါဘူး"**

အလုံးစုံ လက်လွတ်စပယ်ရုတ်သိမ်းမှုပြုတာမျိုးမဟုတ်သေးသော်လည်း အခုလိုတစ်စတစ်စနဲ့ ရုတ်သိမ်းမှုပြုတာတွေကို တွေ့ရတဲ့အတွက် ဒါဟာ နှစ်နိုင်ငံဆက်ဆံရေးကို တိုးတက်စေမယ့် လမ်းကြောင်းတစ်ခုလို့ မြေကြီးလက်ခတ်မလွဲ ပြောနိုင်ပါတယ်။ နှစ်နိုင်ငံမတူညီတဲ့ အပိုင်းလေးတွေတော့ ဆက်လက်ကျန်ရှိနေဦးမှာ ဖြစ်ပါတယ်။

ဂျာမနီနိုင်ငံ အလယ်ပိုင်း အင်ပါယာနန်းတော်တွင် တွေ့ဆုံစဉ် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများအနေဖြင့် အန်ကာရာအနေနဲ့ ၂၀၁၆ အာဏာသိမ်းမှု မအောင်မြင်သည့် ကိစ္စအပေါ် ထောက်ခံမှုပြုခဲ့သည်ဟု သံသယရှိသူ လူ့ရှင်တော်တစ်ဦးနှင့် ဂျာမနီ- တူရကီဂျာနယ်လစ်သမားတစ်ဦးတို့ကို စုံစမ်းမေးမြန်းခြင်းမရှိဘဲ ထိန်းသိမ်းခဲ့မှုကြောင့် တင်းမာနေသည့် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ရန် စိတ်အားထက်သန်နေကြပါတယ်။

ဒုတိယကမ္ဘာစစ်ပြီးကတည်းက တူရကီဧည့်သည်တစ်ဖြစ်လဲ ယာယီအလုပ်သမားတွေဟာ ဂျာမနီ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေမှာတစ်ဖက်တစ်လမ်းမှ အားဖြည့်ကူညီခဲ့တဲ့ အခန်းကဏ္ဍတွေဟာ သမိုင်းတစ်လျှောက်ကပင် ရှိခဲ့တယ်လို့ ဂျာမနီနိုင်ငံခြားရေးဝန်ကြီး ဆစ်ခ်မာဂါဘရီယယ်က ပြောခဲ့ပါတယ်။

နာဇီခေတ်မှာ ဂျာမနီဒုက္ခသည်တွေကို ဧည့်ဝတ်ကျေပွန်စွာ လက်ခံခဲ့တဲ့ တူရကီရဲ့ ကောင်းမြတ်လှတဲ့ ဂုဏ်အင်္ဂါတွေလည်း ရှိခဲ့ပါတယ်။ ဒါတင်ပဲလား ဆိုတော့ မဟုတ်သေးပါဘူး။ တူရကီ ပြည်သူသုံးသန်းလောက်လည်း ဒီမှာနေထိုင်နေပါတယ်လို့ သူက ပြောပါတယ်။

ရှိရင်းစွဲ ဂျာမနီ-တူရကီဆက်ဆံရေး ပိုမိုကောင်းမွန်ဖို့အတွက် ရင်ဆိုင်ကြုံတွေ့နေရတဲ့ ဒုက္ခသုက္ခတွေကို ကျော်ဖြတ်ပြီး နှစ်နိုင်ငံကောင်းမွန်တဲ့ လုပ်ရပ်တွေကို ဆက်လက်လုပ်ဆောင်ဖို့ လိုကြောင်းနဲ့ နောင်လာမယ့် အနာဂတ်ကာလမှာလည်း ရေးကရှိခဲ့ဖူးတဲ့ နှစ်နိုင်ငံဆက်ဆံရေးကို အခြေတည်ပြီးကောင်းမွန်တဲ့ ဘုံအကျိုးစီးပွားကို ပိုမိုရှာဖွေနိုင်ဖို့ ကြိုးစားလုပ်ဆောင်ကြရမှာ ဖြစ်ပါတယ်လို့ ဂါဘရီယယ်က ပြောခဲ့ပါတယ်။

ဂျာမန်နိုင်ငံရေးသမားများကလည်း တူရကီအာဏာသိမ်းမှုအပြီးဖိနှိပ်နှိမ်နင်းမှုတွေအပေါ် ပွင့်ပွင့်လင်းလင်းပြောကြဆိုကြတာတွေ ရှိပါတယ်။ အဲဒီလို ပြောကြဆိုကြရှိတဲ့ အကြောင်းတွေကတော့ လူ ၅၀၀၀၀ လောက်ကို ဖမ်းဆီးထားပြီး တရားရင်ဆိုင်မှုဆိုင်းငံ့ထားတာတွေလည်းပါသလို ထို့အတူပဲ အာဏာသိမ်းမှုအကြောင်းကိုပြောတဲ့ ဆရာ၊ ဆရာမတွေ၊ တရားသူကြီးတွေ၊ စစ်သားတွေအပါအဝင် စုစုပေါင်း ၁၅၀၀၀၀ လောက်ကို အလုပ်မှ ရပ်ဆိုင်းလိုက်မှုတွေလည်း ပါဝင်ပါတယ်။

မွတ်စလင်အသိုင်းအဝိုင်းရဲ့ထောက်ခံအားပေးသူတွေလို့ထင်ရတဲ့ သူတွေကို ဦးတည်တဲ့ အာဏာသိမ်းမှုအပြီး ဖိနှိပ်နှိမ်နင်းမှုတွေဟာ လုံခြုံရေးအခြေအနေအရလိုအပ်ကြောင်း တူရကီကပြောခဲ့ပါတယ်။ အန်ကာရာက အာဏာသိမ်းမှုမှာ ပါဝင်ခဲ့တယ်လို့ ယူဆတဲ့ အခြေအတည်တကျမရှိတဲ့ ရွှေ့ပြောင်းနေထိုင်သူတွေကို လွှဲပြောင်းပေးဖို့ တောင်းဆိုလိုက်တဲ့အပေါ် ဂျာမနီရဲ့ငြင်းဆိုမှုတွေကိုလည်း ပြစ်တင်မှုတွေရှိခဲ့ပါတယ်။

နှစ်နိုင်ငံ တင်းမာမှုတွေ မြင့်တက်နေတဲ့ကြားထဲမှာ တစ်ဖက်ကလည်း နှစ်နိုင်ငံသားခံယူထားမှုတွေ လေးဦးပါတဲ့ ဂျာမန်ခုနစ်ဦးကို နိုင်ငံရေးအကြောင်းပြမှုနဲ့ တူရကီနိုင်ငံမှာ ဖမ်းဆီးထိန်းသိမ်းမှုတွေ လုပ်ဆောင်ခဲ့ပါတယ်။

သို့သော်လည်း နှစ်နိုင်ငံ ကောင်းမွန်တဲ့ ဆက်ဆံရေးပြန်လည်ဖော်ဆောင်တဲ့ အထိမ်းအမှတ်အနေနဲ့ တူရကီနိုင်ငံခြားရေးဝန်ကြီး မက်လပ်တ်ကာဗူဆိုကလူက အခုလို ညှိနှိုင်းဆွေးနွေးမှုတွေက တစ်ဆင့် နှစ်နိုင်ငံကြား တည်ရှိနေတဲ့ တင်းမာမှုတွေကို ကျော်လွှားနိုင်လိမ့်မယ် ဖြစ်တယ်လို့ နေတိုးမဟာမိတ်တွေက ပြောကြဆိုကြတာတွေရှိပါတယ်လို့ ပြောခဲ့ပါတယ်။

တူရကီနှင့် ဂျာမနီနိုင်ငံတို့ဟာ ပဋိပက္ခဖြစ်ပွားနေတဲ့ အရှေ့အလယ်ပိုင်းနိုင်ငံတွေနဲ့ပတ်သက်ပြီး တူညီတဲ့ အမြင်များရှိကြောင်း၊ ရွှေ့ပြောင်းအခြေချနေထိုင်သူတွေအရေးကဲ့သို့သော လူသားချင်းစာနာနားလည်မှုဆိုင်ရာ အရေးကိစ္စများတွင် အတူတကွပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ကာဗူဆိုကလူက ဆက်လက်ပြောကြားခဲ့ပါတယ်။

ဇန်နဝါရီ ၆ ရက်က အလုပ်သဘောနေ့လယ်စာတွေ့ဆုံမှုတွင် ကာဗူဆိုကလူနှင့် ဂါဘရီယယ်တို့အနေနဲ့ နှစ်နိုင်ငံ ရှေ့ဆက်လုပ်ဆောင်မယ့် လုပ်ငန်းဆောင်တာတွေနှင့်ပတ်သက်ပြီး ဆွေးနွေးသွားမှာဖြစ်တယ်လို့ ကာဗူဆိုကလူက ပြောကြားခဲ့ပါတယ်။

သို့သော်လည်း အထက်မှာဖော်ပြခဲ့သလိုပဲ သူတို့မှာ မတူညီတဲ့အကြောင်းအရာတွေနဲ့သီးခြားကဏ္ဍတွေ ရှိပါသေးတယ်။ ဒါပေမယ့်လည်း ဂျာမနီကသဘောမတူတဲ့ လှုပ်ရှားမှုတစ်ခုဖြစ်ပုံရတဲ့ ဥရောပသမဂ္ဂနဲ့ဆက်သွယ်ရင် ကောင်းမလား၊ မဆက်သွယ်ရင်ကောင်းမလားဆိုတာနဲ့ ပတ်သက်ပြီး တူရကီအနေနဲ့ သဘောထားမတူညီမှုဖြစ်နေပါသေးတယ်။ သို့သော်လည်း သူ့အနေနဲ့ ဒီအပေါ် အပြုသဘောဆောင် အကျိုးသင့်အကြောင်းသင့်ပြောခဲ့ပါတယ်။

ဒီနေရာမှာ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ အကျိုးများအောင် မတူညီမှုတွေ ဘေးဖယ်ထားပြီး ဆက်လက်လျှောက်လှမ်းရမှာပဲ ဖြစ်ပါတယ်။ နှစ်နိုင်ငံလုံးအတွက်အကျိုးရှိမယ့်အရေးကိုသာ အာရုံစိုက်သင့်ပါတယ်လို့သူက ဆက်လက်ပြောခဲ့ပါတယ်။

ဘာလင်နဲ့ အန်ကာရာတို့ကြားမှာ အငြင်းပွားဖွယ်ဖြစ်နေတဲ့ နောက်တစ်ခုကတော့ ဂျာမန်သတင်းစာဒိုင်ဝက်အတွက် သတင်းထောက်လုပ်နေတဲ့ ဒီနဇ်ယူဆယ်ကို ဖမ်းဆီးတဲ့ ကိစ္စပဲဖြစ်ပါတယ်။ တူရကီအာဏာပိုင်တွေက သူ့ကို ကာ့ဒ်အလုပ်သမားပါတီ (ပီကေကေ) ပါတီနဲ့ပတ်သက်ပြီး ဝါဒဖြန့်မှုတွေ လုပ်ဆောင်တယ်ဆိုပြီး စွပ်စွဲခဲ့ပါတယ်။ သို့သော်လည်း သူကတော့ ဒီစွပ်စွဲချက်တွေကို ငြင်းဆိုလိုက်ပါတယ်။

ဂေဘရီယယ်က ကာဗူဆိုကလူနဲ့ ပတ်သက်တဲ့ ဒီနဇ်ယူဆယ်အပါအဝင် အခုလိုဆုပ်လည်းဆူး စားလည်းရှူးတဲ့ အခြေအနေတွေကို ဆွေးနွေးခဲ့တယ်လို့ ပြောပါတယ်။ သို့သော်လည်း ဘယ်လို ဆွေးနွေးမှုတွေ လုပ်ဆောင်ခဲ့သလဲဆိုတာကိုတော့ အသေးစိတ်ထုတ်ဖော်ပြောကြားမှုတော့ မရှိခဲ့ပါဘူး။

ဂျာမနီဟာ တူရကီရဲ့အကြီးမားဆုံးကုန်သွယ်မှု မိတ်ဖက်နိုင်ငံတစ်ခုဖြစ်ပါတယ်။ သို့သော်လည်း ၂၀၁၇ ခုနှစ် ပထမကိုးလပတ်ကာလမှာ တူရကီသို့ ဥရောပရဲ့အကြီးမားဆုံး စီးပွားရေး တင်ပို့မှုဟာ ၅ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။

ဂျာမနီက တူရကီကို လက်နက်အမြောက်အမြား တင်ပို့တယ်ဆိုတဲ့ အချက်ဟာမဟုတ်ပါဘူးလို့ ဂေဘရီယယ်က ဒါစပိုင်ဂျယ် မဂ္ဂဇင်းကို ဇန်နဝါရီ ၅ ရက်ကပြောခဲ့ပါတယ်။ အဲဒီအချက်ဟာလည်းပဲ ဒီနဇ်ယူဆယ်ကိစ္စမဖြေရှင်းနိုင်သေးခင် တစ်ပူပေါ် နှစ်ပူဆင့်ဆိုသလို နောက်ထပ် ဖြစ်ပေါ်လာတဲ့ ကိစ္စတစ်ခုပဲ ဖြစ်ပါတယ်။

ဂျာမနီအစိုးရဟာ တူရကီရှိ သံချပ်ကာကားတွေအတွက် မိုင်းကာကွယ်ရေးပစ္စည်းတွေကို ပို့ပေးရင်ကောင်းမလား၊ မကောင်းဘူးလား ဆိုပြီးစဉ်းစားနေပါတယ်လို့ ဇန်နဝါရီ ၆ ရက်က ဂေဘရီယယ်က ပြောခဲ့ပါတယ်။ မည်သို့ပင်ဆိုစေ ဂျာမနီနိုင်ငံ အလယ်ပိုင်း အင်ပါယာနန်းတော်မှာ နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးတွေ အနေဖြင့် တွေ့ဆုံခဲ့ခြင်းက ဂျာမနီနဲ့ တူရကီနိုင်ငံတို့အတွက် အပြုသဘောဆောင်တဲ့ တိုးတက်မှုပဲဖြစ်ပါတော့တယ်။ တစ်နိုင်ငံနဲ့ တစ်နိုင်ငံမတူညီမှုတွေ ရှိနေလင့်ကစား နှစ်နိုင်ငံအကျိုးစီးပွားအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည်ဆိုပါက တူရကီနဲ့ဂျာမနီနိုင်ငံတို့ရဲ့ဆက်ဆံရေးဟာ ပိုပြီးခိုင်မာလာမှာဖြစ်သလို အဆိုးထက်အကောင်းဘက်ကို ပိုရောက်ဖို့ပဲ ရှိပါတယ်။

**ရိုက်တာ**

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ ပြဋ္ဌာန်း

*ယမန်နေ့မှ အဆက်*

**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ရေးသားဖော်ပြချက်**

၃၁၈။ (က) ကုမ္ပဏီဖျက်သိမ်းသည့်အမိန့်ကို ချမှတ်သည့်အခါ တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ပုဒ်မ ၃၁၅ အရ တင်ပြသည့် ရေးသားဖော်ပြချက်အား လက်ခံရရှိပြီးနောက် အဆိုပါအမိန့်ကို ချမှတ်သည့်နေ့မှ လေးလထက် နောက်မကျစေဘဲ သို့မဟုတ် တရားရုံးကခွင့်ပြုလျှင် ခြောက်လထက် နောက်မကျစေဘဲ သို့မဟုတ် ရေးသားဖော်ပြချက်တင်ပြရန် လိုအပ်ခြင်းမရှိကြောင်း တရားရုံးက အမိန့်ချမှတ်သည့် ကိစ္စရပ်တွင် အမိန့်ချမှတ်သည့်နေ့ရက်မှ အောက်ပါအချက်အလက်များပါဝင်သော ကနဦး အစီရင်ခံစာ တစ်စောင်ကိုတရားရုံးသို့ ဆောလျင်စွာတင်ပြရမည် -

(၁) အောက်ပါခေါင်းစဉ်များအလိုက် သီးခြားစီဖော်ပြပါရှိသော ထုတ်ဝေထားသည့် မတည်ငွေရင်းပမာဏ၊ ထည့်ဝင်ထားသည့် မတည်ငွေရင်းပမာဏ၊ ထည့်ဝင်ပြီး မတည်ငွေရင်းပမာဏ၊ ရရန်ပိုင်ခွင့်များနှင့် တာဝန်ရှိမှုများအတွက် ခန့်မှန်း တွက်ချက်မှုပမာဏ၊

(ကက) ငွေသားနှင့် လွှဲပြောင်းနိုင်သော ငွေချေးသက်သေခံ လက်မှတ်များ၊

(ခခ) ကြွေးမြီပေးဆပ်ရသူများထံမှ ရရှိမည့် ကြွေးမြီများ၊

(ဂဂ) ကုမ္ပဏီကရရှိမည့် ကြွေးမြီများနှင့် ကြွေးမြီပေးချေရန် အာမခံချက်များရှိခဲ့လျှင်၊

(ဃဃ) ကုမ္ပဏီပိုင်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများနှင့်

(ငင) ငွေပေးချေခြင်း မပြုရသေးသော ထည့်ဝင်ရမည့် မတည်ငွေရင်း၊

(၂) ကုမ္ပဏီက လုပ်ငန်းအောင်မြင်မှုမရှိခဲ့လျှင် ထိုသို့ဖြစ်ရသည့်အကြောင်းများနှင့်

(၃) ကုမ္ပဏီကို တည်ထောင်ခြင်းလုပ်ငန်းပြုလုပ်ခြင်း၊ ဖွဲ့စည်းခြင်း သို့မဟုတ် ကုမ္ပဏီ၏လုပ်ငန်းအောင်မြင်မှုမရှိခြင်း၊ ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်း ဆောင်ရွက်မှုများနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များအပေါ် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ထင်မြင်ချက်အရ ထပ်မံစိစစ်ရန် လိုအပ်ခြင်းရှိ မရှိ။

(ခ) တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ၎င်းအနေဖြင့် သင့်သည်ထင်မြင်လျှင် ကုမ္ပဏီအား ဖွဲ့စည်းတည်ထောင်ခဲ့သည့်အခြေအနေ၊ ကုမ္ပဏီကို တည်ထောင်ခြင်းလုပ်ငန်းပြုလုပ်ခြင်း သို့မဟုတ် ဖွဲ့စည်းခြင်းတွင် ပါဝင်သူ တစ်ဦးဦး၊ ကုမ္ပဏီအား ဖွဲ့စည်းတည်ထောင်ပြီးနောက် ကုမ္ပဏီနှင့်စပ်လျဉ်း၍ ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးဦး သို့မဟုတ် အရာရှိတစ်ဦးဦးက လိမ်လည်မှုတစ်ရပ်ရပ်ကို ကျူးလွန်ထားသည်ဟု ထင်မြင်ချက်နှင့် တရားရုံးကသိရှိရန် လိုအပ်သည်ဟု ထင်မြင်သော အခြားအကြောင်းအရာများကို ဖော်ပြထားသည့် အခြားအစီရင်ခံစာ တစ်စောင် သို့မဟုတ် အစီရင်ခံစာများကိုလည်း တင်ပြနိုင်သည်။

**ကုမ္ပဏီ၏ပစ္စည်းများကို ထိန်းသိမ်းထားရှိခြင်း**

၃၁၉။ (က) ယာယီအားဖြင့် ခန့်အပ်ထားခြင်း ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ကုမ္ပဏီက ပိုင်ဆိုင်သည့် သို့မဟုတ် ပိုင်ဆိုင်ခွင့်ရှိသည့် ပစ္စည်းများ၊ ပိုင်ဆိုင်မှုများနှင့် တောင်းခံခွင့်ရှိသည်များ အားလုံးကို ၎င်း၏ထိန်းသိမ်းမှု သို့မဟုတ် ကြီးကြပ်မှုအောက်တွင်ထားရှိရမည်။

(ခ) ကုမ္ပဏီ၏ ပစ္စည်းများနှင့် ပိုင်ဆိုင်မှုများအားလုံးသည် ကုမ္ပဏီဖျက်သိမ်းသည့် အမိန့်အား ချမှတ်သည့်နေ့ရက်မှစတင်၍ တရားရုံး၏ ထိန်းသိမ်းမှုအောက်တွင် ထားရှိသည်ဟု မှတ်ယူရမည်။

**စည်းမျဉ်းအရ ကုမ္ပဏီဖျက်သိမ်းခြင်းနှင့် သက်ဆိုင်သော စစ်ဆေးရေးကော်မတီ**

၃၂၀။ (က) တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိနှင့်အတူ ဆောင်ရွက်နိုင်ရန်အတွက် စစ်ဆေးရေးကော်မတီ တစ်ရပ်ကို ခန့်အပ်မည်၊ မခန့်အပ်မည်ကိုလည်းကောင်း၊ ခန့်အပ်ခဲ့ပါက မည်သူများကို ကော်မတီ၏ အဖွဲ့ဝင်များအဖြစ် ခန့်အပ်မည်ကို သော်လည်းကောင်း ဆုံးဖြတ်နိုင်ရန်အလို့ငှာ ကုမ္ပဏီ၏ စာရင်းစာအုပ်များနှင့် စာရွက်စာတမ်းများတွင် သတ်မှတ်ဖော်ပြထားသည့်အတိုင်း ကုမ္ပဏီ၏ မြီရှင်များအစည်းအဝေးတစ်ရပ်ကို ကုမ္ပဏီဖျက်သိမ်းသည့် အမိန့်အား ချမှတ်သည့် နေ့ရက်မှ တစ်လအတွင်း ခေါ်ယူကျင်းပရမည်။

(ခ) တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် မြီရှင်များ၏ ဆုံးဖြတ်ချက်များကို စဉ်းစားသုံးသပ်ရန်နှင့် အဆိုပါဆုံးဖြတ်ချက်များကို ပြင်ဆင်ချက်ဖြင့် လက်ခံရန် သို့မဟုတ် ပြင်ဆင်ချက်မပြုလုပ်ဘဲ လက်ခံရန်တို့အတွက် ကြွေးမြီပေးဆပ်ရသူများ၏ အစည်းအဝေးတစ်ရပ်ကို မြီရှင်များ၏ အစည်းအဝေးအား ကျင်းပသည့်နေ့ရက်မှ ခုနစ်ရက်အတွင်း ခေါ်ယူကျင်းပရမည်။

(ဂ) ကြွေးမြီပေးဆပ်ရသူများသည် မြီရှင်များ၏ ဆုံးဖြတ်ချက်ကို အပြည့်အဝ လက်ခံနိုင်ခြင်းမရှိပါက တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် စစ်ဆေးရေးကော်မတီတစ်ရပ်ကို ခန့်အပ်ရန် လိုအပ် ခြင်းရှိ မရှိ၊ လိုအပ်ခြင်းရှိပါက ထိုကော်မတီကို မည်သို့ဖွဲ့စည်းမည်နှင့် ထိုကော်မတီတွင် မည်သူများက အဖွဲ့ဝင်များအဖြစ် ပါဝင်ကြမည်တို့အပေါ် လမ်းညွှန်မှုပြုနိုင်ရန်အတွက် တရားရုံးသို့လျှောက်ထားရန် တာဝန်ရှိသည်။

(ဃ) ဤပုဒ်မအရ ခန့်အပ်သည့် စစ်ဆေးရေးကော်မတီတွင် ကုမ္ပဏီ၏ မြီရှင်များနှင့် ကြွေးမြီ ပေးဆပ်ရသူများ၊ သို့မဟုတ် မြီရှင်များနှင့် ကြွေးမြီပေးဆပ်ရသူများထံမှ အထွေထွေ သို့မဟုတ် အထူးကိုယ်စားလှယ်လွှဲစာများ ကိုင်ဆောင်ထားသည့်ပုဂ္ဂိုလ်များ ပါဝင်သောအဖွဲ့ဝင် ၁၂ ဦးထက် မပိုသောသူများဖြင့် ပါဝင်ဖွဲ့စည်းရမည်။ ယင်းအဖွဲ့ဝင်ဦးရေတွင် မြီရှင်များနှင့် ကြွေးမြီပေးဆပ်ရသူများ၏ အစည်းအဝေးများ၌ သဘောတူညီထားသော အချိုးအစားဖြင့် ပါဝင်ဖွဲ့စည်းနိုင်ပြီး ထိုသို့သဘောတူညီထားခြင်းမရှိပါက တရားရုံးက ဆုံးဖြတ်နိုင်သည်။

(င) စစ်ဆေးရေးကော်မတီသည် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိ၏ စာရင်းများကို သင့်လျော်သည့် အချိန်တိုင်းတွင် စစ်ဆေးခွင့်ရှိသည်။

(စ) ကော်မတီသည် အခါအားလျော်စွာ သတ်မှတ်ထားသည့် အချိန်များတွင် တွေ့ဆုံကျင်းပရမည်ဖြစ်ပြီး ထိုသို့သတ်မှတ်ထားသည့် အချိန်ကာလမရှိပါက တစ်လလျှင် အနည်းဆုံးတစ်ကြိမ် တွေ့ဆုံကျင်းပရမည်။ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိ သို့မဟုတ် ကော်မတီ၏ အဖွဲ့ဝင်တစ်ဦးဦးက လိုအပ်သည်ဟု ထင်မြင်သည့်အခါ ကော်မတီအစည်းအဝေးတစ်ရပ် ခေါ်ယူကျင်းပပေးရန် တင်ပြတောင်းဆိုနိုင်သည်။

(ဆ) ကော်မတီသည် အစည်းအဝေးတက်ရောက်သော အဖွဲ့ဝင်အများစုဖြင့် ဆုံးဖြတ်ဆောင်ရွက်ရမည်ဖြစ်ပြီး ကော်မတီ၏ အဖွဲ့ဝင်အများစု မတက်ရောက်ခဲ့ပါက ထိုသို့ဆုံးဖြတ်ဆောင်ရွက်ခြင်း မပြုရ။

(ဇ) ကော်မတီအဖွဲ့ဝင်တစ်ဦးဦးသည် ၎င်းကိုယ်တိုင် စာဖြင့်ရေးသား လက်မှတ်ရေးထိုးထားသည့် အကြောင်းကြားစာကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ ပေးပို့၍ နုတ်ထွက် နိုင်သည်။

(ဈ) ကော်မတီအဖွဲ့ဝင်တစ်ဦးဦးသည် လူမွဲအဖြစ် ခံယူရခြင်း သို့မဟုတ် ၎င်း၏ မြီရှင်များနှင့်ညှိနှိုင်းဆောင်ရွက်ရခြင်း သို့မဟုတ် အစီအစဉ်တစ်ရပ်ရပ် ပြုလုပ်ရခြင်း သို့မဟုတ် ၎င်းနှင့်အတူ မြီရှင်များ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများအား ကိုယ်စားပြုသည့် ကော်မတီအဖွဲ့ဝင်များ၏ ခွင့်ပြုချက်မရရှိဘဲ ကော်မတီ အစည်းအဝေးများကို တက်ရောက်ရန် ငါးကြိမ်ဆက်တိုက်ပျက်ကွက်ခြင်းတို့ ရှိခဲ့လျှင် ထိုကော်မတီအဖွဲ့ဝင်သည် လုပ်ငန်းခွင်မှ ပျက်ကွက်သည်ဟု သတ်မှတ်ရမည်။

(ည) ကော်မတီအဖွဲ့ဝင်တစ်ဦးသည် မြီရှင်များအား ကိုယ်စားပြုလျှင် မြီရှင်များ၏ အစည်းအဝေး၌လည်းကောင်း၊ ကြွေးမြီပေးဆပ်ရသူများအား ကိုယ်စားပြုလျှင် ကြွေးမြီပေးဆပ်ရသူများ၏ အစည်းအဝေး၌လည်းကောင်း သာမန် ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်၍ ၎င်းကို ထုတ်ပယ်နိုင်သည်။ အဆိုပါ အစည်းအဝေးအတွက် ကျင်းပရသည့် ရည်ရွယ်ချက်အား ဖော်ပြပါရှိသည့် အကြောင်းကြားစာကို အနည်းဆုံး ခုနစ်ရက်ကြိုတင်ပေးပို့၍ ဆောင်ရွက်ရမည်။

(ဋ) ကော်မတီတွင် လစ်လပ်နေရာ ဖြစ်ပေါ်ပါက စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိသည် အဆိုပါလစ်လပ်နေရာတွင် ဖြည့်စွက်ခန့်ထားနိုင်ရေးအတွက် မြီရှင်များ၏ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများ၏ အစည်းအဝေးတစ်ရပ်ကို ခေါ်ယူကျင်းပရမည်ဖြစ်ပြီး အစည်းအဝေးတွင် ဆုံးဖြတ်ချက်ချမှတ်၍ လစ်လပ်နေရာအား ဖြည့်စွက်ရန်အတွက် မူလကော်မတီအဖွဲ့ဝင်ကို ပြန်လည်ခန့်အပ်နိုင်သည် သို့မဟုတ် အခြားမြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူ တစ်ဦးဦးကို ခန့်အပ်နိုင်သည်။

(ဌ) ကော်မတီတွင် လစ်လပ်နေရာ တစ်ခုခုရှိနေစေကာမူ ကော်မတီ၏အဖွဲ့ဝင်များက နှစ်ဦးထက်မနည်းရှိပါက ဆက်လက်ဆောင်ရွက်နိုင်သည်။

**တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ လုပ်ပိုင်ခွင့်များ**

၃၂၁။ တရားရုံး၏ ခွင့်ပြုချက်ဖြင့် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိသည် အောက်ပါတို့ကိုဆောင်ရွက်ခွင့်ရှိသည် -

(က) ကုမ္ပဏီ၏ အမည်ဖြင့်သော်လည်းကောင်း၊ ကုမ္ပဏီ၏ ကိုယ်စားသော်လည်းကောင်း တရားမမှု သို့မဟုတ် ပြစ်မှုဆိုင်ရာအမှုများနှင့် စပ်လျဉ်းသည့် တရားစွဲဆိုမှု သို့မဟုတ် စစ်ဆေးဆောင်ရွက်မှုများတွင် စွဲဆိုဆောင်ရွက်ခြင်း သို့မဟုတ် ခုခံချေပခြင်း၊

(ခ) ကုမ္ပဏီကို အကျိုးရှိသည့်နည်းလမ်းဖြင့် ဖျက်သိမ်းရန်လိုအပ်သည့် အတိုင်းအတာအထိ ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဂ) လေလံဖြင့်ဖြစ်စေ၊ သီးခြားပဋိညာဉ် စာချုပ်တစ်ရပ်ရပ်ဖြင့်ဖြစ်စေ ကုမ္ပဏီ၏ မရွှေ့မပြောင်းနိုင်သောပစ္စည်းများနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများကို ရောင်းချခြင်း၊ ထိုပစ္စည်းများကို ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် ကုမ္ပဏီတစ်ခုခုသို့ လွှဲပြောင်းပေးခြင်း သို့မဟုတ် ထိုပစ္စည်းများကို ပိုင်းခြား၍ ရောင်းချခြင်း၊

(ဃ) စာချုပ်စာတမ်းများ၊ လက်ခံပြေစာများနှင့် အခြားစာရွက်စာတမ်းများတွင် ကုမ္ပဏီ၏ အမည်နှင့် ကုမ္ပဏီ၏ကိုယ်စားဆောင်ရွက်ခြင်းနှင့် လက်မှတ်ရေးထိုး ချုပ်ဆိုခြင်း၊ ထိုကိစ္စရပ်များအတွက် လိုအပ်ပါက ကုမ္ပဏီ၏ ရုံးတံဆိပ်ကို အသုံးပြုခြင်း၊

(င) ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးက လူမွဲခံယူသည့်ကိစ္စရပ်တွင် ထိုသူ၏ပစ္စည်းများအပေါ် စာရင်းရှင်းလင်းဆောင်ရွက်ရန်အတွက် အတည်ပြုခြင်း၊ ရှင်းလင်းခြင်းနှင့် တောင်းဆိုခြင်း၊ အမြတ်ဝေစုများခွဲဝေခြင်းကို လက်ခံခြင်း၊ အဆိုပါ စာရင်းရှင်းတမ်းနှင့် စပ်လျဉ်း၍ လူမွဲခံယူသူထံမှ ရရန်ရှိသည့် သီးခြားကြွေးမြီများအဖြစ် အခြားမြီရှင်များနှင့်အချိုးကျ ရယူဆောင်ရွက်ခြင်း၊

(စ) ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းအနေဖြင့် ငွေလွှဲလက်မှတ် သို့မဟုတ် ငွေပေးချေရန် ကတိစာချုပ်ကို ကုမ္ပဏီအနေဖြင့်ဖြစ်စေ၊ ကုမ္ပဏီ၏ ကိုယ်စားအနေဖြင့်ဖြစ်စေ ထုတ်ယူခြင်း လက်ခံခြင်း၊ ပြုလုပ်ခြင်းနှင့် အတည်ပြုထောက်ခံခြင်းတို့ကို ကုမ္ပဏီ၏တာဝန်ရှိမှုများနှင့်စပ်လျဉ်း၍ အလားတူအကျိုးသက်ရောက်မှုရှိ၍ ဆောင်ရွက်သကဲ့သို့ ငွေလွှဲလက်မှတ် သို့မဟုတ် ငွေပေးချေရန် ကတိစာချုပ် တစ်ရပ်ရပ်ကို ကုမ္ပဏီ၏ အမည်ဖြင့် သို့မဟုတ် ကုမ္ပဏီ၏ကိုယ်စားထုတ်ယူခြင်း၊ လက်ခံခြင်း၊ ပြုလုပ်ခြင်းနှင့် အတည်ပြုထောက်ခံခြင်း၊

(ဆ) ကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များအပေါ် အာမခံထားရှိ၍ ငွေကြေးလိုအပ်ချက် တစ်ရပ်ရပ်ကို မြှင့်တင်ခြင်း၊

(ဇ) ကွယ်လွန်သွားသော ကြွေးမြီပေးဆပ်ရသူ တစ်ဦးဦးအပေါ် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိက ၎င်း၏အမည်ဖြင့် စီမံခန့်ခွဲခြင်းဆိုင်ရာစာကို ထုတ်ယူ ခြင်း၊ ယင်း၏အမည်ဖြင့် ကြွေးမြီပေးဆပ်ရသူတစ်ဦးဦး သို့မဟုတ် ၎င်း၏အမွေဆက်ခံသူထံမှ ရရန်ရှိသည့်ငွေကြေးများ ပေးချေမှုကိုရယူခြင်း သို့မဟုတ် ကုမ္ပဏီ၏အမည်ဖြင့် အဆင်ပြေစွာ ဆောင်ရွက်နိုင်ခြင်းမရှိသော ပစ္စည်းများကို ရယူခြင်းများအတွက် လိုအပ်သော ဆောင်ရွက်မှုများကို ပြုလုပ်ခြင်း၊ စာရင်း ရှင်းလင်းဖျက်သိမ်းရေးအရာရှိက စီမံခန့်ခွဲခြင်းဆိုင်ရာစာကို ထုတ်ယူရာတွင် လည်းကောင်း၊ ဖယ်ရှားဆောင်ရွက်ရာတွင်လည်းကောင်း၊ ငွေကြေးများကို ပြန်လည်ရယူရာတွင်လည်းကောင်း အဆိုပါကိစ္စရပ်များတွင် ပေးချေရမည့် ငွေကြေးကို စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံသို့ ပေးချေရမည်ဟု မှတ်ယူရမည်။ သို့ရာတွင် ဤပုဒ်မတွင်ပါရှိသည့် မည်သည့်ပြဋ္ဌာန်းချက်ကမျှ ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အခွင့်အရေးများ၊ တာဝန်များနှင့် အကျိုး ခံစားခွင့်များကို မထိခိုက်စေရ။

(ဈ) ကုမ္ပဏီကို ဖျက်သိမ်းရန်အတွက် လိုအပ်သော ကုမ္ပဏီ၏ကိစ္စရပ်များ၊ ယင်း၏ ရရန်ပိုင်ခွင့်များကို ခွဲဝေပေးခြင်းများအတွက် အခြားလိုအပ်သည့် ကိစ္စရပ်များအားလုံးကို ဆောင်ရွက်ခြင်း။

**တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ချင့်ချိန်ဆောင်ရွက်နိုင်မှုနှင့်တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသို့ ဥပဒေဆိုင်ရာ အကူအညီများ ပေးရေးအတွက် ပြဋ္ဌာန်းချက်**

၃၂၂။ (က) တရားရုံးသည် အမိန့်တစ်ရပ်ထုတ်ပြန်၍ တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိအား တရားရုံး၏ ခွင့်ပြုချက် သို့မဟုတ် ကြားဝင်ဆောင်ရွက်မှုမပါရှိဘဲ အထက်ဖော်ပြပါ လုပ်ပိုင်ခွင့်များတစ်ရပ်ရပ်ကို ကျင့်သုံးဆောင်ရွက်စေနိုင်သည်။ တရားဝင် ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို ယာယီခန့်အပ်ထားသည့် ကိစ္စရပ်တွင် ၎င်းအား ခန့်အပ်သည့်အမိန့်ဖြင့် ၎င်း၏လုပ်ပိုင်ခွင့်များကို ကန့်သတ်တားမြစ်နိုင်သည်။

(ခ) တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ၎င်း၏တာဝန်များကို ထမ်းဆောင်ရာတွင် အကူအညီရရှိရန်အတွက် တရားရုံးများတွင် လိုက်ပါဆောင်ရွက်ခွင့်ရှိသော ရှေ့နေတစ်ဦးကို တရားရုံး၏ ခွင့်ပြုချက်ဖြင့် ခန့်ထားနိုင်သည်။ သို့ရာတွင် တရားဝင် ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ရှေ့နေတစ်ဦးဖြစ်ပါက ယင်း၏ တွဲဖက်လုပ်ကိုင်သူက အခကြေးငွေမယူဘဲ ဆောင်ရွက်ပေးရန် သဘောတူညီခြင်းမရှိလျှင် အဆိုပါ တွဲဖက်လုပ်ကိုင်သူကို ခန့်အပ်ခြင်းမပြုရ။

**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် အစည်းအဝေးဆောင်ရွက်မှုများပါရှိသော စာရင်းစာအုပ်များကို ထိန်းသိမ်းထားရှိရခြင်းနှင့် ၎င်း၏လက်ခံရရှိထားသော စာရင်းများကို တရားရုံးသို့တင်ပြရခြင်း**

၃၂၃။ (က) တရားရုံးကဖျက်သိမ်းမည့် ကုမ္ပဏီတစ်ခု၏ တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် သတ်မှတ်ဖော်ပြထားသည့် နည်းလမ်းများနှင့်အညီ အစည်းအဝေးဆောင်ရွက်မှုဆိုင်ရာ စာရင်းရေးသွင်းမှုများ သို့မဟုတ် အစည်းအဝေးမှတ်တမ်းများနှင့် အခြားသတ်မှတ်ဖော်ပြထားသည့် ကိစ္စရပ်များကိုပြုစုထားရှိရန် သင့်လျော်သည့် စာရင်းစာအုပ်များ ကို ထိန်းသိမ်းထားရှိရမည်ဖြစ်သည်။ မြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူ တစ်ဦးဦးသည် တရားရုံး၏ ကြီးကြပ်မှုဖြင့် ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဖြင့်သော်လည်းကောင်း အဆိုပါ စာရင်းစာအုပ်များကို စစ်ဆေးကြည့်ရှုနိုင်သည်။

(ခ) တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ အားလုံးသည် ၎င်းတို့၏ သက်တမ်းကာလအတွင်း နှစ်စဉ်နှစ်ကြိမ်ထက်မနည်းသော သတ်မှတ်ဖော်ပြထားသည့် အချိန်ကာလများ၌ ၎င်းတို့အနေဖြင့် လက်ခံရရှိထားသော စာရင်းနှင့် ငွေပေးချေမှုများကို တရားရုံးသို့ တင်ပြရမည်။

(ဂ) စာရင်းကို သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် ပြုစု၍ မူရင်းကွဲများထားရှိရမည့်အပြင် သတ်မှတ်ဖော်ပြထားသည့်နည်းလမ်းနှင့်အညီ ကြေညာချက် တစ်စောင်ဖြင့် အတည်ပြုရမည်။

(ဃ) တရားရုံးသည် သင့်သည်ထင်မြင်သည့်နည်းလမ်းဖြင့် စာရင်းအား စစ်ဆေးပြုစုရမည်။ စာရင်းစစ်ဆေးရန်အတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် တရားရုံးက လိုအပ်မည်ဖြစ်သည့် ဘောက်ချာများနှင့် သတင်းအချက်အလက်များကို တရားရုံးသို့ တင်ပြရမည်ဖြစ်ပြီး တရားရုံးသည် မည်သည့်အချိန်တွင်မဆို စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိက ထိန်းသိမ်းထားရှိသည့် စာရင်းစာအုပ်များနှင့် စာရင်းများကို ပြုစုတင်ပြစေနိုင်သည့်အပြင် စစ်ဆေးကြည့်ရှုနိုင်သည်။

(င) စာရင်းအား စစ်ဆေးပြီးသည့်အခါ ယင်း၏မိတ္တူတစ်စောင်ကို တရားရုံးတွင် မှတ်တမ်းပြုစုထိန်းသိမ်းထားရှိရမည်ဖြစ်ပြီး အခြားမိတ္တူတစ်စောင်ကို မှတ်တမ်းပြုစုထားရှိရန်အတွက် မှတ်ပုံတင်အရာရှိထံသို့ ပေးပို့ရမည်။ ထိုမိတ္တူတစ်စောင်စီကို မြီရှင်များ သို့မဟုတ် သက်ဆိုင်သည့် ပုဂ္ဂိုလ်များက စစ်ဆေးကြည့်ရှုနိုင်စေရန် ထားရှိရမည်။

**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးခြင်းနှင့် ကြီးကြပ်ခြင်း**

၃၂၄။ (က) ဤဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များနှင့်အညီ တရားရုံးက ဖျက်သိမ်းမည့် ကုမ္ပဏီတစ်ခု၏ တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိသည် ကုမ္ပဏီ၏ရရန်ပိုင်ခွင့်များကို စီမံခန့်ခွဲခြင်းနှင့် ယင်းပစ္စည်းများကို မြီရှင်များထံသို့ ပေးအပ်ခြင်းတို့တွင် အထွေထွေအစည်းအဝေး တစ်ရပ်ရပ်၌ သို့မဟုတ် စစ်ဆေးရေးကော်မတီက မြီရှင်များ သို့မဟုတ် ကြွေးမြီ ပေးဆပ်ရသူများ၏ ဆုံးဖြတ်ချက်ဖြင့် ချမှတ်ထားသည့် ညွှန်ကြားချက်များကို ထည့်သွင်းစဉ်းစားရမည်။ အထွေထွေအစည်းအဝေးတစ်ရပ်ရပ်၌ မြီရှင်များ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများက ချမှတ်ထားသည့် ညွှန်ကြားချက် တစ်ရပ်ရပ်သည် စစ်ဆေးရေးကော်မတီက ချမှတ်သည့် ညွှန်ကြားချက် တစ်ရပ်ရပ်နှင့် ဆန့်ကျင်နေလျှင် စစ်ဆေးရေးကော်မတီ၏ ညွှန်ကြားချက် အပေါ် လွှမ်းမိုးသည်ဟု မှတ်ယူရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

# မုန်တိုင်ရွာနှင့် အုတ်ကျောင်းပိဋကတ်တိုက်

**မောင်သာ(ရှေးဟောင်းသုတေသန)**

ဗုဒ္ဓဘာသာကို အများဆုံးကိုးကွယ်ခဲ့သည့် မြန်မာနိုင်ငံအတွင်း ရဟန်းသံဃာများသီတင်းသုံးနေထိုင်ရန် ဘုန်းတော်ကြီးကျောင်းများကို အလှူရှင်များက သစ်၊ အုတ်၊ ကျောက်စသည်တို့ဖြင့် ခေတ်အဆက်ဆက် တည်ဆောက်လှူဒါန်းခဲ့ကြသည်။ ယင်းတို့အနက် အုတ်ဖြင့်တည်ဆောက်ခဲ့သည့် သမိုင်းဝင် ဘုန်းတော်ကြီးကျောင်းများတွင် မုန်တိုင်အုတ်ကျောင်းသည်လည်း တစ်ခုအပါအဝင် ဖြစ်သည်။

မုန်တိုင်သည် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်အတွင်းရှိ ကျေးရွာတစ်ခုဖြစ်ပြီး မိတ္ထီလာမြို့မှ အနောက်သို့ ၁၀ မိုင် ကွာဝေးသည်။ အိမ်ခြေ ၄၈၀၊ လူဦးရေ ၃၉၀၀ ကျော်ရှိသည့် မုန်တိုင်ရွာရှိ အုတ်ကျောင်းကြီးကို မိတ္ထီလာ-ကျောက်ပန်းတောင်း ကားလမ်း၏ လက်ယာဘက်တွင် မြင်တွေ့နိုင်သည်။ မုန်တိုင်အုတ်ကျောင်းတွင် ပိဋကတ်ပေစာထုပ်များကို ထိန်းသိမ်းထားရှိခဲ့သဖြင့် ‘မုန်တိုင်အုတ်ကျောင်း ပိဋကတ်တိုက်’ဟုလည်း ထင်ရှားခဲ့သည်။

**သမိုင်းထဲမှ မိတ္ထီလာ**

မိတ္ထီလာမြို့သည် မင်းဝံကုန်းတန်း၏အထက် အမြင့်ပေ ၈၀၀ တွင် တည်ရှိကာ မော်တော်ကားဖြင့်လာလျှင် ရန်ကုန်မြို့မှ ၃၃၈ မိုင်နှင့် မန္တလေးမြို့မှ ၉၅ မိုင်ကွာဝေးသည်။ မြေပုံအညွှန်းအရ မိတ္ထီလာသည် မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၅၃ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၃ မိနစ်တွင် တည်ရှိသည်။ မြန်မာ့စွယ်စုံကျမ်းတွင် မိတ္ထီလာသည် ရှေးကသျှိသျှားမြို့ဟု အမည်တွင်ခဲ့ပြီး ကန်တော်ကို အစွဲပြု၍တွင်သောအမည်ဖြစ်သဖြင့် ကန်တော်အမည်ပြောင်းချိန်တွင် မြို့အမည်လည်း ပြောင်းလဲခဲ့ကြောင်း ရေးသားထားသည်။ မိတ္ထီလာအမည်သည် ပုဂံ အနော်ရထာမင်းလက်ထက်တွင် မထိလာဟူသည့်အမည်မှ ပြောင်းလဲလာခဲ့သည်ဟု ဆိုကြသော်လည်း ခိုင်မာသောအထောက်အထားကို မတွေ့ရှိကြသေးပါချေ။

မိတ္ထီလာကန်သည် မိတ္ထီလာမြို့၏ အထင်ရှားဆုံး အမှတ်လက္ခဏာဖြစ်ကာ “ရေမှာ စစ်ကိုင်း၊ လှိုင်းမှာ ပခန်းငယ်၊ လယ်မှာ တောင်တွင်း၊ စပါးမှာ ရမည်းသင်း၊ အင်းမှာ တောင်သမန်၊ ကန်မှာ မိတ္ထီလာ”ဟု မင်းကြီး သီရိမဟာဇေယျသူက ကဝိလက္ခဏာ ဒီပနီကျမ်းတွင် ဖွဲ့ဆိုခဲ့သည်။

မိတ္ထီလာမြို့နယ်ဖြစ်စဉ် သမိုင်းမှတ်တမ်းတွင် မိတ္ထီလာသည် ကုန်းဘောင်ခေတ် အလယ်ပိုင်းအထိ ထင်ရှားခြင်းမရှိဘဲ မိတ္ထီလာရွာဟူသည့်အမည်ကို ၁၇၉၆ ခုနှစ် ဗဒုံမင်းလက်ထက်တွင် ခိုင်လုံစွာတွေ့ရှိရပြီး ဆင်ဖြူရှင်မင်းလက်ထက်(ခရစ်နှစ် ၁၇၆၃-၁၇၇၆ ခုနှစ်)တွင် ထင်ရှားစွာရှိနေပြီဖြစ်ကြောင်း ဖော်ပြထားသည်။ ယင်းမှတ်တမ်းတွင် ပုဂံဘုရင်အနော်ရထာ မိတ္ထီလာသို့ရောက်ရှိခဲ့သည်ဆိုသည့် အချက်သည်ပင် သမိုင်းအထောက်အထား မတွေ့ရှိရသေးသဖြင့် သံသယဖြစ်ဖွယ်ရှိကြောင်း သုတေသနပြုရေးသားထားသည်။

မိတ္ထီလာမြို့တွင် ပရိယတ္တိစာသင်တိုက်များနှင့် သမိုင်းဝင်စေတီများ တည်ရှိရာ အနော်ရထာမင်းကြီးတည်ခဲ့သည်ဟု ယူဆကြသည့် ရှင်ပင်ဂူ၊ ရွှေဂူလှ၊ ရွှေဂူကြီး၊ ရွှေစောလူး၊ ရှင်ပင်ဇယစ် စေတီများအပြင် အလောင်းစည်သူမင်းတည်ခဲ့သည်ဟု ယုံကြည်ကြသည့် ရွှေမြင်တင်၊ ဖောင်တော်ဦး၊ ဆုတောင်းပြည့် စသည့် စေတီများကို ဖူးမြင်နိုင်ကြသည်။

မိတ္ထီလာနယ်တွင် ဘုရားစေတီပေါင်း ၁၀၈၈ ဆူ ရှိသည့်အနက် ယခု သာစည်မြို့နယ်ရှိ ရွှေယင်မျှော်ဘုရား၊ မိတ္ထီလာဝမ်းစာပြည့်ဘုရား၊ ကတ္တူကန်ရွာဘုရားနှင့် ကလိန်ခြေရွာဘုရားတို့သည် ရှေးအကျဆုံး ဖြစ်ကြပေသည်။

**မုန်တိုင်**

မိတ္ထီလာမြို့နယ်တွင် ရေအရင်းအမြစ်အများဆုံး စုစည်းသည့် နေရာများအဖြစ် မိတ္ထီလာကန်နှင့် ဆည်ခြောက်ခုရှိရာ ၁၉၆၆ ခုနှစ်က တည်ဆောက်ပြီးစီးခဲ့သည့် မုန်တိုင်ဆည်သည် ရေပြည့်ရေလှောင်ပမာဏ ၂၇၀၄၅ ဧကရှိပြီး မိတ္ထီလာကန်သို့ ရေအများဆုံးပို့လွှတ်သည့်ဆည် ဖြစ်သည်။ မုန်တိုင်ဆည်မှ ရေကို ၇ ဒသမ ၆၄ မိုင် ရှည်လျားသည့် ရေသွယ်မြောင်းမှတစ်ဆင့် မိတ္ထီလာကန်သို့ ပို့လွှတ်လျက်ရှိသည်။

မုန်တိုင်သည် ကုန်းဘောင်ခေတ်တွင်တည်ထောင်ခဲ့သည့် ကျေးရွာဖြစ်ဟန်ရှိကာ တောထန်းပင်ရိုင်းများပေါက်ရောက်နေသည့် မုန်တိုင်ပင်ထန်းတောကို ခုတ်ထွင်ရှင်းလင်းကာ ကျေးရွာတည်ခဲ့သဖြင့် မုန်တိုင်ရွာဟု အမည်တွင်ခဲ့ကြောင်း ဆိုခဲ့ကြသည်။

မုန်တိုင်ဆည်တည်ဆောက်ထားသည့် မုန်တိုင်ရွာ၏ နေရာလေးခုတွင် ကုန်းဘောင်ခေတ်လက်ရာ ရှေးဟောင်းစေတီ ၇၆ ဆူသည် တစ်စုတစ်စည်း တည်ရှိနေကြသည်။ ယင်းစေတီတော်များကို အုပ်စုလေးစုဖွဲ့လျက် ထိန်းသိမ်းစောင့်ရှောက်ထားရာ စေတီများသည် မုန်တိုင်ရွာ၏ အရှေ့ဘက်၊ တောင်ဘက်နှင့် ရွာလယ်တို့တွင် တည်ရှိနေကြသည်။ ယင်းတို့အနက် သိမ်ဘုရား၊ (ပြုံးတော်မူ) မျက်နှာကြီးဘုရား၊ ဗြိုဟ်ပြေနံ့ပြေ မိဖုရားကြီးဘုရား၊ ရှမ်းမိဖုရား ဘုရားများ၊ မြန်မာမိဖုရား ဘုရား၊ မိဖုရားလေး ဘုရား၊ ခရေဘုရား၊ လောကမာရဇိန်ဘုရား၊ ပြာသာဒ်ကြီးဘုရား၊ အုတ်ကျောင်းတော်ကြီး၊ မောင်းဘုရား၊ ပိဋကတ်တိုက်ဘုရား၊ မဟာဗောဓိရွှေညောင်တော်၊ ကိုးတောင်ပြည့်ဘုရား၊ စူဠာမဏိဘုရား၊ သိမ်တော်ဘုရား၊ တဝဂူဘုရား စသည်ဖြင့် ထင်ရှားသော စေတီဘုရားများ ပါရှိသည်။ ယင်းစေတီများအနက် စေတီတော်အချို့တွင် ယခုတိုင် ဝါတွင်းသုံးလပတ်လုံး အလှည့်ကျ ဆွမ်းကပ်လေ့ရှိသည်။ မုန်တိုင်ကျေးရွာရှိ သမိုင်းဝင်စေတီများအနက် အုတ်ကျောင်းတော်ကြီး၊ အုတ်ဇရပ်နှင့် နံရံဆေးရေးပန်းချီများ ယခုတိုင်ကျန်ရှိနေသည့် ရွှေဘုံသာစေတီခေါ် ဇာတ်ဘုရားတို့သည် အထင်ရှားဆုံးဖြစ်ကြပေသည်။

**မုန်တိုင်အုတ်ကျောင်း**

မုန်တိုင်ကျေးရွာရှိ အဆောက်အအုံများအနက် လက်ရာခန့်ညားထယ်ဝါသည့် ရှေးဟောင်းအုတ်ကျောင်းကြီးတစ်ခုကို မြင်တွေ့နိုင်ကြသည်။ မုန်တိုင်ကျေးရွာ၏ မြောက်ဘက် မိတ္ထီလာ-ကျောက်ပန်းတောင်း မော်တော်ကားလမ်း၏ မြောက်ဘက်ခြမ်းတွင် တည်ရှိသည့် ယင်းကျောင်းကြီးသည် အလျား ၁၁၆ ပေ၊ အနံ ၈၃ ပေနှင့် အမြင့်ပေ ၈၀ ရှိသည်။ အုတ်ကျောင်းကြီးသည် အထပ်သုံးထပ်ပါရှိကာ မြေညီထပ်လေးဘက်တွင် မုခ်ပေါက် ၅၀ ရှိသည်။ ပထမထပ်တွင် မျက်နှာတစ်ဖက်လျှင် မုခ်ပေါက် သုံးပေါက်စီ ဖောက်ထားသဖြင့် မုခ်ပေါက် ၁၂ ခု ရှိသည်။ အပေါ်ဆုံးထပ်တွင် ကျောင်းတော်ကြီး၏ထိပ်သို့ တက်နိုင်သည့် မတ်စောက် ကျဉ်းမြောင်းသော အုတ်လှေကားတစ်ခုရှိရာ အကျယ် နှစ်ပေခွဲနှင့် အမြင့်မှာ ငါးပေခွဲခန့်သာ ရှိသည်။ ယင်းလှေကားမှ တက်ရောက်သွားလျှင် အုတ်ကျောင်းကြီး၏အရှေ့ဘက် အမိုးစွန်းရှိသည့်နေရာသို့ ရောက်ရှိသည်။



အုတ်ကျောင်းအပေါ်ထပ်တွင် အလျား ၁၈ ပေ၊ အနံ ငါးပေခွဲခန့် ကျယ်ဝန်းသည့် အခန်းတစ်ခုကို မြင်တွေ့နိုင်ကြသည်။ ရှေးအခါက ယင်းအခန်းသည် ရဟန်းများ သီတင်းသုံးနေထိုင်ခဲ့သည့်နေရာဟု ယူဆနိုင်ဖွယ်ရှိပြီး ယခုအခါတွင် လင်းနို့များခိုအောင်းနေသည့်နေရာ ဖြစ်နေပေသည်။ ကျောင်းကြီး၏ပထမထပ် အရှေ့ဘက်တွင် ဘုရားကျောင်းဆောင်တစ်ဆောင် ထည့်သွင်းပြုလုပ်ထားသည်။

မုန်တိုင်းအုတ်ကျောင်းကြီးကို ခရစ်နှစ် ၁၇၄၉ ခုနှစ် အင်းဝမဟာဓမ္မရာဇာဓိပတိမင်းလက်ထက် (ခရစ်နှစ် ၁၇၃၃-၁၇၅၂) တွင် အလှူရှင် ဦးပန်းရနှင့် ဇနီးဒေါ်စိန်တာတို့က တည်ဆောက်ခဲ့ကြောင်း ယာယီသတ်မှတ်ထားသည်။ မုန်တိုင်အုတ်ကျောင်းတည်ဆောက်ခဲ့သည့်ခုနှစ် မြန်မာသက္ကရာဇ် ၁၁၁၁ ခုနှစ်ကို “ဥသြအော်ဟစ်၊ အုတ်ကျောင်းသက္ကရာဇ်”ဟု အစဉ်အဆက်မှတ်သားခဲ့သော်လည်း အုတ်ကျောင်းပန္နက်နှင့် ဥမင်လိုဏ်တည်ထားပုံသည် ပုဂံခေတ်တွင် စတင်တည်ဆောက်ခဲ့ဟန်ရှိကြောင်း ဆရာဦးထွဏ်းလွင်က သုံးသပ်ခဲ့သည်။ အုတ်ကျောင်းပန္နက်သည် ပုဂံပိဋကတ်တိုက် ပန္နက်ပုံစံနှင့် အနီးစပ်ဆုံး တူညီနေသည်ဟုလည်း ဆိုပေသည်။

အုတ်ကျောင်းတိုက်တွင် ပိဋကတ်ပေစာထုပ်ပေါင်း ၁၆၅ ထုပ် ရှိခဲ့ပြီး ယင်းပေစာများကို အရှင်သြဘာသက ၁၉၉၇ ခုနှစ်တွင် အုတ်ကျောင်းဆရာတော်ကြီးထံ လှူဒါန်းခဲ့သည်။ သက်တော် ၆၉ နှစ်၊ ဝါတော် ၄၉ ဝါရှိသည့် အုတ်ကျောင်း မူလဆရာတော်ကြီး၏ ဩဝါဒပေးစာတမ်းတွင် “ပိဋကတ်တော်များကို မည်သည့်နေရာမှ မရွှေ့ရ၊ အဆက်ဆက် ဤစာတမ်းကိုဖတ်၍ ထိန်းသိမ်းပါ၊ မုန်တိုင်သူကြီး၊ တိုင်ခေါင်း၊ ရွာခေါင်းတို့က အစဉ်အဆက် စောင့်ရှောက်ကြပါ”ဟု ရေးသားထားကြောင်း သိရှိရပေသည်။

မုန်တိုင်အုတ်ကျောင်းတွင် ၂၀၁၁ ခုနှစ်အထိ ဘီးပါသော စာတိုက်သေတ္တာကြီး နှစ်လုံးနှင့် ဘီးမပါသော စာတိုက်သေတ္တာ နှစ်လုံး ရှိခဲ့ပြီး ယခုအခါတွင် ဘီးမပါသော စာတိုက်သေတ္တာနှစ်လုံးကိုသာ မြင်တွေ့ကြရသည်။ ပိဋကတ်ပေစာထုပ်များကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးဆုံးရှုံးမှုများရှိခဲ့ရာ ကျန်ရှိသည့် ပေစာထုပ်များကို မုန်တိုင်အုတ်ကျောင်းပေါ်ရှိ စာတိုက်သေတ္တာကြီးနှစ်လုံးတွင် သိမ်းဆည်း၍ ထိန်းသိမ်းစောင့်ရှောက်မှုများ ဆောင်ရွက်လျက်ရှိကြောင်း မုန်တိုင်အုတ်ကျောင်းဆရာတော် ဦးကုမာရက ရှင်းပြခဲ့သည်။

အုတ်ကျောင်းအတွင်းသို့ ဝင်သည့်အပေါက်များကို သံပန်းတံခါးများဖြင့် ပိတ်ထားသော်လည်း ဝင်ရောက်လေ့လာလိုသူများသည် အုတ်ကျောင်းဆရာတော်ထံ လျှောက်ထားကာ ဝင်ရောက်ကြည့်ရှုနိုင်ကြသည်။


ခရစ်နှစ် ၁၇၄၉ ခုနှစ်တွင် တည်ဆောက်ခဲ့သည်ဟု ယူဆကြသည့် မုန်တိုင်အုတ်ကျောင်းပုံစံသည် အင်းဝမြို့ဟောင်းရှိ နန်းမတော်မယ်နုအုတ်ကျောင်းနှင့် ဆင်တူကာ ကျောင်းအောက်ခြေတွင် လိုဏ်များပါရှိပြီး ကျောင်း၏မြောက်ဘက်တွင် သရက်ကင်း အုတ်လှေကားနှစ်စင်း တပ်ဆင်ထားသည်။ သို့သော် မုန်တိုင်အုတ်ကျောင်းသည် အလျား ၁၉၂ ပေ၊ အနံ ၁၁၂ ပေ၊ အမြင့် ၉၄ ပေရှိကာ ခရစ်နှစ် ၁၈၂၈ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့သည့် မယ်နုအုတ်ကျောင်းအောက် သေးငယ်သည်။

မုန်တိုင်အုတ်ကျောင်းတွင် သီတင်းသုံးရန် သာသနာပိုင်ဆရာတော်ထံ ခွင့်ပန်လျက် မန္တလေးမြို့တောင်ခွန်တိုက်အုပ်ဆရာတော် ဦးဉာဏအား ပင့်ဆောင်ခဲ့သည်။ ကိုးမြို့ဝန်ကြီး ဦးဘုံ ဦးစီးလျက် ဆရာတော်ဦးဉာဏကို မုန်တိုင်အုတ်ကျောင်းသို့ ပင့်ဆောင်ခဲ့ကြောင်း အစဉ်အဆက် ပြောဆိုခဲ့ကြသည်။ ဆရာတော်ဦးဉာဏ ပျံလွန်တော်မူပြီးနောက် မုန်တိုင်အုတ်ကျောင်းတွင် ဆရာတော် ၁၃ ပါးက ဆက်ခံသီတင်းသုံးခဲ့ကြသည်။

မုန်တိုင်အုတ်ကျောင်းနှင့်စပ်လျဉ်း၍ ကမ္ပည်းမှတ်တမ်းကျောက်စာ မရှိသော်လည်း ရှေးဟောင်း ကျောင်းတော်ကြီးတစ်ခုအဖြစ် အစဉ်အဆက် ထိန်းသိမ်းခဲ့ကြသည်။ မုန်တိုင်ကိုးမြို့ဝန် ဦးဘုံ ကွယ်လွန်ပြီးနောက် သားဖြစ်သူ ဦးလူတုတ်က မြို့ဝန်အဖြစ် ဆက်ခံခဲ့သည်။ ဘာသာတရားကို လေးစားကြည်ညိုသူ ဦးလူတုတ်သည် မုန်တိုင်ရွာ၏အရှေ့ဘက်တွင် အနောက်အရပ်သို့ မျက်နှာမူနေသည့် မုခ်ပေါက်နှစ်ပေါက်ပါရှိသော အုတ်ဇရပ်တစ်ဆောင်ကို ဆောက်လုပ်လှူဒါန်းခဲ့သည်။ အုတ်ဇရပ်၏ မုခ်ပေါက်တွင် ငါးကြင်းရုပ်ကို ထွင်းထုထားသည်မှာ ထူးခြားချက်ဖြစ်သည်။ အုတ်ဇရပ်အတွင်း၌ နံရံဆေးရေးပန်းချီများကို တွေ့ရှိနိုင်သည်။

**မုန်တိုင်ရွာမှ နံရံဆေးရေးပန်းချီများ**

ဝန်မင်းဦးလူတုတ် ဆောက်လုပ်သည့် ဇရပ်၏အင်္ဂတေပန်းတမော့လက်ရာများသည် အထူးကောင်းမွန်ကာ နတ်၊ သိကြား၊ ဗြဟ္မာ၊ မနုသီဟ၊ ဆင်၊ မြင်းနှင့် နဂါး ရုပ်ထုများကို လက်ရာမြောက်စွာ ထုလုပ်ထားသည်။ အလျား ပေ ၈၀၊ အနံပေ ၃၀၊ အမြင့် ပေ ၈၀ ရှိသည့် ဦးလူတုတ်ဇရပ်ကြီးသည် ပြာသာဒ် သုံးဆောင်ပါရှိသည့် ကုန်းဘောင်ခေတ်လက်ရာဖြစ်ပြီး အုတ်ဇရပ်တွင် ရဟန်းခံ၊ ရှင်ပြုပွဲများနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားများကို ကျင်းပခဲ့သည်။



မုန်တိုင်ရွာအရှေ့ဘက်ရှိ စေတီစု၌ ရွှေဘုံသာခေါ် ဇာတ်ဘုရားအမည်ရှိ စေတီတော်ရှိသည်။ စေတီတော်၏ လိုဏ်အလယ်တွင် ဗောဓိမဏ္ဍိုင်ရှိပြီး မဏ္ဍိုင်လေးဘက်ပတ်လည်တွင် မုခ်ပေါက်ဝများသို့ မျက်နှာမူထားသည့် ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော် လေးဆူရှိသည်။ ရုပ်ပွားတော်များ၏ ကျောဘက်နံရံတွင် ကုန်းဘောင်ခေတ်လက်ရာ ဆင်စွယ်ဝန်းယှက်ထားသည့် ညောင်ရွက်ကနုတ်ပန်း ဆေးရေးပန်းချီများရှိသည်။

လိုဏ်ပတ်လည်တွင်လည်း ပန်းချီကွက်များရှိရာ အပေါ်ဆုံးတန်းတွင် နှစ်ကျိပ်ရှစ်ဆူဘုရားများကိုလည်းကောင်း၊ ယင်းအောက်တွင် ဗုဒ္ဓဝင်လာ ဇာတ်ကွက်များကိုလည်းကောင်း၊ ယင်းအောက်၌ ဇာတ်ကြီးဆယ်ဘွဲ့လာ ဇာတ်ကွက်များကိုလည်းကောင်း ရေးဆွဲထားသည်။ ဗုဒ္ဓဝင်ဇာတ်ကွက်များ၏အောက် နံရံပေါ်တွင် နေမိဇာတ် သရုပ်ဖော်ပုံများကို ရေးဆွဲထားကာ မင်စာများပါ ရေးသားထားကြောင်း မြင်တွေ့နိုင်ကြသည်။

စေတီတော်လိုဏ်အတွင်း မြောက်ဘက်မုခ်နံရံတွင် ဘုရားလောင်း နိမိတ်ကြီးလေးပါးမြင်ပုံ၊ တောမထွက်မီ ယသော်ဓရာ၏အခန်းသို့ ဝင်ကြည့်ပုံ၊ မဟာဇနက္ကမင်းသား သင်္ဘောပျက်ပုံများကိုရေးဆွဲထားသည်။ ယသော်ဓရာပုံတွင် အမျိုးသမီးလေးဦး တူရိယာများ တီးမှုတ်နေပုံကို မြင်တွေ့နိုင်ကြသည်။ တစ်ဦးက စောင်းကိုတီးခတ်၍ တစ်ဦးက ညှင်းကိုမှုတ်ကာ တစ်ဦးက စည်းလိုက်နေပုံကို ရှားပါးသောရုပ်ပုံများအဖြစ် မြင်နိုင်ကြပေသည်။

**ပိဋကတ်တိုက်များ**

မိတ္ထီလာမြို့နယ်အတွင်း၌ မုန်တိုင်အုတ်ကျောင်း ပိဋကတ်တိုက်ကျောင်းအပြင် အခြားပိဋကတ်တိုက်များ ရှိသည့်အနက် ရွှေမြင်မိဘုရားဝင်းအတွင်းရှိ ပိဋကတ်တိုက်သည် အကြီးဆုံးဖြစ်ပြီး ပိဋကတ်ကျောက်စာ ၅၉၇ ချပ်ကို ထိန်းသိမ်းထားရှိသည်။ ကမ်းနီတိုင် ပန်းဒွေးကျောင်းပိဋကတ်တိုက်(၁၉၀၈ ခုနှစ်)၊ ကတ္တူကန်ရွာ ပိဋကတ်စေတီ(၁၉၀၉ ခုနှစ်)နှင့် ဂဋ္ဌန်ရွာ ပိဋကတ်တိုက်(၁၉၃၇ ခုနှစ်) တို့သည်လည်း ထင်ရှားသော ပိဋကတ်တိုက်များ ဖြစ်ကြသည်။

ဗုဒ္ဓဘာသာဆိုင်ရာ ပိဋကတ်တော်များကို ထိန်းသိမ်းထားရှိသည့် ပိဋကတ်ကျောင်းများကို မြန်မာနိုင်ငံ အနှံ့အပြားတွင် မြင်တွေ့နိုင်ကြသည်။ ကျောက်စာ၊ ပေစာ၊ ပုရပိုက် စသည်တို့ဖြင့် မှတ်တမ်းတင်ထားသည့် ပိဋကတ်တော်များကို ထိန်းသိမ်းထားရှိသော ပိဋကတ်တိုက်ကျောင်းများအနက် အနုလက်ရာမြောက်စွာ တည်ဆောက်ထားသည့် မုန်တိုင်အုတ်ကျောင်းတော်ကြီးသည် လေ့လာလိုသူများ သွားရောက်ကြည့်ရှုသင့်သည့် ရှေးဟောင်းအဆောက်အအုံတစ်ခုဖြစ်သည်။

မုန်တိုင်ကျေးရွာတွင် ရှေးဟောင်းစေတီများ စုစည်းတည်ရှိနေသဖြင့် ဒေသခံများက မုန်တိုင်ကျေးရွာကို ထီလာ ပုဂံယဉ်ကျေးမှုနယ်မြေဟု တင်စားပြောဆိုကြသည်။ ထို့ကြောင့် မိတ္ထီလာသို့ ရောက်ရှိလာကြသူများသည် မုန်တိုင်အုတ်ကျောင်း ပိဋကတ်တိုက်သို့ သွားရောက်နိုင်ကြပြီး မုန်တိုင်ရွာရှိ ရှေးဟောင်း ဘုရားစေတီများကိုလည်း ဖူးမြင်နိုင်ကြမည်ဖြစ်ပေသည်။ ။


**ကိုးကား**

**(၁) မြန်မာ့စွယ်စုံကျမ်း အတွဲ(၉)**

**(၂) မိတ္ထီလာမြို့နယ် ဖြစ်စဉ်သမိုင်းမှတ်တမ်း (ဦးထွဏ်းလွင်၊မိတ္ထီလာ)**

**(၃) နှစ်ပေါင်း ၂၆၀ ကျော်က မုန်တိုင်အုတ်ကျောင်းတော်ကြီး (တင်လှိုင်၊ မိတ္ထီလာ)**

**(၄) မုန်တိုင်အုတ်ကျောင်းဆရာတော် ဦးကုမာရ၏ မိန့်ကြားချက်များ**

# ရေသန့်နှင့် အစားအသောက်စက်ရုံများကို ရှောင်တခင်စစ်ဆေးသွားမည်




**မကွေး ဇန်နဝါရီ ၈**
မကွေးတိုင်းဒေသကြီးတစ်ခုလုံးရှိ ရေသန့်စက်ရုံနှင့် အစားအသောက်စက်ရုံများကို ဇန်နဝါရီလအတွင်း ရှောင်တခင်စစ်ဆေးမှုများ လုပ်ဆောင်သွားရန်ရှိပြီး အစားအသောက် ဘေးကင်းလုံခြုံရေးအတွက် မြို့နယ်အသီးသီးရှိ ဈေးများ၊ စတိုးဆိုင်များနှင့် လက်လီလက်ကား ဖြန့်ချိရာနေရာများကိုစစ်ဆေးမှုများ စဉ်ဆက်မပြတ်ဆောင်ရွက်နေကြောင်း အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီမှ သိရသည်။

"ဒီဇင်ဘာ ၂၂ ရက်က မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့က သွားလာစစ်ဆေးတဲ့နေရာမှာသုံးဖို့ ကားထောက်ပံ့ပါတယ်၊ ထောက်ပံ့ပြီးပြီးချင်း ချောက်မြို့က ရေသန့်စက်ရုံတွေကို ကွင်းဆင်းစစ်တယ်၊ နောက်ရက်တွေမှာ ကောင်းမွန်စူပါမားကက်နဲ့ အေးမြနန္ဒာမုန့်ဆိုင်တွေမှာ Expire Date ဖြစ်တဲ့ အစားအသောက်ရှိမရှိ စစ်တယ်၊ ဇန်နဝါရီ ၃ ရက်က အောင်လံမြို့မှာ စစ်တယ်၊ ဒီနေ့ စလင်း၊ ဆင်ဖြူကျွန်းက ရေသန့်စက်ရုံတွေ စစ်တယ်၊ တစ်ခြားမြို့နယ်အားလုံးကို စစ်မှာဆိုပေမယ့် ဘယ်မြို့မှာစစ်မယ်ဆိုတာမျိုး ကြိုမသိစေဘဲနဲ့ ရှောင်တခင်စစ်နေတာပါ"ဟု အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီ အတွင်းရေးမှူး ဒေါက်တာပြည့်ထူးက ပြောသည်။

ချောက်မြို့ရှိ ရေသန့်စက်ရုံများကို စစ်ဆေးရာတွင် လိုင်စင်ရှိလုပ်ငန်းတစ်ခု၊ သက်တမ်းတိုးဆဲ တစ်ခု၊ လိုင်စင်မတင်ရသေးသည့်လုပ်ငန်းနှစ်ခု တွေ့ရကြောင်း၊ လိုင်စင်မတင်ရသေးသည့်လုပ်ငန်းများကို ခေတ္တရပ်ထားရန် တားမြစ်ခဲ့ပြီး လိုင်စင်တင်ပြီးမှ ပြန်လည်လည်ပတ်ရန် အသိပေးထားခဲ့ကြောင်း၊ စားသောက်ကုန်ရောင်းချသည့် နေရာများမှလည်း သတင်းအချက်အလက်ဆိုင်ရာနှင့် အခြားသံသယဖြစ်ဖွယ်ရှိသောမုန့်များကို ဝယ်ယူထားပြီး စစ်ဆေးနေကြောင်း သိရသည်။

"ရှောင်တခင်စစ်မှာပါ၊ ပူးပေါင်းပါဝင်တဲ့ ဌာနတွေနဲ့ တစ်ရက်လောက် ကြိုချိတ်ပါတယ်၊ စစ်မယ်ဆိုတာကို တစ်ရက်လောက်ကြိုသိလည်း အစားအသောက်လိုဟာမျိုးက ဆေးဝါးလို ဖွက်လိုက်လို့ရတဲ့ဟာမျိုး မဟုတ်ဘူး၊ သူ့ရဲ့ Process ကကို လာစစ်မယ်လို့ ကြိုသိထားရင်တောင် အမှားတွေ အများကြီးတွေ့နိုင်တယ်၊ အရင်တုန်းကတော့ တစ်ပတ်၊ နှစ်ပတ်လောက် ကြိုအကြောင်းထားတာတွေ ရှိတယ်၊ ခုကတော့ တစ်ရက်လောက်ပဲ ကော်မတီကိုကြိုအကြောင်းကြားတယ်၊ တစ်နေရာရာက ကြိုသိခဲ့ရင်တောင် ပြင်ဆင်နိုင်ချိန် နည်းပါတယ်"ဟု ဒေါက်တာပြည့်ထူးက စစ်ဆေးမှုအခြေအနေကို အသေးစိတ် ဆက်ရှင်းပြသည်။

မကွေးတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါး ကြီးကြပ်ကွပ်ကဲရေးကော်မတီတွင် တိုင်းဒေသကြီး လူမှုရေးဝန်ကြီးက နာယက၊ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းအောင်ကြည်က ဥက္ကဋ္ဌ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန တိုင်းဒေသကြီး တာဝန်ခံ ဒေါက်တာပြည့်ထူးက အတွင်းရေးမှူးအဖြစ် ဦးဆောင်ကာ FDA၊ ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ စားသုံးသူရေးရာဦးစီးဌာနစသည့် ဌာန ၁၁ ခုမှ အဖွဲ့ဝင် ၁၁ ဦး ပါဝင်ပြီး စစ်ဆေးမှုများ၏ နောက်ဆက်တွဲ အရေးယူမှုများလည်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကော်မတီမှ သိရသည်။

**ဇေယျာတု(မကွေး)**

# (၂၆)ကြိမ်မြောက် လားဟူရိုးရာနှစ်သစ်ကူးပွဲတော် စည်ကားစွာကျင်းပ



**မိုင်းဖြတ် ဇန်နဝါရီ ၈**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်တွင် (၂၆) ကြိမ်မြောက် လားဟူတိုင်းရင်းသားရိုးရာ နှစ်သစ်ကူးပွဲတော်ကို ဇန်နဝါရီ ၆ ရက် နံနက်ပိုင်းက မိုင်းဖြတ်မြို့နယ် မြို့မအားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ပွဲတော်သို့ ရှမ်းပြည်နယ်အစိုးရ လားဟူတိုင်းရင်းသားရေးရာဝန်ကြီး ဦးယောသပ်၊ အမှတ်(၁၈) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်မှ စစ်ဆင်ရေးကွပ်ကဲရေးမှူး ဗိုလ်မှူးကြီးစိုးတင့်နှင့် တပ်မတော်မှ အရာရှိများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့် ဌာနဆိုင်ရာများ၊ လားဟူတိုင်းရင်းသား စာပေနှင့်ယဉ်ကျေးမှု ကော်မတီဝင်များ၊ ရပ်နီးရပ်ဝေးမှ လားဟူတိုင်းရင်းသားများ တက်ရောက်ပါဝင် ဆင်နွှဲခဲ့ကြသည်။

နှစ်သစ်ကူးပွဲတော်တွင် လားဟူတိုင်းရင်းသားရေးရာဝန်ကြီးနှင့် စစ်ဆင်ရေးကွပ်ကဲရေးမှူးတို့က နှစ်သစ်နှုတ်ခွန်းဆက်စကားများ ပြောကြားပြီး လားဟူတိုင်းရင်းသားရေးရာဝန်ကြီးမှ ပေးပို့သည့်သဝဏ်လွှာကို ဖတ်ကြားကာ ဝန်ကြီးနှင့်ဇနီးတို့က မိုင်းဖြတ်မြို့နယ် လားဟူတိုင်းရင်းသား စာပေနှင့်ယဉ်ကျေးမှုကော်မတီသို့ အလှူငွေ ကျပ်ငါးသိန်း ပေးအပ်လှူဒါန်းသည်။ ထို့နောက် လားဟူတိုင်းရင်းသား ဘိုးဘွားများ၊ ဆရာသမားများနှင့် အကြီးအကဲများအား ဂါရဝပြုခြင်းနှင့် နှစ်ဟောင်းမှ အညစ်အကြေးများ နှစ်သစ်တွင် စင်ကြယ်စေရန် ရိုးရာဓလေ့ဖြစ်သည့် လက်ဆေးခြင်းမင်္ဂလာကို ပြုလုပ်ကြသည်။ ဆက်လက်၍ လားဟူတိုင်းရင်းသားရိုးရာ မြေဝိုင်းအကများ၊ တေးသရုပ်ဖော်အကများ၊ အိုးစည်ဗုံမောင်းအကများဖြင့် ကပြဖျော်ဖြေခဲ့ကြသည်။

နှစ်သစ်ကူးပွဲတော်ကို လားဟူတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုး၍ ဆက်လက်ထိန်းသိမ်း မြှင့်တင်နိုင်စေရန်၊ ရပ်နီးရပ်ဝေးမှ လားဟူတိုင်းရင်းသားများ ပြန်လည်ပေါင်းစည်းတွေ့ဆုံ ချစ်ကြည်ရင်းနှီးမှုရှိစေရန်၊ အခြား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများနှင့် ရင်းနှီးကျွမ်းဝင်မှုရရှိစေရန်၊ သွေးစည်းညီညွတ်မှုကို ဖော်ဆောင်နိုင်စေရန် ရည်ရွယ်၍ နှစ်စဉ်ကျင်းပလျက်ရှိကာ လားဟူတိုင်းရင်းသားများ၏ ရိုးရာပွဲတော်များအနက် နှစ်သစ်ကူးပွဲတော်မှာ အစည်ကားဆုံးပွဲတော်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြို့တွင်း ရေစီးရေလာကောင်းမွန်ရန် ရေနုတ်မြောင်းတူးဖော်

**မိုးနဲ ဇန်နဝါရီ ၈**
ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့၌ မြို့တွင်းရေစီးရေလာကောင်းမွန်ရေးအတွက် မြို့နယ်လမ်းဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် မိုးနဲ-လင်းခေး ပြည်ထောင်စုလမ်း မြို့တွင်းလမ်းပိုင်း ဘေးဝဲယာရှိ ရေနုတ်မြောင်းများ တူးဖော်ခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရေမြောင်းအရှည် ၄၃၆၂ ပေကို အကျယ် ၂ ပေနှင့် အနက် ၂ ပေခွဲ တူးဖော်ခြင်းဖြစ်ပြီး ကွန်ကရစ်လောင်းခြင်းလုပ်ငန်းများလည်း ပါဝင်ကြောင်း၊ လုပ်ငန်းများကို ခွင့်ပြုရန်ပုံငွေ ၇၇ ဒသမ ၈ သန်းဖြင့် ဆောင်ရွက်ခဲ့ကာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း၊ လုပ်ငန်းများပြီးစီးသွားပါက အဆိုပါလမ်းပိုင်းတွင် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားရန် စီစဉ်ထားကြောင်း လမ်းဦးစီးဌာနမှတာဝန်ရှိသူ၏ ပြောကြားချက်အရ သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**



## သတင်းတိုများ

### လူငယ်နှင့် နိုင်ငံရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပ

ဒီမိုကရေစီအင်္ဂါရပ်များနှင့်အညီ ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးတတ်သည့် အလေ့အထများဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ပြည်သူ့စကားဝိုင်းကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၁၀ နာရီက "လူငယ်နှင့်နိုင်ငံရေး"ခေါင်းစဉ်ဖြင့် လှည်းကူးမြို့ခန်းမ၌ ကျင်းပခဲ့သည်။ အဆိုပါ အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းတန်က အဖွင့်အမှာစကားပြောကြားပြီး "လူငယ်နှင့်နိုင်ငံရေးခေါင်းစဉ်"ဖြင့် ဦးသက်လွင်၊ ဦးစည်သူ၊ ဦးဇေယျာဦးနှင့် ဒေါ်ကေသွယ်စိုး(ခ)ဒေါ်ချောစုတို့က ဆွေးနွေးခဲ့သည်။ ဆွေးနွေးချက်များအပေါ် တက်ရောက်လာသူများက သိလိုသည်များ မေးမြန်းခဲ့ပြီး ဆွေးနွေးသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**လှကြွယ်(လှည်းကူး)**

### စလင်းမြို့မီးဘေးလုံခြုံရေးကော်မတီသို့ အောက်ဆီဂျင်ဘူးများလှူဒါန်း

မကွေးတိုင်းဒေသကြီး စလင်းမြို့ မီးသတ်ဦးစီးဌာန မီးဘေးလုံခြုံရေးကော်မတီတွင် လိုအပ်လျက်ရှိသော အရေးပေါ် အောက်ဆီဂျင်ဘူးများ ပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၆ ရက်က မီးသတ်ဦးစီးဌာန အစည်းဝေးခန်းမ၌ ကျင်းပခဲ့သည်။ လှူဒါန်းပွဲတွင် အလှူရှင် ဒေါက်တာရဲထွန်းမိသားစုက အောက်ဆီဂျင်ဘူး ၁၀ လုံး၊ နီလာခိုင်ကုန်မျိုးစုံဆိုင်မှ တစ်လုံး၊ အလှူရှင် ဦးမင်းသိုက်ကျော်မှ တစ်လုံး၊ ဦးမြင့်အောင်မိသားစုမှ တစ်လုံး၊ ဦးချစ်စန်းအောင် မိသားစုမှ တစ်လုံးတို့ကို မီးဘေးလုံခြုံရေးကော်မတီ ဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းခဲ့ကြသည်။ အောက်ဆီဂျင်ဘူးများမှာ တစ်လုံးလျှင် ကျပ်တစ်သိန်း တန်ဖိုးရှိကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

### တိုက်ကြီးမြို့၌ ပြည်သူ့စကားဝိုင်းပြုလုပ်

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ 'လူငယ်နှင့်မီဒီယာ' ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း(Public Talk) ဆွေးနွေးပွဲကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ဇန်နဝါရီ ၅ ရက်က ကျင်းပခဲ့သည်။ တိုက်ကြီးမြို့အထက ကျောင်း အနော်ရထာခန်းမ၌ ကျင်းပသည့် အဆိုပါဆွေးနွေးပွဲတွင် ဦးဆန်းညွန့်(ကိုယ်ပိုင်အထက်တန်းကျောင်းဆရာ)၊ စာရေးဆရာ ချမ်းဝဏ္ဏစိုးနှင့် စာရေးဆရာ ထွန်းလှိုင်(မြိုင်)တို့က ဦးဆောင်၍ လူငယ်နှင့်မီဒီယာ၊ မြန်မာစာ အသုံးပြုနည်း၊ လူငယ်များ အသိဉာဏ်တိုးပွားရေး စသည်တို့ကို ဆွေးနွေးခဲ့ပြီး တက်ရောက်လာသော လူငယ်များကလည်း ပါဝင်ဆွေးနွေးခဲ့ကြသည်။

**ထွန်းလှိုင်(မြိုင်)**

# ဂန့်ဂေါတွင် ဒေသထွက်သီးနှံပြပွဲနှင့် ပြိုင်ပွဲကျင်းပ

**ဂန့်ဂေါ ဇန်နဝါရီ ၇**
ဂန့်ဂေါမြို့နယ်ဒေသအတွင်း စိုက်ပျိုးဖြစ်ထွန်းသည့် သီးနှံပြပွဲနှင့် ပြိုင်ပွဲကို ဂန့်ဂေါမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူးပြီး နှစ်(၇၀) ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဇန်နဝါရီ ၄ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် ဒေသတွင်းမှ တောင်သူလယ်သမားများက သင်္ဘောသီး၊ ငှက်ပျောသီး၊ ဖရုံသီး စသည့် သီးနှံများအပြင် ဆီထွက်သီးနှံနှင့် လယ်ယာသီးနှံများကိုပါ ပြသပြိုင်ပွဲဝင်ခဲ့ရာ စုစုပေါင်း သီးနှံအမျိုးအစား ၆၀ ကျော် ယှဉ်ပြိုင်ပြသခဲ့ကြောင်း သိရသည်။ ပြိုင်ပွဲတွင် ဆုရသူများအား ဆုပေးပွဲကိုလည်း ထိုနေ့ညနေပိုင်းတွင် တစ်ဆက်တည်း ကျင်းပခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လှိုင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပြုံးလွင်၊ ဂန့်ဂေါခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမြတ်မင်းထွေးနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်ခင်မာအေးတို့က ဆုများ ချီးမြှင့်ပေးခဲ့သည်။

ဂန့်ဂေါမြို့နယ်၌ သီးနှံပြပွဲနှင့် ပြိုင်ပွဲကို ၂၀၀၅ ခုနှစ်က ကျင်းပခဲ့သော်လည်း ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်တွင် မကျင်းပနိုင်ခဲ့ဘဲ ယခုနှစ်တွင်မှ ပြန်လည်ကျင်းပနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ပြိုင်ပွဲကို လာမည့်နှစ်များတွင် ပုံမှန်ကျင်းပနိုင်ရေး ဆောင်ရွက်သွားမည်ဟု တောင်သူလယ်သမားများအား အသိပေး ကြေညာထားရာ ယခုလို သီးနှံပြပွဲနှင့် ပြိုင်ပွဲ ကျင်းပပေးခြင်းအတွက် ဝမ်းမြောက်ကြိုဆိုကြောင်း ဒေသခံတောင်သူတစ်ဦးက ပြောသည်။

**၁၀၁**

# သမဝါယမအသင်းများသို့ ချေးငွေများ ကွင်းဆင်းထုတ်ပေး

**ငါ့သရောက် ဇန်နဝါရီ ၈**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ငါ့သရောက်မြို့ရှိ ကျေးရွာများမှ စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းများသို့ Exim Bank မှ ပံ့ပိုးချေးငွေများကို ညောင်ဦးမြို့နယ် သမဝါယမဦးစီးဌာနက ဇန်နဝါရီ ၅ ရက်မှစတင်ကာ ကျေးရွာအရောက်ကွင်းဆင်း၍ ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

ကျေးရွာများသို့ သွားရောက်ပြီး Exim Bank ပံ့ပိုးချေးငွေများ ကွင်းဆင်းထုတ်ချေးပေးရာတွင် ညောင်ဦးမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးမြင့်ဦးက ချေးငွေထုတ်ပေးသည့် ရည်ရွယ်ချက်၊ ချေးငွေအတွက် အတိုးနှုန်းနှင့် ချေးငွေပြန်လည်ပေးဆပ်ရမည့်အချိန် စသည်တို့ကို ရှင်းလင်းပြောကြားပြီး ညောင်ဦးမြို့နယ် သမဝါယမအသင်းစုမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးချစ်သိန်းက သမဝါယမဦးစီးဌာန၏ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များကို အသင်းသားများအား အသေးစိတ် ရှင်းလင်းပြောကြားပြီးမှ ချေးငွေများ ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

ညောင်ဦးမြို့နယ် သမဝါယမဦးစီးဌာနအနေဖြင့် ငါ့သရောက်မြို့ရှိ ကျေးရွာများသို့ ပံ့ပိုးချေးငွေများ ကွင်းဆင်းထုတ်ချေးပေးခြင်းကို ဇန်နဝါရီ ၁၁ ရက်အထိ အပြီးသတ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ချေးငွေထုတ်ပေးရမည့် ကျေးရွာများမှာ တောင်တော၊ ကူတော၊ ဖလန်ကန်၊ မြေနဲကြီး၊ ရွာပုလဲ၊ စက်စက်ယို၊ မျက်ခါးတော၊ တယ်ပင်တဲနှင့် ကြို့ပင်သာ(ထောက်ဝ)ကျေးရွာများဖြစ်ပြီး အသင်းသား ၈၂၄ ဦးထံသို့ ချေးငွေ ကျပ် ၂၄၈၅ သိန်းကို ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## မှုခင်းသတင်းတိုများ

### ဆောင်းဘောက်အတွင်းမှ မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

ခန္တီးမြို့ မြို့မရပ်ကွက် လယ်ဦးတန်းနေ ကိုဝင်းကိုနေအိမ်နှင့် ကိုမင်းမင်းနေအိမ်သို့ ဇန်နဝါရီ ၅ ရက် နံနက် ၁၀ နာရီက စခန်းမှူးဒုရဲမှူး လှတင့် ဦးဆောင်သော ပူးပေါင်းအဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ ဝင်ရောက်ရှာဖွေရာ ကိုဝင်းကို၏နေအိမ်ရှိ ဆောင်းဘောက်အတွင်း စုစုပေါင်းဘိန်းဖြူအလေးချိန် ၂၆၀ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၉၆၀၀ တို့အား ဖမ်းဆီးရမိကြောင်းသိရသည်။ အဆိုပါ မူးယစ်ဆေးဝါးများနှင့်ပတ်သက်၍ ကိုဝင်းကိုအား စစ်မေးရာ မင်းမင်းဆိုသူက လာရောက်အပ်နှံထားသောပစ္စည်းများဖြစ်ကြောင်းသိရသဖြင့် အဆိုပါဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ လက်ဝယ်ထားရှိသူ ကိုဝင်းကို (၅၈နှစ်)နှင့် ကိုမင်းမင်း(၄၃နှစ်)မြို့မ ရပ်ကွက် လယ်ဦးတန်းနေသူတို့အား ခန္တီးမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

**ချန်လော (ခန္တီး)**

### မိုးညှင်းမြို့နယ်၌ တစ်ပတ်အတွင်း မူးယစ်ဆေးဝါး ကျပ် ၆၉ သိန်းကျော်ဖိုး ဖမ်းမိ

မိုးညှင်းမြို့နယ်တွင် ဧရာဦးစစ်ဆင်ရေးအရ မူးယစ်ဆေးဝါးဖမ်းဆီးမှု စီမံချက်ကာလ ပြီးစီးခဲ့သော်လည်း ၂၀၁၈ ခုနှစ်၏ ပထမပတ်အတွင်း မော်ဟန်-နမ္မချီ ကားလမ်းပေါ်၌ မူးယစ်ဆေး ကျပ် ၆၉ သိန်းကျော်ဖိုး ဖမ်းမိခဲ့ကြောင်း မိုးညှင်းမြို့မရဲစခန်းမှ သိရသည်။

“ဧရာဦးစစ်ဆင်ရေးကာလမှာ ဖမ်းဆီးရေးဆောင်ရွက်သလို ပုံမှန်အနေအထားနဲ့လည်း မပြတ် ဖမ်းဆီးနေပါတယ်၊ ရဲတပ်ဖွဲ့ဝင်တွေဟာ လောင်းကစားနဲ့ မူးယစ်ဆေးဝါးတွေကို တစ်လကို အနည်းဆုံးနှစ်မှု ဖမ်းဆီးရပါတယ်၊ သတင်းရရင်ရသလိုလည်း ဖမ်းဆီးနေကြပါတယ်”ဟု မိုးညှင်းမြို့မရဲစခန်းမှ ဒုတိယစခန်းမှူး ရဲအုပ်ညွန့်လှိုင်က ပြောသည်။

ဇန်နဝါရီ ၅ ရက်က မော်ဟန်-နမ္မချီကားလမ်းပေါ်၌ ရဲတပ်ဖွဲ့ဝင်များက ရှောင်တခင်စစ်ဆေးစဉ် ရဲဝင်း(၄၅ နှစ်) မောင်းနှင်လာသည့် ဆိုင်ကယ်ကို စစ်ဆေးရာ ၎င်းထံမှ ဘိန်းဖြူဟုယူဆရသည့် ဖြူဝါရောင်အမှုန့် ၄၈ ဂရမ်ခန့်နှင့် 88/1 စာတမ်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၉၀ ပြားတို့ကို ဖမ်းမိခဲ့၍ ရဲဝင်းအား မိုးညှင်းမြို့မရဲစခန်းက ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။ **မင်းမင်းဦး**

### ဗန်းမောက်မြို့နယ်တွင် မူးယစ်ဆေးဝါးကျပ်သိန်း ၄၀ ဖိုး ဖမ်းမိ

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် ခေါင်းကိုက်ကျေးရွာလမ်းခွဲအနီး၌ မူးယစ်ဆေးဝါးများ သယ်ဆောင်လာသူတစ်ဦးကို ဇန်နဝါရီ ၅ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ ဗန်းမောက်မြို့မရဲစခန်းမှ ဒုရဲအုပ်စိုးဝင်းထွန်းနှင့်အဖွဲ့က မူးယစ်ဆေးဝါးသတင်းအရ အဆိုပါလမ်းခွဲ၌ စောင့်ဆိုင်းနေစဉ် အင်းတော်မြို့ဘက်မှ လှမင်းဦးဆိုသူစီးလာသည့် ဆိုင်ကယ်ကို စစ်ဆေးရာ ၎င်း၏လွယ်အိတ်အတွင်းမှ ဘိန်းဖြူ ၂၀ ဂရမ် (တန်ဖိုး ကျပ်သိန်း ၂၀ ခန့်)နှင့် WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ (တန်ဖိုး ကျပ်သိန်း ၂၀ ခန့်)ကို ဖမ်းမိခဲ့ခြင်းဖြစ်သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ လှမင်းဦးအား ဗန်းမောက်မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**လှူအောင်(ကသာ)**

### တရားမဝင်သယ်ဆောင်လာသော သင်းခွေချပ်နှင့် လိပ်များဖမ်းမိ

စစ်ကိုင်းမြို့ ကံတလူတိုးဂိတ်၌ သစ်တောတာဝန်ရှိသူများက ယာဉ်များအား ဇန်နဝါရီ ၄ ရက်က ပိတ်ဆို့ရှာဖွေစစ်ဆေးစဉ် တရားမဝင်သယ်ဆောင်လာသော သင်းခွေချပ်အရှင် ခြောက်ကောင်နှင့် လိပ်သုံးကောင်ကို ဖမ်းမိခဲ့ကြောင်း သိရသည်။ ပင်လယ်ဘူးမြို့မှ မန္တလေးမြို့သို့ ယာဉ်မောင်း ကျော်ကျော်(ခ)ကျော်ကြီး မောင်းနှင်လာသည့် ခရီးသည်တင်မှန်လုံယာဉ်ကို စစ်ကိုင်းမြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်မျိုးနိုင်နှင့် သစ်တောဝန်ထမ်းများအဖွဲ့က ရပ်တန့်စစ်ဆေးစဉ် ယာဉ်၏ ပစ္စည်းထည့်သည့် တူးဘောက်အတွင်း၌ ပလတ်စတစ်ခြင်းနှစ်ခြင်းဖြင့်ထည့်၍ တရားမဝင်သယ်လာသည့် သင်းခွေချပ်အရှင် ခြောက်ကောင်နှင့် လိပ်အရှင် သုံးကောင်ကို ဖမ်းမိခဲ့ခြင်းဖြစ်၍ ယာဉ်မောင်း ကျော်ကျော်(ခ)ကျော်ကြီးနှင့် ယာဉ်နောက်လိုက် ရွှေရည်ဝင်းထွေးတို့အား ရွာသစ်ကြီးနယ်မြေရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(၀၇၇)**

## လျှပ်စစ်ဓာတ်အားလိုင်းတိုင်များကို ရွှေ့ပြောင်းခြင်းနှင့် အသစ်တည်ဆောက်ခြင်း ဆောင်ရွက်မည်

**မကွေး ဇန်နဝါရီ ၈**

မကွေးတိုင်းဒေသကြီး မကွေးမြို့တွင်းရှိ ဗိုလ်ချုပ်လမ်း၊ မဲထီးလမ်း၊ ပြည်တော်သာလမ်း၊ အထက(၁)လမ်းနှင့် တောင်တွင်းလမ်းတို့တွင် လမ်းနှင့်ရေမြောင်းများတိုးချဲ့ခြင်းကြောင့် လမ်းဧရိယာနှင့်မလွတ်ကင်းသော လျှပ်စစ်ဓာတ်အားလိုင်း တိုင်များကို ရွှေ့ပြောင်းခြင်း၊ အသစ်တည်ဆောက်ခြင်းတို့ ဆောင်ရွက်နေကြောင်း မကွေးမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ သိရသည်။

အဆိုပါမြို့တွင်းလမ်းများမှ ဗိုလ်ချုပ်လမ်းပိုင်းတွင် ဇန်နဝါရီ ၇ ရက်က ကွန်ကရစ်တိုင်များစိုက်ထူခြင်းလုပ်ငန်း ဆောင်ရွက်ပြီး (၃၃/၁၁)ကေဗွီ၊ ၁၀ အမ်ဗွီအေ နတ်မောက်ခွဲရုံမှ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသော ၁၁ ကေဗွီ မြို့အနောက်ဖီဒါကို နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ ဓာတ်အားပိတ်၍ ဆောင်ရွက်ခဲ့ကြောင်း၊ လုပ်ငန်းများဆောင်ရွက်နေစဉ်အတွင်း ပြည်တော်သာရပ်ကွက်၊ ရွာသစ်ပွဲကြိုရပ်ကွက်၊ အစိုးရအဖွဲ့ရုံး၊ လွှတ်တော်ရုံး၊ ပြည်သူ့ဆေးရုံ၊ ထွေအုပ်ရုံး(မြို့နယ်/ခရိုင်/တိုင်း)၊ တိုင်းရဲတပ်ဖွဲ့ရုံး၊ သူနာပြုသင်တန်းကျောင်း၊ စည်ပင်ရုံး၊ တိုင်းတရားရုံး၊ မီးဇလရုံး၊ လျှပ်စစ်ရုံး၊ လမ်းငါးသွယ် (ရဲကျောင်း၊ ပန်းခြံ)နှင့် ဗိုလ်ချုပ်လမ်းတစ်လျှောက်တို့တွင် လျှပ်စစ်ဓာတ်အားပြတ်တောက်ခဲ့ကာ ဓာတ်အားပြတ်တောက်မည့်အကြောင်းကို ပြည်သူများအား ကြိုတင်အသိပေးကြေညာပြီးမှ ဆောင်ရွက်ခဲ့ကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးစိုးဌေးအောင်ထံမှ သိရသည်။ **သန်းနိုင်ဦး(ဇဖဲ)**

## ရေတာရှည်မြို့နယ် မဟာပဋ္ဌာန်းစေတီတော်မြတ် ထီးတော်တင်လှူပွဲ စည်ကားစွာကျင်းပ

**ရေတာရှည် ဇန်နဝါရီ ၈**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့ ငါးကြီးကွေ့ကျေးရွာ ရွာဦးကျောင်းတိုက်ဆရာတော် ဦးဆောင်၍ တည်ထားကိုးကွယ်သည့် မဟာပဋ္ဌာန်းစေတီတော်မြတ်ကြီး ထီးတော်နှင့်စိန်ဖူးတော်တင်လှူပွဲကို ဇန်နဝါရီ ၆ ရက်က ကျင်းပခဲ့သည်။

ထီးတော်တင်လှူပွဲတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်နေလင်း၊ တောင်ငူလေတပ်စခန်းဌာနချုပ်မှ ဗိုလ်မှူးချုပ်မြင့်သောင်းနှင့် တပ်မတော်သားများ၊ တပ်မတော်မိသားစုဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ဝေးရပ်နီးမှ ဧည့်ပရိသတ်များ စုပေါင်း၍ ထီးတော်နှင့် စိန်ဖူးတော်ကို တင်လှူခဲ့သည်။ ထို့နောက် ဘုရားအနေကဇာတင်ပွဲကို ဆက်လက်ကျင်းပခဲ့ပြီး အလှူရှင်များ၊ ဧည့်ပရိသတ်များအား ဆရာတော်က တရားတော်များချီးမြှင့်ဟောကြားကာ လှူဒါန်းမှုအစုစုအတွက် ရေစက်ချ အမျှအတန်းပေးဝေခဲ့သည်။

ထီးတော်တင်လှူပွဲတွင် မြန်မာနိုင်ငံ သဘင်ကောင်စီဝင် ရေတာရှည်မြို့မှ နိုင်ငံတော် ရွှေတံဆိပ်ဆုရ စိန်တင်အောင်၊ စိန်တင်မောင် မင်္ဂလာဆိုင်းအဖွဲ့၊ သာဂရမြို့မှ



နိုင်ငံတော်ရွှေတံဆိပ်ဆုရ မြမြဝင်း မင်္ဂလာဆိုင်းအဖွဲ့၊ အုတ်တွင်းမြို့မှ အောင်ဟိန်း၊ ဇေယျာဝင်း မင်္ဂလာဆိုင်းအဖွဲ့ ဆိုင်းသုံးဆိုင်းက ထူးခြားစွာ တစ်ပြိုင်တည်း ဧည့်ခံဖျော်ဖြေခဲ့သည်ကို တွေ့ရသည်။ **ကိုလွင်(ဆွာ)**

## ချင်းတောင်၏အလှ တောင်ဇလပ်နှင့် ချယ်ရီပင်များ ထိန်းသိမ်းရေး အလေးပေးမည်

**တီးတိန် ဇန်နဝါရီ ၈**

ချင်းပြည်နယ်၏ အမှတ်သင်္ကေတဖြစ်သော တောင်ဇလပ်နှင့် ချင်းတောင်ချယ်ရီ အပါအဝင် သစ်တောသယံဇာတနှင့် ရှားပါးသားငှက်တိရစ္ဆာန်များ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်း လုပ်ငန်းများကို ယခုနှစ်အတွင်း အားပေးမြှင့်တင်ဆောင်ရွက်မည်ဖြစ်ကြောင်း ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က ၂၀၁၈ ခုနှစ် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

ယနှစ်တွင် ချင်းပြည်နယ်အတွင်းရှိ တောင်ဇလပ်နှင့် ချင်းတောင်ချယ်ရီ၊ အောက်ချင်းငှက်နှင့် မျက်ခုံးဖြူငှက်ပြာခြောက် စသည့်တို့အပါအဝင် ချင်းတောင်တန်းရှိ သစ်တောသယံဇာတနှင့် ရှားပါး သားငှက်တိရစ္ဆာန်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်း၊ ချင်းတိုင်းရင်းသားလူမျိုးများ၏ စာပေ၊ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ အမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းစောင့်ရှောက်ခြင်း စသည့်လုပ်ငန်းများကို အလေးပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ကပြောဆိုသည်။

အအေးပိုင်းပေါက်ပင်တစ်မျိုးဖြစ်ပြီး နှစ်စဉ် နိုဝင်ဘာလမှ ဧပြီလအတွင်း ပန်းပွင့်လေ့ရှိသည့် ချင်းတောင်တန်းမှ ချယ်ရီနှင့် တောင်ဇလပ်တို့ကို ခရီးသွားများက ပန်းပွင့်များခူးယူခြင်း၊ ကိုင်းချိုးခြင်းနှင့် အပင်လိုက်ခုတ်ယူမှုများ ရှိနေသည့်အတွက် အချိန်မီ ကာကွယ်ထိန်းသိမ်းရန်လိုအပ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ဆောင်နေသည့် အရပ်ဘက်အဖွဲ့အစည်းများက ပြောကြားသည်။

“ကျွန်တော်တို့အဖွဲ့အနေနဲ့ တောင်ဇလပ်နဲ့ ချယ်ရီပန်းပင် အပါအဝင် ချင်းတောင်သဘာဝပေါက်ပင်တွေ ကာကွယ်ရေးအနေနဲ့ ပညာပေးလက်ကမ်းစာစောင်တွေ ဖြန့်ဝေတယ်၊ ကနေဒီတောင်နဲ့ လေသာတောင်တန်းပေါ်မှာ တောင်ဇလပ်ပန်းနဲ့ ချယ်ရီပန်းပင်တွေကို စိုက်ပျိုးခဲ့ပါတယ်၊ အခုလို ချင်းပြည်နယ်ရဲ့ သင်္ကေတ၊ အထိမ်းအမှတ် ပန်းပင်တွေကို ခုတ်ယူနေကြတာကို ထိထိရောက်ရောက် ထိန်းသိမ်းဆောင်ရွက်ဖို့ လိုအပ်နေပါတယ်”ဟု ကနေဒီစိမ်းလန်းစိုပြည်ရေးအဖွဲ့မှ ဥက္ကဋ္ဌ ဦးလှိုင်အောင်က ပြောကြားသည်။



ချင်းပြည်နယ် သာယာလှပရေးအတွက် တောင်ဇလပ်ပန်းနှင့် ချယ်ရီပင်များကို စိုက်ပျိုးရန် ကားဖြင့်သယ်ဆောင်လာစဉ်။

တောင်ဇလပ်ပန်းနှင့် ချယ်ရီပင်များကို ခုတ်ယူခြင်း မပြုလုပ်ရန် သစ်တောဌာနက သတိပေးထားသည့် ဆိုင်းဘုတ်များကို မြင်သာသည့်နေရာများတွင် တွေ့မြင်ရသော်လည်း တောင်ဇလပ်နှင့် ချယ်ရီပန်းပွင့်ချိန် ဆောင်းရာသီတွင် အကိုင်းလိုက်၊ အပင်လိုက် ခုတ်ယူမှုများ နေ့စဉ်ရှိနေကြောင်း ၎င်းက ဆက်ပြောသည်။

ချင်းတောင်၏အထိမ်းအမှတ် ချယ်ရီနှင့် တောင်ဇလပ်ပင်များ ရေရှည်တည်တံ့ရေးနှင့် ထိန်းသိမ်းရေးအတွက် မင်းတပ်မြို့နှင့် ကန်ပက်လက်မြို့ရှိ လူငယ်များက “တောင်ဇလပ်ပန်းများ မခူးရ”စာတန်းပါ ဗီနိုင်းများကို ခေါ်နူးစုမ်တောင်ပေါ်တွင် ချိတ်ဆွဲပညာပေးခြင်းများ ဆောင်ရွက်နေသလို တီးတိန်မြို့နေလူငယ်များကလည်း ကနေဒီတောင်တန်းတွင် တောင်ဇလပ်ပန်းများကို တန်ဖိုးထားတတ်စေရေးအတွက် “တောင်ဇလပ်စိုက်ပျိုး ထိန်းသိမ်းခြင်းဖြင့် ပြည်နယ်ကို အလှဆင်ကြပါစို့”စာတန်းပါ ဗီနိုင်းဖြင့် လှုံ့ဆော်အသိပညာပေးလျက်ရှိသည်။ ထို့အပြင် ချင်းပြည်နယ်ရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းများ စုပေါင်းကာ တောင်ဇလပ်ပင်များ စိုက်ပျိုးခြင်းကိုလည်း လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**

## ညောင်ဦးမြို့နယ်အတွင်း ကျေးရွာပေါင်း ၄၆ ရွာ၌ တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူလျက်ရှိ

**ညောင်ဦး ဇန်နဝါရီ ၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကြီးမှူး၍ ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၂၂၀ အနက် ၄၆ ရွာတွင် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကာ ဇန်နဝါရီလကုန်တွင် ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စာရင်းများကို ကျေးရွာမြေပုံအတိုင်း အစုအဖွဲ့ခွဲ၍ ကောက်ယူသွားမည်ဖြစ်ကြောင်း၊ စာရင်းကောက်ယူခြင်း၏ ရည်ရွယ်ချက်မှာ ဒေသအတွင်းမွေးမြူထားသော တိရစ္ဆာန်ကောင်ရေနှင့် တိရစ္ဆာန်ထွက်ပစ္စည်းထုတ်လုပ်မှု စာရင်းဇယားများကို အတည်ပြုနိုင်ရန်ဖြစ်ကြောင်း သိရသည်။ စာရင်းဇယားများ ကောက်ယူခြင်းကြောင့် နိုင်ငံ၏စီးပွားရေးကဏ္ဍအတွက် အရေးပါသော တိရစ္ဆာန်များ၏ကောင်ရေစာရင်းကို အတိအကျသိရှိနိုင်ခြင်း၊ ကောက်ယူရရှိသည့်စာရင်းများအပေါ် အခြေပြု၍ မွေးမြူရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စီမံကိန်းများကို ထိရောက်စွာ ရေးဆွဲနိုင်ခြင်း၊ တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ လုပ်ငန်းစီမံချက်များကို ရေးဆွဲအကောင်အထည်ဖော်နိုင်ခြင်း၊ နိုင်ငံတော်အစိုးရက အစားအစာဖူလုံရေးနှင့် ဆင်းရဲနွမ်းပါးမှုပပျောက်ရေးဆိုင်ရာ မူဝါဒများ လုပ်ငန်းစီမံချက်များ ချမှတ်ရာတွင် မှန်ကန်သောအချက်အလက်များ ပံ့ပိုးပေးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများရှိမည်ဖြစ်ကြောင်း သိရသည်။ **ကျော်ဌေး(ညောင်ဦး)**

## မြန်မာနိုင်ငံ စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးအဖွဲ့ သုံးခွမြို့နယ်သို့ ကွင်းဆင်း

**သုံးခွ ဇန်နဝါရီ ၈**

မြန်မာနိုင်ငံ စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးအဖွဲ့မှ အဖွဲ့ခေါင်းဆောင် ဒေါက်တာခင်မေစု ဦးဆောင်သော အထူးကုဆရာဝန်ကြီးများသည် ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ဘုရားကြီးစံပြကျေးရွာသို့ လူမှုရေးဝန်ကြီးဟောင်း ဒေါက်တာမြင့်သိန်း၏ ဖိတ်ကြားချက်အရ ဇန်နဝါရီ ၆ ရက်က ကွင်းဆင်းကာ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများနှင့် တက္ကသိုလ်ဝင်တန်း စာသင်ကြားပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဖွဲ့မှ မျက်စိအထူးကု၊ အရိုးအထူးကု၊ သားဖွားမီးယပ်အထူးကု၊ ကလေးအထူးကု၊ အထွေထွေရောဂါကု ဆရာဝန်ကြီးများက ဘုရားကြီးစံပြကျေးရွာရှိ ထမ်းငြိမ်းစေတီတော် ပရိဝုဏ်အတွင်း၌ အနီးပတ်ဝန်းကျင်ရှိကျေးရွာများမှ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် အခမဲ့ဆေးဝါးကုသပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ရာ ဒေသခံပြည်သူ ၅၀၀ ခန့်အား အခမဲ့ ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

ထို့အပြင် ကျေးရွာများမှ တက္ကသိုလ်ဝင်တန်းဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအား အင်္ဂလိပ်ဘာသာရပ်နှင့် ရူပဗေဒဘာသာရပ်များ၏ မေးခွန်းပုံစံများ



အကြောင်းကို အဖွဲ့မှ ဆရာကြီးများက သင်ကြားပို့ချပေးခဲ့ကြရာ ကျောင်းသား ကျောင်းသူ ၁၀၀ ခန့်အား သင်ကြားပေးနိုင်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# မေ့မထားသင့်သော ကျောင်းကျန်းမာရေးနှင့် စာရိတ္တမြှင့်တင်ရေး

*မြသွေးယဉ်*

> **"ထိုကျောင်းမှာပင် သူတို့သိရမည့် ကျန်းမာရေးဗဟုသုတ၊ ယဉ်ကျေးမှုဓလေ့ထုံးစံ၊ ကိုယ်ကျင့်တရား စာရိတ္တကောင်းမွန်ရေးစသည်တို့ကို သင်ရိုးညွှန်းတမ်းများတွင် အဆင့်လိုက်ထည့်သွင်းသွားပါလျှင် လူသားရင်းမြစ်ကလေးများ ကျန်းမာကြံ့ခိုင်၍ စာရိတ္တကောင်းမွန်ကာ ပညာပြည့်ဝနှလုံးလှလာမည် အမှန်ပင်ဖြစ်"**

**တွေးတောဂုဏ်ယူဝမ်းမြောက်မိ**

ဒီဇင်ဘာလ၏ ဆောင်းလေအေးနှင့်အတူ "စောစောအိပ်လို့ စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့၊ ကိုယ်ခန္ဓာ သန်စွမ်းစေဖို့၊ စိတ်နှလုံးရွှင်လန်းစေဖို့၊ သူငယ်ချင်းအပေါင်း အသင်းများနဲ့ ပျော်ဖို့ရွှင်ဖို့ကျန်းမာစေဖို့" ဟူသော သီချင်းသံလေးကျွန်မနားထဲသို့ ဝင်ရောက်လာပါသည်။ ဒီဇင်ဘာလမှာမှ တစ်ရက်၊ နှစ်ရက် လမ်းလျှောက်ရုံနှင့် ကိုယ်ခန္ဓာကြံ့ခိုင်နိုင်ပါ့မလားဟူသော အတွေးစနှင့်အတူ ပုဂံ ပြည်သားဟူသော ကဗျာလေးတစ်ပိုင်းတစ်စကို ကျွန်မပြန်လည် သတိရမိပြန်သည်။

ဒီကဗျာလေးမှာ "ဖုထစ်သန်မာ ပီပြင်စွာဖြင့် ရုပ်ဝါခန့်ညားလူညိုထွား" ဟူ၍ ရှေးပုဂံခေတ်လူငယ်များ၏ ကြံ့ခိုင်ကျန်းမာသည့် ကိုယ်ခန္ဓာ၊ ရဲစွမ်းသတ္တိ၊ လက်ရုံးရည်၊ နှလုံးရည်ပြည့်စုံမှုကို ဖော်ပြသော ကဗျာလေးဖြစ်ပါသည်။ ခေါင်းဆောင်နွားလား ဖြောင့်ဖြောင့်သွားက နောက်နွားတစ်သိုက် ဖြောင့်ဖြောင့်လိုက်၏ ဆိုသောစကားကဲ့သို့ ပထမမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သော အနော်ရထာဘုရင်မင်းမြတ်၏ လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝ၍ သူရဲကောင်းများအား ချစ်မြတ်နိုးပုံ၊ ထေရဝါဒဗုဒ္ဓဘာသာသာသနာကို ရှင်အရဟံ၏ လမ်းညွှန်မှုဖြင့် တည်ထောင်ခဲ့ပုံများကိုလည်း ပြန်လည် သတိရမိပြန်သည်။ ထို့ကြောင့်ပင် မင်းမြတ်အနော်ရထာ၏ ဘုန်းရိပ်၊ အာဏာစက်သည် တရုတ်ပြည်၊ ထိုင်း၊ စုမားတြား၊ ဂျာဗားစသော ကျွန်းနိုင်ငံများထိ ပျံ့နှံ့ခဲ့သည်။

မွန်မြန်မာချစ်ကြည်သွေးစည်းရေးအတွက် မွန်ပညာရှိများ၊ လက်မှုပညာသည်များကို ပုဂံသို့ ခေါ်ဆောင်၍ သူကောင်းပြုခဲ့သည်။ ဥဿာပဲခူး၊ မွန်ဘုရင်၏ အကူအညီတောင်းမှုကြောင့် ကျန်စစ်သားစသော ပုဂံသူရဲကောင်းစစ်သည်များက ဥဿာပဲခူးဘုရင်၏ နယ်မြေကို ကျူးကျော်စော်ကားလာသည့် ဂျွမ်းစစ်သည်များအား စီးချင်းတိုက်ပွဲဖြင့် အနိုင်ယူနိုင်ခဲ့သည်။ ပုဂံစစ်သည်တို့၏ လက်ရုံးရည်၊ နှလုံးရည်ကို ကျေနပ်ဝမ်းမြောက်လွန်းသဖြင့် သမီးတော်မဏိစန္ဒာကို အနော်ရထာမင်းထံ ဆက်သခဲ့သည်။ မွန်၏အရေးသည် မြန်မာ့အရေး၊ မြန်မာ့အရေးသည် မွန်တို့အရေးဟူ၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို မြော်မြင်တွေးဆနိုင်ခဲ့ခြင်းကြောင့်လည်း ပထမမြန်မာနိုင်ငံကို တည်ထောင်နိုင်ခဲ့ခြင်းဖြစ်သည်ဟု တွေးတောဂုဏ်ယူ ဝမ်းမြောက်မိပါသည်။

**အင်တာနက်ဖြင့်ချိတ်ဆက်ကာ ရှာဖွေနိုင်**

ယခုခေတ် ၁၈ နှစ်၊ ၂၀ ကျော် လူလတ်ပိုင်းလူငယ်အများစု၏ အသွင်အပြင်ကိုလည်း ယခင်အတိတ်နှင့် ကျွန်မနှိုင်းယှဉ်မိခဲ့ပြန်သည်။ ဖေ့စ်ဘုတ်ထဲမှာ အတုယူစရာ ကျန်းမာရေး၊ လူမှုရေးကဏ္ဍများအပါအဝင် ပြည်တွင်း၊ ပြည်ပသတင်းတို့ကို ဆက်သွယ်ရေးမြန်ဆန်မှုကြောင့် ကမ္ဘာကြီးသည် ရွာကြီးသဖွယ် နီးစပ်လာနိုင်သော အားသာမှုရရှိခြင်း၊ ကမ္ဘာ့သတင်း၊ မြန်မာ့သတင်းများအပြင် ဗဟုသုတအဖြာဖြာကို သိရှိလိုသော သတင်းအချက်အလက်များအား အင်တာနက်ချိတ်ဆက်ကာ ရှာဖွေနိုင်ကြောင်း သိရပါသည်။

သို့သော် သူတို့လေးတွေသည် မလျော့သောဇွဲဖြင့် ထမင်းမေ့ ဟင်းမေ့ ဖေ့စ်ဘုတ်ကို လက်ကမချဘဲ ဘာတွေများ လေ့လာနေကြပါလိမ့်။ လူငယ်တို့သည် ယနေ့လူငယ် နောင်ဝယ် လူကြီးဖြစ်ပါမည်။ ကျွန်မတို့သည် မျိုးဆက်သစ်လူငယ်များ လက်သို့ နိုင်ငံတော်ကို လွှဲပြောင်းတာဝန်ပေးရမည့် သူများဖြစ်ရာ မျိုးဆက်သစ်လူငယ်များကို ကျန်းမာကြံ့ခိုင်သော ကိုယ်ခန္ဓာ၊ စိတ်စွမ်းအား၊ ပညာဉာဏ်၊ ဦးဆောင်နိုင်မှုစသည့် စွမ်းရည်များ ပြည့်ဝစေချင်မိပါသည်။ ပညာပြည့်ဝ နှလုံးလှသည့်၊ ကာယ၊ ဉာဏ၊ စာရိတ္တ၊ ပညာ ပြည့်စုံသည့် သူလေးများဖြစ်စေချင်မိသည်။ ကျွန်မမျှော်လင့်သည့် လူငယ်မျိုး မရှိမဟုတ် ရှိကောင်းရှိပါမည်။ သို့သော် အရေအတွက်အနေနှင့် နည်းပါးလှမည်မှာ အမှန်ပင်ဖြစ်ပါသည်။

**ကျောင်းကျန်းမာရေးနှင့် စာရိတ္တမြှင့်တင်ရေးကို သင်ရိုးညွှန်းတမ်းမှာပါစေချင်**

ဥယျာဉ်မှူးတစ်ဦးသည် သူစိုက်ပျိုးမည့် မျိုးစေ့လေးတစ်စေ့ အောင်မြင်ဖြစ်ထွန်း ရန် ရေ၊ မြေ၊ လေ၊ နေ ပြည့်စုံမှုကို ဂရုပြု၍ စိုက်ပျိုးရ၏။ ပျိုးပင်ငယ်လေးပေါက်လာသည့်အခါ သန်စွမ်းသည့် အပင်များရှိသလို ကွေ့ကွေ့ကောက်ကောက်၊ ပင်စည်မဖြောင့်သည့်အပင်များလည်း ပါလာနိုင်၏။ ရိုးတံမဖြောင့်သည့် ပင်ငယ်လေးကို ဝါးခြမ်းတိုင်မှာ ကပ်ချည်၍ ပင်စည်ဖြောင့်အောင် ပြုပြင်ရသကဲ့သို့ လူသားရင်းမြစ်ကလေးများ ဘက်စုံဖွံ့ဖြိုးရန် ပြုစုပျိုးထောင်ရမည့်တာဝန်မှာ နိုင်ငံတော်အစိုးရ၊ မိဘ၊ ဆရာ၊ ပြည်သူ၊ ရဟန်းသံဃာများမကျန် လက်တွဲညီညီ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အချိန်မီချုပ် ၊ အစုတ်သက်သာဆိုသကဲ့သို့ အချိန်မနှောင်းမီ မည်သို့ဆောင်ရွက်သင့်ကြောင်း စဉ်းစားသင့်ပြီဖြစ်ပါသည်။ ကျွန်မ၏ အမြင်တင်ပြရပါလျှင် လက်ဦးဆရာသည် မိဘများပင် ဖြစ်စေကာမူ ဆရာ၊ ဆရာမများသည်လည်း ဒုတိယမိဘပင် ဖြစ်သည်။ ထို့ကြောင့် ကျောင်းတိုင်းတွင် ပထမတန်းမှစ၍ အဋ္ဌမတန်း အဆင့်အလယ်တန်းပညာရေးတွင် မသင်မနေရ ကျန်းမာရေးနှင့် စာရိတ္တမြှင့်တင်ရေးကို ဘာသာရပ်တစ်ခုအနေဖြင့် သင်ရိုးညွှန်းတမ်းမှာ ပါစေချင်ပါသည်။

ကျွန်မတို့နေထိုင်သော ရပ်ကွက်လေးသည် မရှိမရှား လူလတ်တန်းစားများ နေထိုင်သော ရပ်ကွက်တစ်ခုဖြစ်သည်။ ထက်၊ လယ်၊ မှူကျောင်းများရှိသလို ဘုန်းတော်ကြီးကျောင်းများ ဓမ္မာရုံများလည်း ရှိသည်။ နံနက် ၈ နာရီခန့်မှစ၍ ကျောင်းသွားသော ကျောင်းသားကျောင်းသူများ တွေ့ရသလို ညနေ ၃ နာရီခန့်တွင် ကျောင်းဆင်းလာသော ကလေးများလည်း တွေ့ရပါသည်။ ညနေငါးနာရီလောက်ရှိလျှင် ဘာသာခြားကလေးများမှာ ဘာသာရေးဆရာ အိမ်သို့သွားကာ သင်တန်းတက်ကြ၏။ သူတို့မိဘများသည် နိုင်ငံတော်က ဖွင့်လှစ်ပေးသော ကျောင်းမှာလည်း ပညာယူစေသလို သူတို့ဘာသာအရလည်း သင်ကြားစေ၏။ ကျွန်မတို့ မြန်မာ ကလေးများမှာမူ ယခုအခါ ဓမ္မစကူးလ်လို ယဉ်ကျေးလိမ္မာသင်တန်းများ အားပေးဖွင့်လှစ်လာကြသော်လည်း ယဉ်ကျေးလိမ္မာသင်တန်းများမှာ နွေရာသီကျောင်းပိတ်ရက်မှာပင် ၁၀ ရက် ၁၅ ရက်စသည်ဖြင့် သင်ကြားကြရသည်။ အများအားဖြင့် မိဘများက ကျူရှင်ကို အကြောင်းပြု၍ အဆိုပါ ၁၀ ရက်၊ တစ်ပတ်သင်သည့် ယဉ်ကျေးလိမ္မာကျောင်းကိုပင် မစေလွှတ်ကြပါ၊ မတက်နိုင်ကြပါ။ မိဘများကလည်း တိုက်တိုက်တွန်းတွန်း မရှိကြပေ။

**ပညာပြည့်ဝနှလုံးလှလာမည်**

ဤသို့ဖြင့် မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများနှင့် တဖြည်းဖြည်းဝေး၍ တန်ဖိုးထားရမှန်းမသိတော့ပေ။ ထို့ကြောင့် ကျွန်မတို့ သူတို့လေးတွေ ကျန်းမာရေးပြည့်စုံအောင်၊ စာရိတ္တကောင်းသော ကလေးများ၊ လိမ္မာယဉ်ကျေးသူများ ဖြစ်အောင်မည်သို့လုပ်သင့် ပါသနည်း။ ကလေးအများစုဝေးရာမှာ စာသင်ကျောင်းပင်ဖြစ်၏။ ထိုကျောင်းမှာပင် သူတို့သိရမည့် ကျန်းမာရေးဗဟုသုတ၊ ယဉ်ကျေးမှုဓလေ့ထုံးစံ၊ ကိုယ်ကျင့်တရားစာရိတ္တကောင်းမွန်ရေးစသည်တို့ကို သင်ရိုးညွှန်းတမ်းများတွင် အဆင့်လိုက်ထည့်သွင်းသွားပါလျှင် လူသားရင်းမြစ်ကလေးများ ကျန်းမာကြံ့ခိုင်၍ စာရိတ္တကောင်းမွန်ကာ ပညာပြည့်ဝနှလုံးလှလာမည် အမှန်ပင်ဖြစ်ပါသည်။

ကလေးများသည် ပုံပြင်လေးများ၊ ကဗျာလေးများကို နှစ်သက်တတ်၏။ ထို့ကြောင့် သူတို့အရွယ်နှင့်လိုက်သော ပုံပြင်များ၊ ကဗျာများနားထောင်ရွတ်ဆိုရင်း သူတို့လေးတွေ၏ နှလုံးသားထဲတွင် မည်သည့်အရာသည် လုပ်ကောင်း၏၊ မည်သည့်အရာသည် မလုပ်ကောင်းဟူ၍ ခွဲခြားသိလာကြပေမည်။ ထိုကဏ္ဍကို တာဝန်ယူရသည့် ဆရာ၊ ဆရာမများအဖို့လည်း မှီငြမ်းပြုစရာ ငါးရာ့ငါးဆယ်ဇာတ်နိပါတ်တော်များ၊ ရိုးရာပုံပြင်များ၊ အာရပ်ပုံပြင်၊ တရုတ်ရိုးရာပုံပြင်များ ဖတ်ရှုခြင်းဖြင့် ထိုအထဲမှ ကောင်းနိုးရာရာကို စိစစ်သင်ကြား ပေးရန်ဖြစ်သည်။

**အသိတရားဝင်လာမှာဖြစ်**

ပထမတန်း၊ ဒုတိယတန်းတွင် ကျန်းမာရေးဗဟုသုတရစေသော လက်စင်စင်ဆေးသည့်အကျင့်၊ လက်သည်းခြေသည်းလှီးရမည့်အကြောင်း စသည်တို့ကိုသိစေ၍ ဤကဲ့သို့လုပ်ခြင်း၏ ကောင်းကျိုး၊ ဆိုးကျိုးကို ပြောပြနိုင်၏။ ဆရာ ဆရာမများကို မင်္ဂလာပါဟု လက်ကလေးများကို ကြားဖူးအသွင်ပြု၍ နှုတ်ဆက်သင့်ကြောင်းကို "လက်အုပ်ကိုပင်၊ ကြာငုံသွင်၊ အရင်ပြုလုပ်ပါ၊ ပြီးမှသာလျှင်၊ ရိုသေစွာ၊ သေချာနှုတ်ဆက်ပါ" စသည့် သံပေါက်လေးများဖြင့်လည်းကောင်း "သူများတွေကို မထိပါးနှင့် ကိုယ့်လိုစိတ်ထားကိုယ်ချင်းစာ၊ ပစ္စည်းဥစ္စာဆိုင်ရာများ၌ တရားသဖြင့် သန့်ရှင်းပါ၊ စည်းကမ်းရှိစွာ နေထိုင်တတ်လို့၊ ရိုးသားဖြောင့်မတ်တည်ကြည်စွာ၊ ကိုယ့်ပမာဏ ကိုယ်သိကြ၊ ငါးဝကျင့်သိက္ခာ၊ အဖိုးတန်တဲ့ မြန်မာ ဝါဒ၊ ဒါမှလူလိမ္မာ" စသည့် ကဗျာလေးများကိုလည်းကောင်း သံပြိုင်လည်းဆို ဆရာကရှင်းလည်း ရှင်းပြ၊ ဥပမာ-ပုံပြင်လေးတွေနှင့် သက်ဆိုင်လျှင် သက်ဆိုင်သလို ပြောပြမည်ဆိုလျှင် ကလေးများ ပျော်လည်းပျော်သူတို့ရဲ့နုနယ်တဲ့ နှလုံးသားထဲမှာ ကိုယ်ချင်းစာတရားရှိဖို့၊ ရိုးသားဖို့၊ ကိုယ့်၏ပစ္စည်း၊ သူ့ပစ္စည်း သန့်သန့်ရှင်းရှင်းထားဖို့၊ ဖိနပ်ချွတ်တာကအစ ညီညီညာညာ ချွတ်ဖို့စသည်ဖြင့် အသိတရားလေးတွေ ဝင်လာမှာ ဖြစ်ပါသည်။

ပုံပြင်တွေကတော့ ဓမ္မဗျူဟာ၊ မြတ်မင်္ဂလာစာစောင် တွေထဲမှာလည်း ရှိပါသည်။ ပဥ္စမတန်းမှ အဋ္ဌမတန်းအထိ အလယ်တန်း အဆင့်တွေကြတော့ မှတ်ဖွယ်မှတ်ရာလေးများ ပါသည့် (၃၈)ဖြာမင်္ဂလာမှ သိစေချင်တဲ့ အကြောင်းအရာများ သင်ကြားနိုင်ပါသည်။ ကြီးနိုင်ငယ်ညှဉ်း မလုပ်ဖို့ (ဆင်ဆိုးကြီးနှင့် နှံပြည်စုတ်ငှက်လေးပုံပြင်) မည်မျှကြီးမားသော ဆင်ကြီး ဖြစ်စေကာမူ ငှက်ကလေး၏အပေါင်းအသင်းကောင်းမှုကြောင့် (ကျီး၊ ယင်၊ ဖား)တို့အကူအညီဖြင့်ဆင်ဆိုးကြီးကို အောင်မြင်ခဲ့ကြောင်း စသည်ဖြင့် သင့်တော်သည့် အကြောင်းအရာများ ထုတ်နုတ်၍ ပုံပြင်နှင့်ယှဉ်လျက် အသိပညာပေးသင့်ပါသည်။

**ကောင်းနိုးရာရာသင်ကြားပေးသင့်**

ကလေးတွေအတန်းကြီးလာလို့ သူတို့လေးတွေ ယဉ်ကျေးဖို့ "ခေါ်ကျယ်၊ ပြော ကျယ်၊ ရယ်၊ ချေကျယ်၊ သမ်းကျယ်ကျယ် ငါးပါး သတိထား၊ ရှောင်ရှားမှတ်စဖွယ်" စသည်ဖြင့် လည်းကောင်း ဝတ်ကြမ်း၊ စားကြမ်း၊ သွား၊ ထိုင်ကြမ်း၊ အိပ်ကြမ်း၊ စိတ်ကြမ်း၊ ကိုယ်နှုတ်ကြမ်း၊ သင်ကြမ်း-ကြမ်းကိုး၊ လူကြမ်းပိုး(ဂျပိုး) ဟူ၍လည်းကောင်း သိသင့်သိထိုက်တာတွေကို ကောင်းနိုးရာရာ သင်ကြားပေးသင့်ပါသည်။ မြန်မာ့သူရဲကောင်းများ၊ မင်းကောင်းမင်းမြတ်များအကြောင်းအပြင် မွန်သူရဲကောင်းများအကြောင်း (ရာဇဓိရာဇ် အရေးတော်ပုံကျမ်းကို ကိုးကား၍) လည်း အလျဉ်းသင့်သလို ပြောပြသင့်သည်။ မွန်အရေးကို မြန်မာများကူခဲ့သလို (ဥဿာဘုရင်နှင့် ဂျွမ်းစစ်သည်အရေး) မြန်မာနိုင်ငံအရေးဖြစ်သော မွန်ဂိုဘုရင်၏ ကျူးကျော်စစ်ကို မွန်သူရဲကောင်းသမိန်ဗရမ်းက မွန်ဂိုသူရဲကောင်းဂါမဏိနှင့် စီးချင်းထိုး၍ ကာကွယ်ခဲ့ပုံ၊ မူလကတိရှိသည့်အတိုင်း မွန်ဂိုတပ်ကြီး မြန်မာ့နယ်မြေမှ အေးချမ်းစွာ ဆုတ်ခွာသွားခဲ့ပုံစသည့်နိုင်ငံအတွင်း အမှန်ဖြစ်ပျက်ခဲ့သည့် သမိုင်းဆိုင်ရာများ၊ မူးယစ်စေတတ်သည့် သေရည်သေရက်ကြောင့် တောင်ငူဘုရင်တပင်ရွှေထီး စောစီးစွာသေဆုံးခဲ့ရပုံများကိုလည်း ပြောပြသင့်၏။ ထို့အပြင် ကျောင်းဝန်းကျယ်ပါက ကိုယ်လက်လှုပ်ရှား အားကစားများကို သင်ရိုးမှာ ထည့်သွင်းရန်နှင့် မိန်းကလေးများကို ခေတ်နှင့်အညီ အေရိုးဗစ်အကလေးများ သင်ကြားမည်ဆိုလျှင် သင့်မည်ထင်ပါသည်။

ကျွန်မတို့နိုင်ငံနှင့် အနီးဆုံးထိုင်းနိုင်ငံ တက္ကသိုလ်များ၌ အားကစားကို မယူမနေရ၊ ဘာသာရပ်အနေဖြင့် ထည့်သွင်းထားကြောင်း သိရ၏။ ဘတ်စကက်ဘော၊ ဘော်လီ ဘော၊ တင်းနစ် စသည်ဖြင့် အားကစားတစ်ခုခုကိုယူ၍ လက်တွေ့၊ စာတွေ့ စာမေးပွဲ စစ်ဆေးအမှတ်ပေးကြောင်း သိရပါသည်။

**ဖွံ့ဖြိုးကြီးထွား လာလိမ့်မည်ဟု ယုံကြည်**

ကျွန်မတို့ကလေးများ ပြင်ပဗဟုသုတအနေဖြင့် အဖွဲ့အစည်းတစ်ခု၊ ဌာနတစ်ခု၊ အသင်းအဖွဲ့တစ်ခု၌ အကြီးအမှူးလုပ်သူတို့ရှိရမည့် နာယက ဂုဏ်(၆)ပါးကို အတိုချုပ်အားဖြင့် သိစေခြင်း၊ ဥပမာ-ထကြွ၊ နိုးကြား၊ သနား၊ သည်းခံ၊ ဝေဖန်၊ ထောက်ရှု ဤခြောက်ခု ကြီးသူကျင့်ရာ တရားတည်းဟူ၍လည်းကောင်း ခေါင်းဆောင်မဖြစ် ထိုက်သူတို့၏ အရည်အသွေးကိုလည်း "ဂဏန်း၊ ပုတ်သင်ခြောက်၊ ကိုင်းပင်၊ နွားသိုး၊ လိပ်မျိုး၊ ခွေးအ၊ အနာယက" ဟူ၍ သိစေခြင်း၊ ဂဏန်းကောင်ဘေးတိုက်သွားသကဲ့သို့ ကန့်လန့် တိုက်နေတတ်သော လူမျိုး၊ ပုတ်သင်ကဲ့သို့ ကိုယ်ပိုင်ဆုံးဖြတ်ချက်မရှိ အရာရာခေါင်းညိတ်တတ်သူ၊ ကိုင်းပင်ကဲ့သို့ သူများပြောတိုင်း ယိမ်းယိုင်တတ်သူ၊ နွားသိုးကဲ့သို့ တရှူးထိုးလုပ်တတ်သူ၊ လိပ်ကဲ့သို့ကိုယ်ဖက်သာ ကိုယ်ယက်၍ အတ္တကြီးသောသူ၊ ခွေးအကဲ့သို့ အပေါင်းအစုနောက်လိုက်ရှိမှ ဟန်ရေးပြတတ်သူများ အကြီးအမှူးခေါင်းဆောင်ဖြစ်က ထိုအဖွဲ့အစည်းပျက်စီးတတ်ကြောင်းကိုလည်းကောင်း ဥပမာ-ပုံပြင်လေးများဖြင့် ပြောပြခြင်းများ ပြုသင့်သည်ဟု ထင်မိပါသည်။ ပထမ တန်းမှ အဋ္ဌမတန်းအထိ ကျန်းမာရေးဆိုင်ရာ ဗဟုသုတများ၊ သိသင့်သိထိုက်သော မှတ်သားဖွယ်ရာ အကြောင်းအရာများ သင်ပေးခြင်းဖြင့် လိမ္မာယဉ်ကျေး ကျန်းမာရေး ဗဟုသုတကြွယ်ဝသည့်ကလေးများအဖြစ် ထိုက်သည့် အားလျော်စွာ ဖွံ့ဖြိုးကြီးထွားလာလိမ့်မည်ဟု ယုံကြည်မိပါသည်။

နဝမတန်း၊ ဒသမတန်းတို့တွင် သိပ္ပံတွဲဆိုင်ရာ ဘာသာရပ်များ၊ ဝိဇ္ဇာတွဲဆိုင်ရာ ဘာသာရပ်များကို ဖိဖိစီးစီးသင်ပေးရသကဲ့သို့ လူမှုရေးစိတ်ပညာကဲ့သို့ ဘာသာရပ်ကိုလည်း ခေတ်ရေစီးကြောင်းအရ သင်ရိုးညွှန်းတမ်းတွင် ထည့်သွင်းသင့်ပါသည်။ အင်္ဂလိပ်စာကိုမူ ကမ္ဘာ့နိုင်ငံသုံးဘာသာရပ်ဖြစ်၍ ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်ရန် မူလတန်းအဆင့်မှစ၍ ဒသမတန်းတိုင်အောင် 4 Skill သင်ကြားပေးသင့်သည်ဟု ယူဆမိပါသည်။

**နိုင်ငံ့ဂုဏ်ဆောင်ပုဂ္ဂိုလ်များအကြောင်း ပြောပြပေးသင့်**

အဖွဲ့အစည်းတစ်ခုမှ လမ်းသွားလမ်းလာလူငယ်များကို လျှပ်တစ်ပြက်မေးခွန်းများ မေးရာတွင် မြန်မာနိုင်ငံ လွတ်လပ်ရေးရသောနေ့ မည်သည့်နေ့လဲဟုမေးရာ ဇန်နဝါရီ လ ၁ ရက်နေ့ဟု ဖြေသူက ဖြေ၏။ ဗိုလ်ချုပ်အောင်ဆန်း၏ မိခင် မည်သူနည်းဟု မေးရာ ဒေါ်ခင်ကြည်ဟု ဖြေလိုဖြေ၊ နိုင်ငံတော်ဒုတိယသမ္မတအမည်မေးရာ တော်တော်နှင့် မဖြေနိုင်ဘဲ စဉ်းစားပြီး ဟင်နရီဗထီးဟု ဖြေသည်ကို ဖေ့စ်ဘုတ်တွင် ဖော်ပြထားသည်ဟု သိရ၍ ထိုအကြောင်းအရာကို တင်ပြထားသူကဟာသအနေဖြင့်ကြည့်က ရယ်ရွှင်ဖွယ်ရာ ဖြစ်သော်လည်း နိုင်ငံရေးအမြင်နှင့်ကြည့်က ထိုဖြေသူလေးများ၏ ဗဟုသုတ နည်းပါးမှုကို ဝမ်းနည်းမိပါကြောင်း မှတ်ချက်ချခဲ့သည်။ ထို့ကြောင့် ကျွန်မတို့ကလေးများကို ရှေးခေတ်က ဗဟုသုတဖြစ် ဖွယ်၊ သင်ခန်းစာယူဖွယ်များကိုသာမက မျက်မှောက်ခေတ်တွင် သိသင့်သိထိုက်သော နိုင်ငံ့ဂုဏ်ဆောင် ပုဂ္ဂိုလ်များအကြောင်းကိုလည်း အခါအားလျော်စွာ ပြောပြပေးသင့်ပါသည်။

ပန်းပုဆရာကောင်းတစ်ဦး၏ ထုဆစ်မှုကြောင့် ပန်းပုရုပ်ကလေး တဖြည်းဖြည်း ပုံပေါ်လှပလာသကဲ့သို့ နာသုံးနာပိုင်ရှင်ဆရာ၊ ဆရာမများ၏ သွန်သင်မှုကြောင့် ကျွန်မတို့၏ ပန်းကလေးများ(ကလေးများ) နေခြည်မှာ ရွှေရည်လောင်းသကဲ့သို့ တောက်ပပွင့်လန်း လာမည်မှာ အမှန်ပင်ဖြစ်ပေသည်။ ကျွန်မတို့အဘက်ဘက်မှ ဝိုင်းဝန်းကြိုးပမ်းကြဖို့သာ လိုပါသည်။ ယခုအခါ မူလတန်းအဆင့်တွင် စာရိတ္တနှင့် ပြည်သူ့နီတိကိုလည်းကောင်း၊ အလယ်တန်းအဆင့်တွင် လူမှုကျင့်ဝတ်၊ အခွင့်အရေး နှင့်တာဝန်များ၊ စည်းကမ်းနှင့်ဥပဒေ၊ ငြိမ်းချမ်းစွာနေထိုင်ခြင်း၊ အထက်တန်းအဆင့်တွင် ဒီမိုကရေစီ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အာဆီယံနိုင်ငံများ၊ Peace and Harmony စသည်ဖြင့် သင်ရိုးညွှန်းတမ်းများ ပြင်ဆင်ရေးဆွဲရန် နိုင်ငံတော်မှ ဆောင်ရွက်နေကြောင်း၊ သိရှိရသဖြင့် နိုင်ငံတော်၏ အနာဂတ်အတွက် အကျိုးဆောင်မည့် ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်သည့် Global Citizen ကလေးများပေါ်ထွက်လာတော့မည်ဟု အားတက်မိပါသည်။

ထို့ကြောင့် မြန်မာ့ကလေးများ လူမှုရေး၊ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှု၊ ပညာရေး၊ ကျန်းမာရေး၊ အသိအလိမ္မာကြွယ်ဝစွာဖြင့် ခေတ်နောက်မကျဘဲ တိုးတက်စေရန် မြန်မာ့ပညာရေးကဏ္ဍသစ်ကို ဖွင့်လှစ်ခြင်းဖြင့်နိုင်ငံတော်၏တာဝန်ကို လွှဲပြောင်းယူမည့် မျိုးဆက်သစ်ကလေးများသည် အောက်ကျ နောက်ကျမဖြစ်ဘဲ ကမ္ဘာ့အလယ်တွင် မြန်မာဟေ့ဟု ဝင့်ကြွားနိုင်မည်ဖြစ်ပါကြောင်း ကျွန်မ၏ အတွေးတစ်စကို ရေးသားတင်ပြအပ်ပါသည်။ ။

# အထူးလိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ပဒုမ္မာလမ်း၊ အမှတ် ၁၉နေ မိခင်ကြီး **ဒေါ်ဆိုက်တီ**အား နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၈ဖြင့် ဂုဏ်ပြုချီးမြှင့်အပ်နှင်းသည့် **သီဟသုဓမ္မသီင်္ဂီဘွဲ့**ကို ထိုက်ထိုက်တန်တန်ရရှိသည့်အတွက် အထူးလိုက်လှဲ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာ၍ အမျိုးဘာသာ၊ သာသနာ့အကျိုးများကို ဆတက်ထမ်းပိုးတိုး၍ သယ်ပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ချစ်သားသမီးများ-**

**ဦးသိန်းသန်း-ဒေါက်တာပြုံးပြုံးစိန် ဒေါ်ယဉ်ယဉ်မြင့်၊ ဒေါ်ငွေးငွေးမြင့်**
**ဦးသန်းငွေ-ဒေါ်သင်းသင်းညွန့် ဒေါ်သန်းသန်းမြင့်၊ ဒေါ်ခင်လှလှတီ**
**ဒေါက်တာမြင့်စိုး-ဒေါ်ဝါဝါလှိုင် ဒေါ်ခင်စပယ်လှိုင်၊ ဒေါ်ခင်ကြည်**

# ဝမ်းမြောက်ဂုဏ်ယူကြောင်း

ဘွားဘွားကြီး ဒေါ်ဆိုက်တီအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၊ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၈ဖြင့် **သီဟသုဓမ္မသီင်္ဂီ** ဘွဲ့တံဆိပ်တော်ချီးမြှင့်ခြင်းခံရပါသဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ကျန်းမာချမ်းသာစွာဖြင့် ဘာသာ၊ သာသနာအကျိုးဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ချစ်မြေးများ-**

**ကျော်လတ်ဦးထွန်း စိုးလှိုင်သိန်း ပြည့်စိုးထက်**
**ဒေါက်တာဖြိုးဟန်သိန်း သက်ပိုင်ငွေ ဒေါက်တာဖူးပြည့်စုံငွေ အိဖြူသိန်း**

**ဖခင်အမည်မှန်**
စစ်တွေမြို့၊ ပါဒလိတ်ကျေးရွာနေ မနိုင်နိုင်အေး၏ ဖခင်အမည်မှန်မှာ ဦးသာစိန်ဖြစ်ပါကြောင်း။
**ဦးသာစိန်**

**ဖခင်အမည်မှန်**
ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ် ကြယ်စင်စု ကိုယ်ပိုင်အထက်တန်းကျောင်း သတ္တမတန်းမှမောင်ဟိန်းထက်ကျော် ၏ဖခင်အမည်မှန်မှာ ဦးကျော်မင်းနိုင် ၁၂/သခန(နိုင်)၁၀၈၀၆၃ ဖြစ်ပါသည်။

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ် 3J/7099 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏သား မောင်ဟန်ရဲထက် ၁၀/မလမ(နိုင်) ၂၄၉၇၉၇ သည် မိဘများ ဆုံးမသည်ကို မလိုက်နာဘဲ မိမိဆန္ဒအလျောက် အိမ်မှထွက်သွားပါသဖြင့် ထွက်သွားသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ မောင်ဟန်ရဲထက်နှင့် ပတ်သက်သော ကိစ္စအဝဝတို့သည် မိဘများနှင့်လုံးဝသက်ဆိုင်မှုမရှိကြောင်း တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးဟန်စိုး**
**၁၀/မလမ(နိုင်)၁၅၁၈၀၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၉/ဘီ၊ မြေကွက်အမှတ်-၆၅၆၊ မြေကွက်တည်နေရာအမှတ်(၆၅၆)၊ သမာဓိလမ်း၊ ၃၉/ဘီရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးသန်းနိုင် YKN-006551၊ ၁၂/ဗဟန(နိုင်)၀၅၂၀၁၁ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက်ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၆၃၀/၃-၃-၂၀၀၆)ဖြင့် လွှဲအပ်ခံရသူ ဦးနိုင်သူရ ၉/ပဘန(နိုင်)၀၀၀၄၂၅မှ ဂရန်မူရင်း၊ နိုင်ကတ်၊ ပါဝါ၊ ကျမ်းကျိန်လွှာတို့တင်ပြ၍ အရောင်း မြေပုံကူးလျှောက်ထားလာရာ ၂၃-၂-၀၄အရ ဦးသန်းနိုင်မှ ဘဏ်ငွေချေးရန် မြေပုံကူး လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ အဆိုပါ ဘဏ်ချေးမြေပုံကူးယူခဲ့သော်လည်း ဘဏ်ချေးငွေရယူထားခြင်းမရှိကြောင်း၊ ဂရန်မူရင်းလက်ဝယ်ရှိကြောင်း ပုဇွန်တောင်မြို့နယ်တရားရုံး၏ ၂၀-၁၁-၂၀၁၇ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ်စဉ် (၁၁-၂၅၁)၊ ၂၇-၁၀-၂၀၁၇ရက်စွဲပါစာအမှတ် (၁၁၀၇၅)တို့ဖြင့် ရှင်းလင်းတင်ပြ၍ ဦးနိုင်သူရ ၉/ပဘန(နိုင်)၀၀၀၄၂၅မှ အရောင်းမြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ရွှေပြည်သာမြို့နယ်တရားရုံးတော်၌
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၆၆ နှင့်ဆက်နွှယ်သည့်
၂၀၁၇ခုနှစ် တရားမဇာရီမှုအမှတ်-၁၁

ဦးကျော်မင်းသန်း နှင့်
၁။ ဦးဝင်းနိုင်(ခ)ဦးဝင်းလှိုင်
၂။ ဒေါ်ခိုင်မာ
၃။ ဦးသက်ဝင်း
၄။ ဒေါ်ချောစု
၅။ ဒေါ်နန်းမြသီင်္ဂီ
၆။ ဦးကြည်ယဉ်
၇။ ဒေါ်သန်းသန်းအေး
၈။ ဦးထွန်းလွင်
၉။ ဒေါ်ပြည့်ဖူးဝေ
၁၀။ ဦးလှမြင့်
၁၁။ ဒေါ်ခင်မာကြည်

**တရားနိုင် တရားရှုံးများ**

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင်၊ ရွှေပြည်သာမြို့နယ်၊ သံဒင်းအနောက်၊ (၁၉)ရပ်ကွက်၊ ခွာညိုလမ်းထိပ်၊ မြနန္ဒာပတ်လမ်းထောင့်ကွက်၊ ကွင်းအမှတ် ၂၉၁ (သစ်ချောင်းကွင်း)၊ ဦးပိုင်အမှတ် ၄၆/၂နေ တရားရှုံးများဖြစ်ကြသော (၁)ဦးဝင်းနိုင်(ခ)ဦးဝင်းလှိုင်၊ (၂)ဒေါ်ခိုင်မာ၊ (၃)ဦးသက်ဝင်း၊ (၅)ဒေါ်နန်းမြသီင်္ဂီ၊ (၆)ဦးကြည်ယဉ်၊ (၇)ဒေါ်သန်းသန်းအေး၊ (၈)ဦးထွန်းလွင်၊ (၉)ဒေါ်ပြည့်ဖူးဝေ၊ (၁၀)ဦးလှမြင့်၊ (၁၁)ဒေါ်ခင်မာကြည်တို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၆၆တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ (သို့မဟုတ်) အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၈ခုနှစ် ဇန်နဝါရီ ၁၉ ရက် (၁၃၇၉ခုနှစ် တပို့တွဲလဆန်း ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးရှေ့လာရောက်ရမည်။

၂၀၁၈ခုနှစ် ဇန်နဝါရီ ၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နေခြည်လှိုင်းဇာ)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ရွှေပြည်သာမြို့နယ်တရားရုံး**




## ရောင်းချရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)၊ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်
၂၀၁၃ ခုနှစ် တရားမဇာရီမှုအမှတ် -၁

ဒေါ်စန္ဒာအေး နှင့် ဦးဝင်းလှိုင်
**တရားနိုင် တရားရှုံး**

မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားမကြီးမှုအမှတ် ၂၄၅/၂၀၁၁ အမှုတွင်ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၁၈ခုနှစ် ဖေဖော်ဝါရီ ၁၅ရက် (၁၃၇၉ခုနှစ် တပေါင်းလဆန်း ၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ သမ္မတောကျေးရွာအုပ်စု၊ ကွင်းအမှတ် -၅၄၃၊ ဦးပိုင် (၁)၊ ဧရိယာ ၂ဒသမ၅၀ဧကရှိ မြေကွက်ထဲမှ (၁၀၀×၁၁၁) ပေရှိ မြေအစိတ်အပိုင်း။

**လေလံကြမ်းခင်းဈေး ကျပ်သိန်း ၃၀၀၀၀ (ကျပ်သိန်းသုံးသောင်းတိတိ)**
**လေလံရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြပါရှိသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း၊ တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည်ဖြစ်ကြောင်း၊ လေလံဆွဲဝယ်ယူမည့်သူတို့အား အထူးသတိပြုရန်နှိုးဆော်လိုက်သည်။
၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ ဈေးနှုန်းအမြင့်ဆုံး ဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့် ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲငြင်းပယ်ပိုင်ခွင့်ရှိသည်။
၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန် ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။
၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့်စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။
၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ ရက်မြောက် ရုံးဆင်းချိန်မတိုင်မီပေးဆောင်ရမည်။ ၁၅ ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေပေးသွင်းရမည်။
၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကိုတစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံရမည်။

၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

**အမိန့်အရ- (ဒေါ်မာလာ)**
**ဒုတိယညွှန်ကြားရေးမှူး၊ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

# အထူးလိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

**“နိုင်”** မိသားစု အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးကုမ္ပဏီလီမိတက်၏ နာယက၊ အနန္တဂိုဏ်းဝင်ကျေးဇူးရှင် **“ဖခင်ကြီး ဦးထွန်းဖေ”**အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၈ ဖြင့် နိုင်ငံတော်မှ ထိုက်တန်စွာချီးမြှင့်သော **“သုဓမ္မမဏိဇောတဓရ”**ဘွဲ့ ရရှိသဖြင့် လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံအကျိုး၊ သာသနာအကျိုးတို့ကို ကျန်းမာချမ်းသာစွာဖြင့် ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**ချစ်ဇနီး - သုဓမ္မသင်္ဂီ ဒေါ်ညွန့်ညွန့်**

(နာယက “နိုင်”မိသားစု အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်)

**ချစ်သားသမီးများ -**

၁။ ဦးမြင့်နိုင် - ဒေါ်အေးအေးနိုင်
(Naing One Construction Materials Trading Co.,Ltd.)

၂။ ဦးသက်နိုင် - ဒေါ်စောကေခိုင်
(Naing Mahar Mandalay Trading Co.,Ltd.)

၃။ ဒေါက်တာအေးအေးနိုင် (တွဲဖက်ပါမောက္ခ - သမိုင်းဌာန၊ ဟင်္သာတတက္ကသိုလ်)

၄။ ဦးဝင်းနိုင် - ဒေါ်နှင်းလှဲ့ကြည်ပြာ (Yoon Iron & Steel Co.,Ltd.)

၅။ ဦးထွန်းထွန်းနိုင်(MD) (Nyunt Myint Mo Industrial Co.,Ltd.)

၆။ ဒေါက်တာငွေးငွေးနိုင်(ကထိက - ဓာတုဗေဒဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)

၇။ ဦးမျိုးမင်းနိုင် - ဒေါ်ရွှေစင်ငွေး
(Naing Seven Construction Materials Trading Co.,Ltd.)

၈။ ဦးသန်းနိုင်(MD)
(Naing Family Construction Materials Trading Co.,Ltd.)

၉။ ဦးမျိုးမြင့် - ဒေါ်သန္တာဝင်း
(Myo Naing Nine Int'l Trading Co.,Ltd.)

၁၀။ ဦးဖြိုးဝေနိုင် - ဒေါက်တာနန်းခင်ဝတ်ရည်
(Naing New Generation Trading Co.,Ltd.)

**ချစ်မြေးများ -** ဝိုင်းဝိုင်း၊ ကစ်ကစ်၊ ခစ်ခစ်၊ ဂါဂါး၊ ကူကူး၊ ကိုအုပ်၊ စနိုး၊ ယွန်းယွန်း၊ ဖိုးလပြည့်၊ ကိုခန့်၊ အူဝဲ၊ ပယ်ပယ်၊ လဝန်း၊ တုန်တုန်၊ သီဟ၊ ပိုင်ပိုင်၊ ရွှန်းရွှန်း

## ဂုဏ်ယူဝမ်းမြောက်ခြင်း

Green Circle Co.,Ltd. & New Smart Co.,Ltd. ၏ ဒါရိုက်တာ **ဒေါ်ခင်ရီ ( VeVe )**အား

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၈)ဖြင့်

၁၃၇၉-ခုနှစ် ပြာသိုလပြည့်ကျော် (၃)ရက် (၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ၊ ၄-ရက်) လွတ်လပ်ရေးနေ့

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆပ်ကပ်လှူဒါန်းရာတွင်

**သီရိသုဓမ္မသင်္ဂီ** ဘွဲ့တံဆိပ်တော်

ချီးမြှင့်ခြင်းခံရသည့်အတွက် Green Circle Co.,Ltd. & New Smart Co.,Ltd.

မန္တလေး(ရုံးချုပ်) VeVe အချိုရည်ဝန်ထမ်းများအားလုံးမှ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း နှင့်

သာသနာအကျိုးပြုဆိုင်ရာကဏ္ဍအသီးသီး၊ နိုင်ငံအကျိုးပြုဆိုင်ရာကဏ္ဍအသီးသီးတို့၌

ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပြီး အောင်မြင်တိုးတက်ပါစေကြောင်း

ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**VeVe အချိုရည် ဝန်ထမ်းများ မန္တလေး (ရုံးချုပ်)**

## ဂုဏ်ယူဝမ်းမြောက်ခြင်း

ဗုဒ္ဓမြတ်စွာသာသနာတော်ကြီး တိုးတက်စည်ပင်ပြန့်ပွားရန်အလို့ငှာ စွမ်းစွမ်းတမံ လှူဒါန်းခဲ့သည့် **ဦးစိုးသန်းထွန်း (လူမှုထူးချွန်တတိယဆင့်)** ဥက္ကဋ္ဌ (ပွင့်သစ်စမ်း စီးပွားရေးလုပ်ငန်းစု)သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ ၄-၁-၂၀၁၈ရက်တွင် ကျင်းပသည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်များ ဆက်ကပ်လှူဒါန်းပွဲတွင် **သုဓမ္မဇောတိကဓဇ** ဘွဲ့တံဆိပ်တော်ကို ချီးမြှင့်အပ်နှင်းခြင်းခံရကြောင်း သိရှိရပါသဖြင့် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ဖော်ပြအပ်ပါသည်။

**ဦးသောင်းစိန်(DEMO Garment)၊ ဦးမောင်မြင့်(Htoo Kaung Co.,Ltd.)၊ ဦးနေလင်းအောင် (ချမ်းမြေ့သာပရိဘောဂ)၊ ဦးသက်နိုင်ဦး၊ ဦးသိန်းထွန်း၊ ဦးညွန့်ဝေ၊ ဦးသူရ၊ ဦးပြည့်မင်းဟန်၊ ဦးဇော်ဝင်း၊ ဦးသန်းထွဋ်**

# လှိုက်လှဲစွာအထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၈ဖြင့် နိုင်ငံတော်သမ္မတမှ ထိုက်ထိုက်တန်တန် ပေးအပ်ချီးမြှင့်ပါသော သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်မှ **အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်** ချီးမြှင့်ခြင်းခံရပါသော **ဦးရှိန်ဝင်း၊** လေးကျွန်းသူ ညီအစ်မများဖြစ်ကြသော **သီရိသုဓမ္မသိင်္ဂီဘွဲ့** ရရှိသည့် **ဒေါ်ခင်ရီ၊ သီဟသုဓမ္မသိင်္ဂီဘွဲ့** ရရှိကြသည့် **ဒေါ်လှလှဝေ၊ ဒေါ်ရင်ရွှင်၊ ဒေါ်တင်လတ်မင်း၊ ဒေါ်ဖြူဖြူစိမ်း၊ သုဓမ္မသိင်္ဂီဘွဲ့** ရရှိသည့် **ဒေါ်အေးအေးသွယ်၊ ဒေါ်အိအိခင်** တို့အတွက် အမျိုးဘာသာ၊ သာသနာတော်၏အကျိုးကို ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း၍ အထူးဂုဏ်ယူဝမ်းမြောက်မိပါသည်။

**ဦးဝင်းနိုင်-သီဟသုဓမ္မသိင်္ဂီဒေါ်ဝေဝေမွန်**
**(ရွှေဟိန်းထက်-မိသားစု)**

---

## အထူးလှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ပြုလွှာ

၂၀၁၈ ခုနှစ်၊ (၇၀) နှစ်မြောက်လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၈) ဖြင့် **ဒေါ်အိအိခင် ( Executive Director - Mount Pleasant Hotel / Hotel Nwe Tha Ki )** အား **" သုဓမ္မသိင်္ဂီဘွဲ့ "** ကို ထိုက်ထိုက်တန်တန်ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် အထူးလှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူမိပါသည်။ နောင်တွင်လည်း သက်ရှည် ကျန်းမာ ချမ်းသာစွာဖြင့် မိသားစုနှင့်အတူ နိုင်ငံတော်အကျိုး၊ သာသနာတော်အကျိုး တို့ကို ဆတက်ထမ်းပိုးတိုး၍ ဆက်လက်ကြိုးပမ်းဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**Mount Pleasant Hotel**
**Hotel Nwe Tha Ki**
**မိသားစု။**

---

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

**နိုင်ငံတော်သမ္မတရုံး၏ (၄-၁-၂၀၁၈)ရက်နေ့ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၈)ဖြင့်မြတ်ဗုဒ္ဓ၏သာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် မဆုတ်မနစ်သော သဒ္ဓါတရားထက်သန်စွာဖြင့် ထောက်ပံ့လှူဒါန်းခြင်းကြောင့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်ဖြစ်သည့်**

**သီဟသုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ်ကိုချီးမြှင့်ခြင်းခံရပါသော

Shining Myanmar Co.,Ltd ၏ Managing Director

**ဦးကျော်စွာအောင်(ခ)ဦးကျော်စွာထွန်း(ခ)ဦးအီရပ်ဝဇူးစား** အတွက်

Shining Myanmar Co.,Ltd ဝန်ထမ်းမိသားစုများက အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆက်လက်၍လည်း အမျိုးဘာသာ သာသနာတော်အကျိုး၊ နိုင်ငံတော်အကျိုး ဆတက်ထမ်းပိုးသယ်ပိုးထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဝန်ထမ်းမိသားစု
Shining Myanmar Co.,Ltd

---

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5I/3943, Toyota Hilux VIGO KUN 35 R, P/U (4x2)R Open cab ယာဉ်လက်ဝယ်ရှိသူ ဒေါ်တိုးသီတာနွဲ့ ၇/ဖမန(နိုင်)၀၈၈၀၈၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

---

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5K/8752 Toyota RAV.4,S/W ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်သူဇာအောင် ၁၂/ပဘတ(နိုင်)၀၂၆၇၁၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

---

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3C/4893 ၏အင်္ဂလိပ် ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ဒက္ခိဏသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် (၉/ဒက္ခိဏသီရိတောင်ရပ်)၊ ပေ(၈၀× ၈၀)၊ မြေကွက်အမှတ်(ဒ-၃၁၈၆၈)၊ ဒုတိယဗိုလ်မှူးကြီးခင်ဇော် (ဘ)ဦးစံမြိုင် ၈/မကန(နိုင်)၀၂၁၉၅၈ အမည်ပေါက်ပါမစ်မြေအား အရောင်းအဝယ်ကတိ စာချုပ်ဖြင့် ဝယ်ယူထားသူ ဦးတင်မောင်ဝင်း(ဘ)ဦးဘိုညွန့် ၉/မရတ(နိုင်)၀၄၆၈၃၇မှ မြေပေးမိန့် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ အဆိုပါမြေပေးမိန့်ကို ဦးတင်မောင်ဝင်းအား ထုတ်ပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

### ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၉/ဒက္ခိဏသီရိတောင်ရပ်)၊ မြေကွက်အမှတ်(ဒ-၃၂၅၁၆)၊ ဧရိယာ ၀ဒသမ၁၄၆ ဧက ဦးသန်းမြင့် (ဘ) ဦးမျိုးမြင့် ၁၂/တမန(နိုင်)၀၄၂၈၅၆ အမည်ပေါက် ပါမစ်မြေကွက်အား ဦးတင်ဝမ်း (ဘ) ဦးဘငွေ ၉/မရတ(နိုင်)၀၃၁၇၆၆မှ မြေပေးမိန့်(ပါမစ်)မူရင်း မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများ ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

### ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ရွှေအင်ကြင်းအနောက်ရပ်၊ မြေကွက်အမှတ် (ဒ-၄၈၅၃)၊ ဧရိယာ ၀ဒသမ၁၈၂ဧက၊ ဦးစိုးလင်း (ဘ)ဦးစံရွှေ ၉/လဝန(နိုင်)၁၂၄၅၆၆အမည်ပေါက် ပါမစ်မြေကွက်အား ဦးကိုငယ် (ဘ)ဦးထွန်းခင် ၉/လဝန(နိုင်)၀၅၇၇၃၂မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများ တင်ပြ၍ မြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## နည်းပညာတက္ကသိုလ်(လားရှိုး)
## (၁၄)ကြိမ်မြောက် B.Tech ဘွဲ့အတွက်
# ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ နည်းပညာတက္ကသိုလ်(လားရှိုး)၏ ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း နည်းပညာတက္ကသိုလ်(လားရှိုး)၏ ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

**အကြိုလေ့ကျင့်ခြင်း** - ၁၀-၂-၂၀၁၈ရက်(စနေနေ့) နံနက် ၉း၀၀နာရီမှ ပြီးဆုံးချိန်အထိ

**ဘွဲ့နှင်းသဘင်ကျင်းပခြင်း** - ၁၁-၂-၂၀၁၈ရက်(တနင်္ဂနွေနေ့) နံနက် ၉း၀၀နာရီမှ ပြီးဆုံးချိန်အထိ

၂။ ဘွဲ့နှင်းသဘင်အခမ်းအနားသို့ အောက်ဖော်ပြပါဘွဲ့ရစာမေးပွဲ အောင်မြင်သူများ တက်ရောက်ယူနိုင်သည်။

(၂၀၁၇ခုနှစ် နိုဝင်ဘာလတွင် ထုတ်ပြန်ခဲ့သော B.Tech စာမေးပွဲအောင်မြင်သူများ)

၃။ ဘွဲ့နှင်းသဘင်ကြေးအား အောက်ဖော်ပြပါအတိုင်းသတ်မှတ်ထားပါသည်။

(က) တက်ရောက်ဘွဲ့ B.Tech ဘွဲ့အတွက် ၁၅၀၀ကျပ်တိတိ

(ခ) အဝေးရောက်ဘွဲ့ B.Tech ဘွဲ့အတွက် ၁၀၀၀ကျပ်တိတိ

၄။ ဘွဲ့နှင်းသဘင်အတွက် ကျောင်းသားများသည် မြန်မာဝတ်စုံ(သို့)အနောက်တိုင်းဝတ်စုံအပြည့်နှင့် ကျောင်းသူများသည် လက်ရှည်ရင်စေ့အင်္ကျီဖြင့် ဝတ်ဆင်ရိုက်ကူးထားသော (၁.၅လက်မ×၂လက်မ)အရွယ် ဓာတ်ပုံ ၅ပုံ (ဓာတ်ပုံ၏အောက်တွင် မှတ်ပုံတင်နံပါတ်ထည့်သွင်းရိုက်ကူးခြင်းမပြုရန်)နှင့်အတူ လျှောက်လွှာတင်ရမည်ဖြစ်သည်။

၅။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို နည်းပညာတက္ကသိုလ်(လားရှိုး)ရှိ ကျောင်းသားရေးရာဌာန၌ ၂၆-၁၂-၂၀၁၇ရက်(အင်္ဂါနေ့)တွင်စတင်ဝယ်ယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး ၁၉-၁-၂၀၁၈ရက် (သောကြာနေ့)တွင် နောက်ဆုံးထားပြန်လည်အပ်နှံရမည်။

၆။ ဘွဲ့နှင်းသဘင်တက်ရောက်မည့်သူများသည် အကြိုလေ့ကျင့်ခြင်းနှင့်ဘွဲ့နှင်းသဘင်ကျင်းပခြင်းအခမ်းအနားတွင် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား)ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်နိုင်သည်။ (အဆိုပါအကြိုလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်ကျင်းပခြင်းအခမ်းအနားတွင် မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသော ဝတ်စားဆင်ယင်မှုမျိုးဖြင့် လုံးဝတက်ရောက်ခွင့်ပြုမည်မဟုတ်ပါ။)

၇။ ဘွဲ့နှင်းသဘင်တက်ရောက်မည်(သို့)အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။ ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟု လျှောက်လွှာတင်ပြီး တက်ရောက်ရန်ပျက်ကွက်ပါက ဘွဲ့လက်မှတ်ကို တစ်နှစ်အတွင်း ထုတ်ပေးမည်မဟုတ်ပါ။

**မှတ်ချက်။** ။အသေးစိတ်အချက်အလက်များ စုံစမ်းသိရှိလိုပါက နည်းပညာတက္ကသိုလ်(လားရှိုး)၏ ကျောင်းသားရေးရာဌာန (ဖုန်း-၀၉-၃၆၃၃၅၆၃၅)တွင် စုံစမ်းနိုင်ပါသည်။

**ဌာနမှူး(သင်တန်းရေးရာ)**
**နည်းပညာတက္ကသိုလ်(လားရှိုး)**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ဇန်းမော်တက္ကသိုလ်
# နဝမအကြိမ်မြောက်ဘွဲ့နှင်းသဘင်ကျင်းပခြင်း

၁။ ၂၀၁၆-၂၀၁၇ပညာသင်နှစ် ဇန်းမော်တက္ကသိုလ်မှကြီးမှူးကျင်းပခဲ့သည့် (ဘွဲ့)စာမေးပွဲအသီးသီးကို အောင်မြင်ခဲ့ပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် လျှောက်ထားကြသူများအတွက် ဇန်းမော်တက္ကသိုလ်၏ နဝမအကြိမ်မြောက်ဘွဲ့နှင်းသဘင်အခမ်းအနားကို ဇန်းမော်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဖော်ပြပါအစီအစဉ်အတိုင်း တက်ရောက်ကြရန် ကြေညာလိုက်သည်။

**ဘွဲ့နှင်းသဘင် ပထမပိုင်း အစီအစဉ် ၃-၂-၂၀၁၈ ရက် (စနေနေ့)**
**နံနက်ပိုင်း (နံနက် ၉း၀၀နာရီ)**

၂၀၁၆-၂၀၁၇ပညာသင်နှစ်
- မဟာသုတေသနဘွဲ့(မြန်မာစာ၊ ရူပဗေဒ)
- မဟာဝိဇ္ဇာဘွဲ့(မြန်မာစာ)
- မဟာသိပ္ပံဘွဲ့(ရူပဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒ)
- ဝိဇ္ဇာဂုဏ်ထူးဘွဲ့(မြန်မာစာ)
- သိပ္ပံဂုဏ်ထူးဘွဲ့(ရူပဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒ)
- ဝိဇ္ဇာဘွဲ့(မြန်မာစာ)
- သိပ္ပံဘွဲ့(ရူပဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒ)

*** အစမ်းလေ့ကျင့်ရက် ၂-၂-၂၀၁၈ ရက် (သောကြာနေ့) နံနက် ၉း၀၀နာရီ**

**ဘွဲ့နှင်းသဘင် ဒုတိယပိုင်း အစီအစဉ် ၃-၂-၂၀၁၈ ရက် (စနေနေ့)**
**မွန်းလွဲပိုင်း (မွန်းလွဲ ၂း၀၀နာရီ)**

၂၀၁၆-၂၀၁၇ပညာသင်နှစ်
- မဟာသုတေသနဘွဲ့(ပထဝီဝင်၊ ဓာတုဗေဒ)
- မဟာဝိဇ္ဇာဘွဲ့(ပထဝီဝင်)
- မဟာသိပ္ပံဘွဲ့(ဓာတုဗေဒ)
- ဝိဇ္ဇာဂုဏ်ထူးဘွဲ့(ပထဝီဝင်)
- သိပ္ပံဂုဏ်ထူးဘွဲ့(ဓာတုဗေဒ၊ ဘူမိဗေဒ)
- ဝိဇ္ဇာဘွဲ့(ပထဝီဝင်)
- သိပ္ပံဘွဲ့(ဓာတုဗေဒ၊ ဘူမိဗေဒ)

*** အစမ်းလေ့ကျင့်မည့်ရက် ၂-၂-၂၀၁၈ရက် (သောကြာနေ့) နံနက် ၉း၀၀နာရီ**

**ဘွဲ့နှင်းဘသင် တတိယပိုင်း အစီအစဉ် ၄-၂-၂၀၁၈ ရက် (တနင်္ဂနွေနေ့)**
**နံနက်ပိုင်း (နံနက် ၉း၀၀နာရီ)**

၂၀၁၆-၂၀၁၇ပညာသင်နှစ်
- မဟာသိပ္ပံဘွဲ့(သင်္ချာ)
- ဝိဇ္ဇာဂုဏ်ထူးဘွဲ့(အင်္ဂလိပ်စာ)
- သိပ္ပံဂုဏ်ထူးဘွဲ့(သင်္ချာ)
- ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ၊ သမိုင်း၊ ဒဿနိကဗေဒ)
- သိပ္ပံဘွဲ့(သင်္ချာ)

*** အစမ်းလေ့ကျင့်မည့်ရက် ၂-၂-၂၀၁၈ ရက် (သောကြာနေ့)**
**မွန်းလွဲ ၂း၀၀နာရီ**

၂။ အစမ်းလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်တက်ရောက်မည့်သူများသည် မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် လျော်ညီသော မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား)မှ နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရမည်။

၃။ အသေးစိတ်အချက်အလက်များကို စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနခွဲ ဖုန်း- ၀၇၄-၅၀၅၂၁သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**(တင်ဝင်း၊ ဌာနမှူး)**
**သင်တန်းရေးရာဌာန**
**ဇန်းမော်တက္ကသိုလ်**

---

## ဒဂုံတက္ကသိုလ်
# (၂၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပခြင်း

ဒဂုံတက္ကသိုလ်မှ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ၊ ဧပြီလ၊ မေလနှင့် စက်တင်ဘာလများတွင် ကျင်းပခဲ့သော မဟာသုတေသနဘွဲ့၊ မဟာဥပဒေဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံ ဂုဏ်ထူးဘွဲ့၊ ဥပဒေဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံဘွဲ့၊ ဘွဲ့လွန်ဒီပလိုမာဘွဲ့ဖြင့် စာမေးပွဲအောင်မြင်၍ ဘွဲ့အသီးသီးရရှိပြီး ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်ထားသူများအနက် အောက်ပါဘွဲ့ရရှိပြီးသူများအတွက် ဘွဲ့နှင်းသဘင်ကို ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ ယှဉ်တွဲဖော်ပြပါ အစီအစဉ်အတိုင်း တက်ရောက်ရန် ကြေညာလိုက်ပါသည်။

**၁။ (၂၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ၃၀-၁-၂၀၁၈ရက် (အင်္ဂါနေ့)**
**နံနက်ပိုင်း နံနက် ၉း၀၀နာရီ**

| | |
|---|---|
| မဟာသုတေသနဘွဲ့ | - သတ္တဗေဒ |
| မဟာဝိဇ္ဇာဘွဲ့၊ | - အင်္ဂလိပ်စာ၊ ပထဝီဝင် |
| မဟာသိပ္ပံဘွဲ့ | - ရူပဗေဒ |
| ဝိဇ္ဇာဂုဏ်ထူးဘွဲ့ | - အင်္ဂလိပ်စာ |
| သိပ္ပံဂုဏ်ထူးဘွဲ့ | - ရူပဗေဒ |
| ဝိဇ္ဇာဘွဲ့ | - ပထဝီဝင် |
| သိပ္ပံဘွဲ့ | - သတ္တဗေဒ၊ Biotechnology |
| ဘွဲ့လွန်ဒီပလိုမာဘွဲ့ | - Computer Science |

**ညနေပိုင်း မွန်းလွဲ ၂း၀၀နာရီ**

| | |
|---|---|
| မဟာသုတေသနဘွဲ့ | - ရူပဗေဒ |
| မဟာသိပ္ပံဘွဲ့ | - သတ္တဗေဒ |
| ဝိဇ္ဇာဂုဏ်ထူးဘွဲ့ | - ပထဝီဝင် |
| သိပ္ပံဂုဏ်ထူးဘွဲ့ | - နျူကလီယရူပဗေဒ၊ သတ္တဗေဒ |
| ဝိဇ္ဇာဘွဲ့ | - အင်္ဂလိပ်စာ |
| သိပ္ပံဘွဲ့ | - နျူကလီယရူပဗေဒ၊ ကွန်ပျူတာသိပ္ပံ |
| ဘွဲ့လွန်ဒီပလိုမာဘွဲ့ | - Geographic Information System |

**အစမ်းလေ့ကျင့်ရန် ၂၇-၁-၂၀၁၈ရက် နံနက် ၉း၀၀နာရီ**

**၂။ (၂၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ၃၁-၁-၂၀၁၈ ရက်(ဗုဒ္ဓဟူးနေ့)**
**နံနက်ပိုင်း နံနက် ၉း၀၀နာရီ**

| | |
|---|---|
| မဟာသုတေသနဘွဲ့ | - ဘူမိဗေဒ |
| မဟာသိပ္ပံဘွဲ့ | - ကုန်ထုတ်ဓာတုဗေဒ |
| သိပ္ပံဂုဏ်ထူးဘွဲ့ | - ကုန်ထုတ်ဓာတုဗေဒ |
| ဝိဇ္ဇာဘွဲ့ | - သမိုင်း |
| သိပ္ပံဘွဲ့ | - ကုန်ထုတ်ဓာတုဗေဒ၊ ဘူမိဗေဒ |

**ညနေပိုင်း မွန်းလွဲ ၂း၀၀နာရီ**

| | |
|---|---|
| မဟာဝိဇ္ဇာဘွဲ့ | - ရှေးဟောင်းသုတေသနပညာ |
| မဟာသိပ္ပံဘွဲ့ | - ဘူမိဗေဒ |
| ဝိဇ္ဇာဂုဏ်ထူးဘွဲ့ | - ရှေးဟောင်းသုတေသနပညာ |
| သိပ္ပံဂုဏ်ထူးဘွဲ့ | - မိုးလေဝသပညာ၊ ဘူမိဗေဒ |
| ဝိဇ္ဇာဘွဲ့ | - ရှေးဟောင်းသုတေသနပညာ |
| သိပ္ပံဘွဲ့ | - ရူပဗေဒ |

**အစမ်းလေ့ကျင့်ရန် ၂၇-၁-၂၀၁၈ ရက် မွန်းလွဲ ၁း၀၀နာရီ**

**၃။ (၂၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ၁-၂-၂၀၁၈ ရက်(ကြာသပတေးနေ့)**
**နံနက်ပိုင်း-နံနက် ၉း၀၀နာရီ**

| | |
|---|---|
| မဟာသုတေသနဘွဲ့ | - ဥပဒေပညာ |
| မဟာသိပ္ပံဘွဲ့ | - ရုက္ခဗေဒ |
| သိပ္ပံဂုဏ်ထူးဘွဲ့ | - အဏုဇီဝဗေဒ |
| ဥပဒေဘွဲ့ | - ဥပဒေပညာ |
| ဝိဇ္ဇာဘွဲ့ | - မြန်မာစာ |
| သိပ္ပံဘွဲ့ | - ရုက္ခဗေဒ |

**ညနေပိုင်း မွန်းလွဲ ၂း၀၀နာရီ**

| | |
|---|---|
| မဟာသုတေသနဘွဲ့ | - ဓာတုဗေဒ၊ ရုက္ခဗေဒ |
| မဟာဥပဒေဘွဲ့ | - ဥပဒေပညာ |
| သိပ္ပံဂုဏ်ထူးဘွဲ့ | - ဓာတုဗေဒ၊ ရုက္ခဗေဒ |
| ဝိဇ္ဇာဘွဲ့ | - မြန်မာမှုပညာ |
| သိပ္ပံဘွဲ့ | - ဓာတုဗေဒ၊ အဏုဇီဝဗေဒ |

**အစမ်းလေ့ကျင့်ရန် ၂၈-၁-၂၀၁၈ ရက် နံနက် ၉း၀၀နာရီ**

**၄။ (၂၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ၂-၂-၂၀၁၈ ရက်(သောကြာနေ့)**
**နံနက်ပိုင်း-နံနက် ၉း၀၀နာရီ**

| | |
|---|---|
| မဟာသုတေသနဘွဲ့ | - ဒဿနိကဗေဒ |
| မဟာသိပ္ပံဘွဲ့ | - သင်္ချာ |
| ဝိဇ္ဇာဂုဏ်ထူးဘွဲ့ | - စိတ်ပညာ၊ နိုင်ငံတကာဆက်ဆံရေးပညာ၊ ဒဿနိကဗေဒ |
| သိပ္ပံဂုဏ်ထူးဘွဲ့ | - သင်္ချာ၊ ဇီဝဓာတုဗေဒ |
| ဝိဇ္ဇာဘွဲ့ | - စိတ်ပညာ၊ နိုင်ငံတကာဆက်ဆံရေးပညာ၊ ဒဿနိကဗေဒ |
| သိပ္ပံဘွဲ့ | - ဇီဝဓာတုဗေဒ၊ အားကစားပညာ |

**ညနေပိုင်း မွန်းလွဲ ၂း၀၀နာရီ**

| | |
|---|---|
| မဟာသုတေသနဘွဲ့ | - မနုဿဗေဒ၊ အရှေ့တိုင်းပညာ |
| မဟာဝိဇ္ဇာဘွဲ့ | - မနုဿဗေဒ |
| ဝိဇ္ဇာဂုဏ်ထူးဘွဲ့ | - အရှေ့တိုင်းပညာ၊ မနုဿဗေဒ |
| ဝိဇ္ဇာဘွဲ့ | - အရှေ့တိုင်းပညာ၊ မနုဿဗေဒ |
| သိပ္ပံဘွဲ့ | - သင်္ချာ |

**အစမ်းလေ့ကျင့်ရန် ၂၈-၁-၂၀၁၈ ရက် မွန်းလွဲ ၁း၀၀နာရီ**

အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား)ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရပါမည်။

ဘွဲ့နှင်းသဘင် တက်ရောက်ဘွဲ့ဝတ်စုံငှားရမ်းခွင့် ထောက်ခံစာကို ၂၄-၁-၂၀၁၈ ရက်မှ ၂၅-၁-၂၀၁၈ ရက်အထိ ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ထုတ်ပေးပါမည်။

**(သက်လွင်)**
**ဌာနမှူး-သင်တန်းရေးရာဌာန**
**ဒဂုံတက္ကသိုလ်**

---

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## အထူးကုဆေးရုံကြီး(ဝေဘာဂီ)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် မြောက်ဥက္ကလာပမြို့နယ်၊ အထူးကုဆေးရုံကြီး(ဝေဘာဂီ)တွင် တက်ရောက်ကုသကြသည့် အတွင်း/အပြင် လူနာများအား ကုသပေးရန် လိုအပ်သော (FDA)အသိအမှတ်ပြု ဆေးဝါးများ၊ ဓာတ်ခွဲခန်းသုံးဆေးရည်၊ ဓာတ်မှန်ဖလင်များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၈-၁-၂၀၁၈ ရက်

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၉-၁-၂၀၁၈ ရက် ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ဆေးပစ္စည်းများစာရင်း အသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရေးအဖွဲ့**
**အထူးကုဆေးရုံကြီး(ဝေဘာဂီ)**
**ဖုန်း-၀၁-၉၆၉၀၁၁၈၊ ၀၉-၇၇၈၄၀၃၀၂၈**

---

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန
## အနာကြီးရောဂါအထူးကုဆေးရုံကြီး၊ မန္တလေးမြို့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ ရေနံ့သာ အနာကြီးရောဂါကုဆေးရုံကြီးတွင် အောက်ဖော်ပြပါ အဆောက်အအုံနှစ်ခုတည်ဆောက်ပြုပြင်/မွမ်းမံရန်အတွက် အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

(၁-၁) ဆေးစတိုခြံစည်းရိုးကာရံခြင်းနှင့် ဝင်းတံခါးတပ်ဆင်ခြင်းလုပ်ငန်း

(၁-၂) ခြေတုဖိနပ်ချုပ်ဆောင် တိုးချဲ့ဆောင်ဆောက်လုပ်ခြင်း

၂။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

၃။ **တင်ဒါလျှောက်လွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၁-၁-၂၀၁၈ရက်

**တင်ဒါလျှောက်လွှာပိတ်မည့်ရက်နှင့်အချိန်** - ၂၄-၁-၂၀၁၈ရက် ညနေ ၄နာရီ

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**အနာကြီးရောဂါအထူးကုဆေးရုံကြီး**
**မတ္တရာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး**
**ဖုန်း-၀၉-၈၉၆၅၀၂၅၈၃၊ ၀၉-၈၉၆၅၀၂၅၇၃**

---

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း လက်အောက်ရှိ အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)နှင့် ရေနံဓာတုဗေဒစက်ရုံစု(သံပရာကန်)မှ အောက်ဖော်ပြပါ ရေနံထွက်ပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ရာ အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)**

**ပစ္စည်းအမျိုးအမည်** - စီဂျီအို (၁၅၀၆၉၆၆)ဂါလန် (ဂါလန်တစ်သန်းငါးသိန်းခြောက်ထောင့်ကိုးရာခြောက်ဆယ့်ခြောက်တိတိ)

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၇-၁-၂၀၁၈ရက်မှ ၃၁-၁-၂၀၁၈ရက်အထိ

**တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်နှင့်အချိန်** - ၃၁-၁-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) ၁၃း၀၀နာရီ

**တင်ဒါဖွင့်လှစ်မည့်ရက်နှင့် အချိန်** - ၃၁-၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)၊ ၁၄း၀၀နာရီ

(မြန်မာနိုင်ငံသား(သို့မဟုတ်)ပြည်တွင်းကုမ္ပဏီ/အဖွဲ့အစည်းများသာ)

၃။ **ရေနံဓာတုဗေဒစက်ရုံစု(သံပရာကန်)**

**ပစ္စည်းအမျိုးအမည်** - ရေနံမီးသွေး(၃၀၀၀)မက်ထရစ်တန် (မက်တရစ်တန်သုံးထောင်တိတိ)

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၀-၁-၂၀၁၈ရက်မှ ၁၇-၁-၂၀၁၈ရက်အထိ

**တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်နှင့်အချိန်** - ၁၇-၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ၁၃း၀၀နာရီ

**တင်ဒါဖွင့်လှစ်မည့်ရက်နှင့် အချိန်** - ၁၇-၁-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)၊ ၁၄း၀၀နာရီ

(မြန်မာနိုင်ငံသား(သို့မဟုတ်)ပြည်တွင်း၊ ပြည်ပ ကုမ္ပဏီ/အဖွဲ့အစည်းများသာ)

၄။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - (က)ဘဏ္ဍာရေးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း(ရုံးချုပ်) ရုံးအမှတ်(၄၄)၊နေပြည်တော် (ခ)ဘဏ္ဍာရေးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း(ရန်ကုန်ရုံး) ရုံးအမှတ်-၇(က)၊ သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

၅။ **တင်ဒါတင်သွင်းရမည့်နေရာ** - မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း(ရုံးချုပ်) ရုံးအမှတ်(၄၄)၊ နေပြည်တော်

၆။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန ဖုန်း-၀၆၇-၃၄၁၁၀၈၂နှင့် ၀၆၇-၃၄၁၁၀၉၃တို့သို့ ရုံးချိန်အတွင်းဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ဒက္ခိဏသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် (၉/ဒက္ခိဏသီရိတောင်ရပ်)၊ ပေ(၈၀×၈၀)၊ မြေကွက်အမှတ်(ဒ-၃၁၈၇၂)၊ ဗိုလ်မှူးကြီးထင်ဇော်ဝင်း (ဘ)ဦးကျော်ဝင်း ၁၃/ရစန(နိုင်)၀၂၆၉၃ အမည်ပေါက်ပါမြေအား အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဦးတင်မောင်ဝင်း(ဘ)ဦးဘိုညွန့် ၉/မရတ(နိုင်)၀၄၆၈၃၇ မှ မြေပေးမိန့်လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ အဆိုပါမြေပေးမိန့်ကို ဦးတင်မောင်ဝင်းအား ထုတ်ပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---


မဟာ SEVEN စံ

ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလိုပါသလား ? အိမ်အရောက်ငွေပေးချေသည်၊ "ပွဲခ လုံး၀ မယူပါ"

09-33 333 511
09-33 333 514
09-33 333 644



အောင်ပြည့်စုံ

အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း မြို့တွင်း / နယ်ဝေးများအတွက် ဈေးနှုန်းချိုသာစွာဖြင့် Box ကား မျိုးစုံဖြင့် အလုပ်သမားစီစဉ်ပေးသည်။

09-250095114
09-421041338
09-73224763


---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3E/1825၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးသွားပါ၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(၁၈)၊ ဦးပိုင်အမှတ်(၃၂.က)၊ ၅၁×၅၂လမ်းကြား၊ အနော်ရထာ × ဘုရင့်နောင်လမ်းကြားရှိ ဦးချမ်းအမည်ဖြင့် ချထားပေးသော မြေကွက်အား ဦးမျိုးမြင့်အောင် ၉/မဟမ(နိုင်)၀၁၅၉၆၉မှ အောင်ပင်လယ်ရွာသစ်ဖော်ထုတ်ရေး ငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်း အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြောက်ရပ်ကွက်၊ အကွက်အမှတ် ၈၄၀၊ ဦးပိုင်အမှတ် ၂၃-ဠ၊ ၄၂×၄၃ လမ်းကြား၊ ၇၈×၇၉လမ်းကြားရှိ ဦးဘိုးသိမ်း၊ ဒေါ်ဇမြ အမည်ပေါက် ဘိုးဘမြေကွက်အား အဘိုး ဦးဘိုးသိမ်း၊ အဘွား ဒေါ်ဇမြ၊ ဖခင်ဦးကျော်ရှိရှင်း၊ မိခင် ဒေါ်စန်းရီတို့အသီးသီး ကွယ်လွန်သဖြင့် ကျန်ရစ်သော (မြေး/သား) ဦးဖေသိန်း ၁၃/လရန(နိုင်)၀၈၃၇၉၇မှ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက် ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ**


MPT
ရှေ့သို့လှမ်းချီ မြန်မာပြည်
အကြီးကျယ် အခမ်းနားဆုံး
ပျော်ရွှင်ကံထူး နှစ်သစ်ကူး
အထူးဆုကံထူးရှင်ရွေးချယ်ပွဲကြီး
MPT ၏ တတိယအကြိမ်မြောက် ကံထူးရှင်များ ပေါ်ထွက်လို့လာပါပြီ
Toyota Vios ကားသစ် ကံထူးရှင်
ကိုမင်းမင်း
၀၉ ၄၄၉ ၄၉၈ XXX
ဖြူးမြို့၊ ပဲခူးတိုင်းဒေသကြီး။
VIOS
iPhone X ကံထူးရှင်များ
ဦးမြင့်စိုး
၀၉ ၂၅၉ ၃၁၅ XXX
ထုံးအိုင်စံပြရွာ၊ ဘားအံမြို့နယ်၊ ကရင်ပြည်နယ်။
ဦးမိုးဝင်း
၀၉ ၄၅၄ ၁၅၅ XXX
အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။
ကိုစိုင်းသိန်းဇော်အောင်
၀၉ ၄၂၈ ၃၄၈ XXX
ပင်လုံမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း။
ကိုကျုံးလျံအုပ်
၀၉ ၂၆၅ ၃၄၃ XXX
ချောက်မြို့နယ်၊ မကွေးတိုင်းဒေသကြီး။
ဒေါ် မြမြထွေး
၀၉ ၂၅၆၂ ၃၉ XXX
မိုးမိတ်မြို့၊ ရှမ်းပြည်နယ်မြောက်ပိုင်း။
ဒေါ်ငွေးငွေးလွင်
၀၉ ၄၂၂၂ ၉၉ XXX
ဗန်းမောက်မြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday

## အမည်ပြောင်း

မြစ်ကြီးနားမြို့၊ အထက(၃)၊ နဝမတန်း(E7)မှ မောင်ဇေယျာဦးအား မောင်ဉာဏ်ဟိန်းလင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

## အမည်ပြောင်း

မြစ်ကြီးနားမြို့၊ အမက(၁၉-မူလွန်)၊ ပဉ္စမတန်းမှ မခိုင်ဇာထက်အား မခင်မြတ်နိုးခိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## Ice Mountain Purified Drinking Water

| | | |
|---|---|---|
| ၁။ | B.E ဘွဲ့ရ | ကျား (၁၀)ဦး |
| ၂။ | B.A/B.Sc ဘွဲ့ရ | ကျား/မ (၁၀)ဦး |
| ၃။ | Marketing | ကျား/မ (၁၀)ဦး |
| ၄။ | တွင်ခုံ+ဝရိန်(သို့)ဝရိန်သီးသန့် | (၅)ဦး |

လုပ်ငန်း အတွေ့အကြုံရှိသူ ဦးစားပေးမည်။ကိုယ်ရေးအချက်အလက် ၊ ပညာအရည်အချင်း အောင်လက်မှတ်မိတ္တူ ရဲစခန်းထောက်ခံချက်၊အလုပ်သမား မှတ်ပုံတင်မိတ္တူ ပတ်စပို့ဓါတ်ပုံ(၂)ပုံ ၊ ဆက်သွယ်ရမည့် လိပ်စာ ၊ တယ်လီဖုန်း နံပါတ်အပြည့်အစုံ နှင့် အတူ အမှတ်(၆၄) ၊ ဝေဇယန္တာလမ်း ၊ (၈) ရပ်ကွက် ၊ တောင်ဥက္ကလာပ စက်မှုဇုန်သို့ ကြော်ငြာပါသည့် ရက်မှစ၍(၁)လအတွင်း လျှောက်ထားနိုင်ပါသည်။

Ph No – 01-578433 , 578437

စာရိတ္တ၊ စည်းကမ်း၊ ပညာ တွင် စံပြ

# ဂုဏ်ထူး ဦးအောင်ခိုင် (အင်္ဂလိပ်စာ)
# သမိုင်းတံခွန် ဦးထွန်းနွယ်
ဦးစီးတည်ထောင်သော
# ပညာနန်းတော်
အ.ထ.က

ကိုယ်ပိုင်အထက်တန်းကျောင်း အထူးအဆင့်မြင့်ဘော်ဒါ

၂၀၁၈ - ၁၉ ပညာသင်နှစ်အတွက်

**ဘော်ဒါ ၈ တန်း၊ ၉ တန်း၊ ၁၀ တန်း**

(အတန်းငယ်များကို ဘော်ဒါလက်မခံပါ)

**နေ့ကျောင်းကြီး ▸ သူငယ်တန်းမှ ဒသမတန်းထိ**

အဆောင်မှူး ဘွဲ့ရ ဆရာ၊ ဆရာမများ အလိုရှိသည်။

## အကောင်းဆုံးပညာ အကောင်းဆုံးနေရာ အကောင်းဆုံးဘော်ဒါ

**အကျင့်စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်ရေးသည်ပထမ** – ယနေ့ခေတ် လူငယ်များအတွက် အဓိက စိန်ခေါ်ချက် ဖြစ်သည်။ စာရိတ္တကောင်းမှ ပညာရေးကောင်းမည်။ တည်ထောင်သူ ဆရာကြီးများသည် မိမိတို့ ကိုယ်တိုင်လည်း အကျင့်စာရိတ္တ မြင့်မားတည်ကြည်မှုကို တန်ဖိုးထားပြီး၊ တပည့်များကိုလည်း ကောင်းစွာဆုံးမ လမ်းညွှန် လေ့ကျင့်ပေးပါသည်။

**ပညာရည်ထူးချွန်ထက်မြက်ရေးသည်အဓိက** – ပါမောက္ခကြီးများ၊ ရန်ကုန်မြို့တော်၏ နံပါတ်တစ် ကျူရှင်ဆရာကြီးများဖြင့် အခိုင်အမာဖွဲ့စည်းထားသည့် အကောင်းဆုံးပညာရေး အင်အားစုကြီး ဖြစ်သည်။ နေ့ကျောင်းကြီးနှင့်တကွ ကျူရှင်ချိန်များတွင်ပါ ဤဆရာကြီးများသာ သင်ကြားကြသည်။ နေ့စဉ်သင်ကြားရေး၊ လေ့ကျင့်ရေးနှင့် စစ်ဆေးရေးတို့ကို စည်းကမ်းတိကျ စီမံချက်ချ၍ ဆောင်ရွက်သည်။ ထို့ကြောင့် နှစ်စဉ် အောင်ချက်ရာနှုန်းပြည့်နှင့် All-D များ၊ TOP TEN များ၊ ဂုဏ်ထူးရှင် များစွာ ထွက်ရှိခဲ့ပါသည်။

**နေထိုင်မှုစားသောက်မှုအဆင့်ရှိရေးသည်ပဓာန** – နေ့ကျောင်းနှင့် ဘော်ဒါဆောင်ကို တစ်ဝင်းတစ်ခြံတည်း တိုက်တစ်တိုက်တည်းတွင် အတူတကွထားပါလျှင် များစွာ အနှောင့်အယှက် ဖြစ်သောကြောင့် သုဝဏ္ဏ၊ ဗိုလ်ချုပ်ရွာ VIP-1 ရပ်ကွက်တွင် ကျောင်းသူသီးသန့်၊ ကျောင်းသားသီးသန့်၊ သီးခြားခြံဝင်းကျယ်၊ သီးခြား အဆင့်မြင့် ၂ ထပ်တိုက်၊ ၃ ထပ်တိုက်ကြီးများ၊ ပန်ကာ၊ လေအေးစက် အပြည့်အစုံ၊ ၂၄ နာရီ လျှပ်စစ်မီး၊ အဝီစိရေနှင့် အဆင့်မြင့်နေထိုင်မှု ဖြစ်သည်။ အထူးသဖြင့် ကျောင်းသူဆောင်ကို ဆရာကြီးဦးထွန်းနွယ်၏ဇနီး ဆရာမကြီး ဒေါ်မြင့်မြင့်ကြည် (အ.ထ.ပြ-ငြိမ်း) ကိုယ်တိုင် အတူနေထိုင်၍ အုပ်ချုပ်ပါသည်။ စားလို့မြိန်သော စေတနာကောင်းတဲ့ အိမ်ထမင်း၊ အိမ်ဟင်းကို သန့်သန့်ရှင်းရှင်း ချက်ပြုတ်ပြင်ဆင် ကျွေးမွေးပါသည်။

**ငွေရေး ကြေးရေးသည် သာမည** – ဘော်ဒါချင်းယှဉ်လျှင် အကောင်းဆုံးဝန်ဆောင်မှု ဖြစ်စေရမည်ဟု အာမခံသည်။ ငွေကြေးကိုမူ အသက်သာဆုံးနှင့် အဆင်အပြေဆုံးဖြစ်စေရန် အထူးစီစဉ်ထားပါသည်။ (၄-ရစ်ခွဲ၍ ပေးသွင်းရပါမည်။)

pnndschool

မြေအမှတ် 118 A/B ကျွန်းချွမြိုင်လမ်း၊ VIP-1 ရပ်ကွက်၊ ဗိုလ်ချုပ်ရွာ၊ သုဝဏ္ဏ၊ ရန်ကုန်။ Tel : 01-577 605, 09 782 216 338



# သင် ဘာပဲ ဖြစ်ဖြစ်...
# ပန်းလှိုင်ဆေးခန်း
(ဗိုလ်ချုပ်အောင်ဆန်းလမ်း)

နေ့စဉ် နံနက်(၉)နာရီမှည(၈)နာရီ အထိ
အထူးကုဆရာဝန်ကြီးများနှင့်ကြိုတင်ရက်ချိန်းယူရန်
☎ 01 8245 483

PUN HLAING SILOAM HOSPITALS

အရေးပေါ်လူနာနှင့် နှလုံးအောင့်ခြင်းဝေဒနာများအတွက် (၂၄) နာရီ (၇) ရက် ဝန်ဆောင်မှု

EMERGENCY 24/7 Services 01 25 06 77

# Yangon International Gems and Jewelry Fair 2018




## ကျောက်မျက်ရတနာပြပွဲသို့ ကြွရောက်ဝယ်ယူနိုင်ပါရန် ဖိတ်ခေါ်ခြင်း

*ကြွရောက်ဝယ်ယူကြမယ့်လူကြီးမင်းများအတွက် . . .*

CB Bank ၏အထူးဝန်ဆောင်မှုများဖြင့် ဝယ်ယူသူနိုင်ငံခြားသားများအတွက် International Trade Service များပြုလုပ်ပေးပြီး Union Pay Card,Visa Card,Master Card စနစ်ဖြင့်ငွေပေးချေနိုင်အောင်စီစဉ်ထားပါတယ်၊နိုင်ငံသားများအတွက်ကတော့ကြိုက်နှစ်သက်ရာ Bank Credit Card များအပြင် CB Bank Card များအသုံးပြုပြီးတော့ငွေပေးချေနိုင်ပါတယ် . . . .
CB Bank ၏ ATM စက်များကိုပြပွဲအတွင်းလွယ်ကူစွာငွေထုတ်ယူနိုင်အောင်စီစဉ်ဆောင်ရွက်ထားမှာဖြစ်ပါတယ် . . . .
ပြပွဲကာလအတွင်းမှာကျပ်ငါးသိန်းဖိုးဝယ်ယူသူတိုင်းကံစမ်းမဲလက်မှတ်တစ်စောင်ရရှိမှာဖြစ်ပြီး၊နေ့စဉ် I-Phone များ၊ Samsung Tablet များ၊ ရွှေဒင်္ဂါးပြားများကိုနေ့စဉ်မဲနှိုက်ပေးပါမယ် . . .
US$ - 50000 အထက်ဝယ်ယူသူတိုင်းအတွက် Lotte Hotel မှာ(၂)ညအိပ်တည်းခိုနေထိုင်ခွင့်ရရှိမှာဖြစ်ပြီး၊ US$ -100000 အထက်ဝယ်ယူသူတိုင်း(၄) ညတည်းခိုနေထိုင်ခွင့်ရရှိမှာဖြစ်ပါတယ် . . .
၁၁ . ၁ . ၂၀၁၈ ရက်နေ့ကနေ ၁၃ . ၁ . ၂၀၁၈ ရက်နေ့များမှာလည်းညနေ(၆:၀၀)နာရီမှ(၈:၀၀)နာရီအထိ Jewelry Fashion Show ကျင်းပမှာဖြစ်ပြီးနာမည်ကြီး Model အဖွဲ့နှင့် Dancer အဖွဲ့များဖြင့်ဖျော်ဖြေသွားမှာဖြစ်ပါတယ် . . .
ပြပွဲမှာလာရောက်ပြသရောင်းချတဲ့အရောင်းပြခန်းများမှလည်း မိမိတို့အစီအစဉ်ဖြင့် အရောင်းမြှင့်တင်ခြင်း၊လက်ဆောင်ပစ္စည်းများပြန်လည်ပေးအပ်ခြင်းများပြုလုပ်သွားမည့်အပြင် ပြည်တွင်း၊ပြည်ပမှ ကျောက်မျက်ပညာရှင်များကိုဖိတ်ခေါ်၍ကျောက်မျက်ပညာရပ်ဆိုင်ရာဟောပြောဆွေးနွေးပွဲများဖြစ်သည့် Workshop များ၊ Seminar များကိုလည်းကျင်းပပြုလုပ်သွားမှာဖြစ်လို့ Yangon International Gems & Jewellery Fair - 2018 သို့ လာရောက်ပြီးတော့ မြန်မာနိုင်ငံမှထွက်ရှိတဲ့ သဘာဝသယံဇာတကျောက်မျက်ရတနာများနှင့် နိုင်ငံတကာအဆင့်မီလက်ဝတ်ရတနာ အချောထည်များကိုလာရောက်ဝယ်ယူကြပါရန် ဖိတ်ခေါ်လိုက်ပါတယ် . . .

ကံစမ်းမဲအစီအစဉ်



ဆက်သွယ်ရန်

၀၉ ၂၆၂၇၆၆၆၅၆၊ ၀၉၂၆၂၇၆၆၆၅၇
၀၉ ၉၅၂၂၆၆၆၅၀

www.yangongemsjewelryfair.com
www.gjeayangon.com
www.facebook.com/Yangon International Gems & Jewelry Fair
info@gjeayangon.com,
gjeaygn@gmail.com

ပြပွဲဖြစ်မြောက်ရေးဗဟိုကော်မတီ
ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(ရန်ကုန်)

**ဗိုလ်ကြီးနေမောင်(ငြိမ်း)**
**ဒုတိယညွှန်ကြားရေးမှူး၊ ငါးလုပ်ငန်းဦးစီးဌာန**
**အသက်(၅၆)နှစ်**

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပညာသိဒ္ဓိရပ်ကွက်၊ သုတလမ်း၊ တိုက် ၉၉၊ အခန်း ၁၃နေ ဒေါ်အေးအေး၏ခင်ပွန်း၊ မစပယ်ဖြူနေမောင်၊ မယုဇနနေမောင်တို့၏ဖခင် ဦးနေမောင်၊ ဒုတိယညွှန်ကြားရေးမှူးသည် ၇- ၁-၂၀၁၈ရက် (တနင်္ဂနွေနေ့) ည ၇း၄၀နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအုန်းမြင့်နှင့် ဇနီး ဒေါ်နုနုဆွေ**
**ပြည်ထောင်စုဝန်ကြီး(ငြိမ်း)**
**မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**

---

**ဗိုလ်ကြီးနေမောင်(ငြိမ်း)**
**ဒုတိယညွှန်ကြားရေးမှူး၊ ငါးလုပ်ငန်းဦးစီးဌာန**
**အသက်(၅၆)နှစ်**

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပညာသိဒ္ဓိရပ်ကွက်၊ သုတလမ်း၊ တိုက် ၉၉၊ အခန်း ၁၃နေ ဒေါ်အေးအေး၏ခင်ပွန်း၊ မစပယ်ဖြူနေမောင်၊ မယုဇနနေမောင်တို့၏ဖခင် ဦးနေမောင်၊ ဒုတိယညွှန်ကြားရေးမှူးသည် ၇- ၁-၂၀၁၈ရက် (တနင်္ဂနွေနေ့) ည ၇း၄၀နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာခင်ဇော်နှင့် ဇနီး ဒေါ်အေးအေးမြင့်**
**အမြဲတန်းအတွင်းဝန်**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

---

**ဗိုလ်ကြီးနေမောင်(ငြိမ်း)**
**ဒုတိယညွှန်ကြားရေးမှူး၊ ငါးလုပ်ငန်းဦးစီးဌာန**
**အသက်(၅၆)နှစ်**

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပညာသိဒ္ဓိရပ်ကွက်၊ သုတလမ်း၊ တိုက် ၉၉၊ အခန်း ၁၃နေ ဒေါ်အေးအေး၏ခင်ပွန်း၊ မစပယ်ဖြူနေမောင်၊ မယုဇနနေမောင်တို့၏ဖခင် ဦးနေမောင်၊ ဒုတိယညွှန်ကြားရေးမှူးသည် ၇- ၁-၂၀၁၈ရက် (တနင်္ဂနွေနေ့) ည ၇း၄၀နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးလှထွန်းနှင့် ဇနီး ဒေါ်နီလာညွှန့်**
**ဒုတိယအမြဲတန်းအတွင်းဝန်နှင့် ဝန်ထမ်းမိသားစုများ**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
**ဦးသူရိန်** အသက်(၄၀)
**(B.C.Sc)**
**(MD. ရွှေနဂါးမင်းကုမ္ပဏီ)**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ သံလွင်လမ်း၊ အမှတ်(၁၃၅ L/L-1)နေ (ဦးကျော်မင်း-ဒေါ်ပျို)၊(ဦးကျော်အုန်း-ဒေါ်တင်ရီ)တို့၏မြေး၊ ဦးဝင်းမြင့်(စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ငြိမ်း)-ဒေါ်မြင့်မြင့်သန်းတို့၏ချစ်လှစွာသောသား၊ ဦးစည်သူ-ဒေါ်ပိုးအိမင်းအေး၊ ဦးယဉ်ထွေးဆွေ-ဒေါ်ဟေမာဝင်းမြင့်တို့၏အစ်ကို၊ မောင်နေဦးဝေယံ(ခ)Leo၊ မသောဘီလေး၊ မောင်ဘုန်းသိခ်ဆွေ(ခ) George တို့၏ဘကြီးသည် ၈-၁-၂၀၁၈ရက် ညနေ ၃း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဒေါ်မြမြ (မော်လမြိုင်)**
**အသက်(၇၉)နှစ်**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ တိုက် ၂၆၊ အခန်း ၂၊ ပြည်တော်သာဝင်း၊ ဖက်တန်းရပ်နေ (ဦးအေးသန့်)၏ဇနီး၊ ဦးအောင်ကျော်တိုး-ဒေါ်နီလာလင်းသန့် (ဦးစီးအရာရှိ၊ မွန်ပြည်နယ်လွှတ်တော်ရုံး)၊ ဦးထွန်းထွန်းဦး(Director, Pemco Co., Ltd)-ဒေါ်အိသန္တာသန့်၊ ဦးခင်မောင်လွင်(M.M.M Co.,Ltd)-ဒေါ်နှင်းမာလာသန့်(Sea Horse Trading)၊ ဦးနိုင်ဝင်း-ဒေါ်ကလျာစုလှိုင်သန့်(Green Circle Co.,LTd)၊ (ဦးရဲမြင့်)-ဒေါ်ဖြူပြာအေး(နေပြည်တော် လွှတ်တော်ရုံး)၊ ဦးသန့်ဇင်-ဒေါ်သော်မော်အေးတို့၏မိခင်၊ မြေး ၁၄ယောက်၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၆-၁-၂၀၁၈ရက် (စနေနေ့) မွန်းလွဲ ၁၂း၁၀နာရီတွင် ရန်ကုန်မြို့ SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၁-၂၀၁၈ရက် နံနက် ၉နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဒေါ်မြမြ**
**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ယုဇနတာဝါ၊ အမှတ် ၁၄၀၂နေ ဦးထွန်းထွန်းဦး(Director) Pemco Co.,Ltd.-ဒေါ်အိသန္တာသန့်တို့၏မိခင်၊ မောင်ဘုန်းမြတ်မောင်၊ မဆုဖြူစင်ထက်တို့၏အဘွားဖြစ်သူ ဒေါ်မြမြသည် ၆-၁-၂၀၁၈ရက် (စနေနေ့) မွန်းလွဲ ၁၂း၁၀နာရီတွင် ရွှေဂုံတိုင် SSC ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Director အဖွဲ့ဝင်မိသားစုများနှင့်ဝန်ထမ်းများ**
**Pemco Co.,Ltd**

---

**ဦးအေးကျော်**
**မန်နေဂျာ(ငြိမ်း)၊ စက်မှုဝန်ကြီးဌာန၊ တာဘိုင်စက်ရုံ(သာဂရ)**
**အသက်(၆၃)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ သာဂရမြို့နေ(ဦးရိုး-ဒေါ်ကြည်)တို့၏သား၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်၊ ကျောင်းလမ်း၊ အမှတ် ၆၂၀နေ ဒေါ်တင်တင်ဆင့်၏ခင်ပွန်း၊ ဦးထွန်းထွန်းဝင်း-ဒေါ်အေးအေးမြင့်၊ ဦးမျိုးမင်းကျော်-ဒေါ်နန်းကလျာထွေး၊ ဦးအောင်မြတ်သူ၊ မအေးအေးဆင့်တို့၏ဖခင်၊ ဒေါ်ခင်မမ၊ ဦးကျော်ကျော်လှိုင်(ဗိုလ်ကြီး-ငြိမ်း၊ မန်နေဂျာ၊ YESC)-ဒေါ်နီနီလှတို့၏အစ်ကို၊ မြေးလေးယောက်တို့၏အဘိုးသည် ၈-၁-၂၀၁၈ရက် နံနက် ၆း၂၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၁-၂၀၁၈ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၁-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ပခုက္ကူခရိုင်အသင်း(ရန်ကုန်)
**ဒေါက်တာဦးကိုကို (ပခုက္ကူ)**
**ဂုဏ်ထူးဆောင်နာယကကြီး**
**M.B.,B.S(Rgn)D.P.H(Edin) D.T.M & H(Eng)F.R.C.P(Edin)**
**WHO Regional Director**
**ညွှန်ကြားရေးမှူး(ငြိမ်း)၊ရောဂါကာကွယ်ရေး၊ကျန်းမာရေးဦးစီးဌာန**
**အရှေ့တောင်အာရှဒေသဆိုင်ရာ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဥက္ကဋ္ဌ(ငြိမ်း)**
**မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၊ဂုဏ်ထူးဆောင်ဆေးသုတေသနပညာရှင်၊**
**ဆေးသုတေသနဦးစီးဌာန၊ နာယက သက်ကြီးဆရာဝန်များ**
**အထောက်အကူပြုအဖွဲ့၊**
**ဗုဒ္ဓဘာသာအဖွဲ့၊ မြန်မာနိုင်ငံဆရာဝန်အသင်းနာယကကြီး**
**အသက်(၉၀)**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အင်းလျားလမ်း၊ အမှတ် (၅၈/၂ဘီ)နေ (ဒေါ်ခင်ညွန့်ညွန့်)၏ချစ်လှစွာသောခင်ပွန်း၊ ပခုက္ကူမြို့နေ (ဦးဘိုကြီး-ဒေါ်တင်တင်)တို့၏သား၊ (ဦးကျော်-ဒေါ်ခင်အေး)တို့၏သားသမက်သည် ၇-၁-၂၀၁၈ရက်(တနင်္ဂနွေနေ့)နံနက် ၅း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁-၂၀၁၈ရက်(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းဝင်များအား သိစေအပ်ပါသည်။ အမှုဆောင်အဖွဲ့

---

ပုဂံ-ညောင်ဦးမြို့နယ်အသင်း(ရန်ကုန်)
**ဒေါက်တာဦးကိုကို**
**M.B.,B.S(Rgn) D.P.H(Edin) D.T. M & H(Eng) F.R.C.P(Edin)**
**ညွှန်ကြားရေးမှူး(ငြိမ်း)၊ ရောဂါကာကွယ်ရေးဦးစီးဌာန**
**ညွှန်ကြားရေးမှူး(ငြိမ်း)၊ အရှေ့တောင်အာရှဒေသဆိုင်ရာ**
**ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO/SEARO)**
**ဂုဏ်ထူးဆောင်နာယက ပုဂံ-ညောင်ဦးမြို့နယ်အသင်း(ရန်ကုန်)**
**အသက်(၉၀)**

ပုဂံ-ညောင်ဦးမြို့နယ်အသင်း(ရန်ကုန်)၏ ဂုဏ်ထူးဆောင် နာယကနှင့် ကန်တော့ခံအဘိုး ဒေါက်တာဦးကိုကိုသည် ၇-၁-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၅း၅၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၉-၁-၂၀၁၈ရက်(အင်္ဂါနေ့)မွန်းလွဲ ၂နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန် အကြောင်းကြားပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) အလုပ်အမှုဆောင်အဖွဲ့

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဒေါက်တာဦးကိုကို**
**အသက်(၉၀)**

အထူးချစ်ခင်လေးစားရပါသော ဒေါက်တာဦးကိုကိုသည် ၇-၁-၂၀၁၈ရက် နံနက် ၅း၅၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ ဦးခင်မောင်ဝင်း(အသည်းအထူးကုဆရာဝန်ကြီး)-**
**ဒေါက်တာဒေါ်ခင်လေးရီ**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ပါမောက္ခ ဒေါက်တာဒေါ်ခင်ခင်ဖြူ**
**သားဖွားနှင့်မီးယပ်အထူးကုဆရာဝန်ကြီး**
**အသက်(၉၀)**

ပါမောက္ခ ဒေါက်တာဒေါ်ခင်ခင်ဖြူသည် ၂၆-၁၂-၂၀၁၇ရက် (အင်္ဂါနေ့) ညနေ ၅း၅၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**သားဖွားမီးယပ်ပညာဌာနမိသားစု**
**ဆေးတက္ကသိုလ်**
**မန္တလေး**

---

မြိတ်မြို့နယ်အသင်း(ရန်ကုန်)
**ဦးတင်ဒွန်း(မြိတ်) အသက်(၈၅)နှစ်**
**သက်ကြီးကန်တော့ခံ၊ အသင်းဝင်အမှတ်(၁၃၀၈)**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဗိုလ်ရာညွှန့်လမ်း၊အမှတ်(67-C-2)နေ ဒေါ်ဆင့်ဆင့်သက်၏ခင်ပွန်းသည် ၇-၁-၂၀၁၈ရက်တွင်ကွယ်လွန်သွားပါ၍၉-၁-၂၀၁၈ရက်(အင်္ဂါနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (မြိတ်အသင်းမှကားများမွန်းတည့်၁၂နာရီတွင်ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

ဦးမောင်မောင်(ခ)V.S CHNDRA SEGARAN (သျှရီကာလီမယ်တော်) ဘုရားကျောင်းခန့်ထားရေး ကော်မတီဝင်)သည် ၄-၁-၂၀၁၈ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဂေါပကအဖွဲ့**
**သျှရီကာလီမယ်တော်ဘုရားကျောင်း**
**ကုန်ဈေးတန်းလမ်း၊ ရန်ကုန်မြို့**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဗိုလ်ကြီးနေမောင်(ငြိမ်း)**
**ဒုတိယညွှန်ကြားရေးမှူး၊ ငါးလုပ်ငန်းဦးစီးဌာန**
**အသက်(၅၆)နှစ်**

ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဗိုလ်ကြီးနေမောင်(ငြိမ်း)သည် ၇-၁-၂၀၁၈ရက်(တနင်္ဂနွေနေ့) ည ၇း၄၀နာရီတွင် နေပြည်တော်နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ငါးလုပ်ငန်းဦးစီးဌာနဝန်ထမ်းဟောင်းများ**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
**ရဲကျော်စွာဦးအောင်နွဲ့**
**(မြောင်းမြ)**
**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)**
**အကျဉ်းဦးစီးဌာန**
**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြို့သစ်(ခ)ရပ်ကွက်၊ ဖလမ်း၊ အမှတ် ၁၆၃နေ ဒေါ်မြခင်၏ခင်ပွန်း၊ ဒေါ်ခင်မြနွယ်(မြန်မာနိုင်ငံခြားကုန်သွယ်မှုဘဏ်၊ ငြိမ်း)၊ ဦးခင်မောင်နွယ်-(ဒေါ်တင်တင်အုန်း)(အကျဉ်းဦးစီးဌာန၊ ငြိမ်း)၊ ဦးခင်အောင်နွယ်-ဒေါ်သန်းသန်းမြင့်၊ ဦးခင်အောင်ကြွယ်(စခန်းမှူး၊ ငြိမ်း) - ဒေါ်ကြည်ကြည်လှိုင်(ကထိက၊ ငြိမ်း)၊ ဦးသန်းဌေး(အကျဉ်းဦးစီးဌာန၊ ငြိမ်း) - ဒေါ်ခင်အေးအေးနွယ် (အထက-၃၊ ရွှေပြည်သာ)၊(ဦးဝင်းအောင်)-ဒေါ်ခင်ထွေးထွေးနွယ်(အထက-၄၊ အင်းစိန်၊ ငြိမ်း)တို့၏ဖခင်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၈-၁-၂၀၁၈ရက်(တနင်္လာနေ့) နံနက် ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၄-၁-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဦးစိုးမြင့်(ခ)စောလေဝှက်**
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့နေ(ဦးကြီးရာ-ဒေါ်ယုဖန်)တို့၏သား၊ (ဒေါ်အေးရွှေ)၏ခင်ပွန်း၊ မစန်းစန်းမြင့်-ဦးခင်မောင်ချစ်၊ ဦးခင်မောင်ဇော်-ဒေါ်နီလာဝင်း၊ ဦးအောင်မင်းထွန်း-ဒေါ်ဌေးဌေးမြင့်၊ မစန်းစန်းဝင်း၊ဦးရဲမျိုးသန့်-ဒေါ်သီတာမွန်၊မောင်ဇော်ရဲမြင့်တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေလေးရပ်ကွက်၊ ဘီအိုစီလမ်း၊ အမှတ် ၁၁၃ နေသူသည် ၈-၁-၂၀၁၈ရက် မွန်းလွဲ ၁၂း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁-၂၀၁၈ရက်နံနက် ၁၁နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးတရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

---

**ဒေါ်အေးအေးမြင့်**
**(ခရား အတွင်းရွာ)**
**အသက်(၇၁)နှစ်**

မွန်ပြည်နယ်၊ ခရားအတွင်းရွာနေ (ဦးဘသန်း - ဒေါ်လုံးခင်)တို့၏ သမီး၊ (ဦးသွင် - ဒေါ်ပုလဲ)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြင့်မိုရ်လမ်း၊ အမှတ် ၁၇၊ လေးလွှာ(အေ)နေ ဦးမင်းသန်းထိုက် (GM, MOGE အငြိမ်းစား)၏ဇနီး၊ ဦးကျော်ထင်-ဒေါ်ကြေးမုံထိုက်၊ဦးပြည့်စုံထိုက်-ဒေါက်တာအိအိလင်းဦး၊ဒေါ်ဖြူစင်ထိုက်၊ဦးအောင်စိုးမိုးထိုက်၊ ဒေါ်ခိုင်ရတနာထိုက်တို့၏ချစ်လှစွာသောမိခင်၊ မသင်းအိပြည့်စုံ၏အဘွားသည် ၇-၁-၂၀၁၈ရက်(တနင်္ဂနွေနေ့)ညနေ ၅း၅၅နာရီတွင်အာရှတော်ဝင်ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၉-၁-၂၀၁၈ရက်(အင်္ဂါနေ့) ညနေ ၄နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၃-၁-၂၀၁၈ရက်(စနေနေ့) နံနက် ၇နာရီမှစ၍ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
**မိုဟာမက်စူလေမန်(ခ)**
**ဦးကိုကိုအေး**
**အလုံစာတိုက်(ငြိမ်း)**
**အသက်(၅၆)နှစ်**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ လမ်း၄၀၊ အမှတ် ၁၄၅၊ ငါးလွှာ(ဝဲ)နေ (ဦးရာကွတ် - ဒေါ်ခတီဂျာ)တို့၏သား၊ (ဦးကိုကိုလေး)၊ ဒေါ်ခင်လှတို့၏မောင်၊ (ဦးကိုကိုဌေး)၊ ဦးလတ်ထွေးတို့၏အစ်ကို၊ ဒေါ်ဂျူလီ၏ခင်ပွန်း၊ မောင်အောင်မျိုးဦး၊ မဖြိုးဝေအောင်၊ မောင်စည်သူလတ်တို့၏ဦးလေးသည် ၆-၁-၂၀၁၈ရက် ည ၈း၃၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ၇-၁-၂၀၁၈ရက်တွင် ဇဟိုရ်အပြီး ရေဝေးစွန္နီကဗရ်စတာန်၌ ဒါဖွာနာပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း
**ဦးအာဒစ္စဝံသ**
**သက်တော်(၈၈)နှစ်၊ သိက္ခာတော်(၂၂)ဝါ**

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ ခနောင်ထော်ကျေးရွာနေ (ခမည်းတော် ဦးမန်းလှကျော်-မယ်တော် ဒေါ်ကျင်ဟုန်)တို့၏သား၊ (ဒေါ်ခင်နန်းမြင့်၊ အလက၊ ကျောင်းအုပ်ကြီး၊ ငြိမ်း)၏ခင်ပွန်း၊ (ဗိုလ်မှူးကြီးမောင်မောင်လေး၊ တပ်မတော်-လေ၊ ငြိမ်း)၊ နီပေါသံအမတ်ကြီး(ငြိမ်း)-(ဒေါ်ခင်ခင်ဦး)၊ (ဦးဇော်ဝင်း)-ဒေါ်ကြည်ကြည်လှ၊ ဒေါက်တာဦးကျော်မင်း - (ဒေါ်စန်းဌေး)၊ ဗိုလ်မှူးချုပ်စိန်ဝင်း(ငြိမ်း)အားကစားဝန်ကြီး(ငြိမ်း)-ဒေါ်အေးအေးတင့်၊ ဗိုလ်ကြီးအေးဝင်း(ငြိမ်း)-ဒေါ်နန်းမြင့်ဝင်းခင်၊ (နန့်နန်းနန်းဝေ)အလက ကျောင်းအုပ်ကြီး(ငြိမ်း)တို့၏အစ်ကို၊ ဗိုလ်ကြီးကျော်ကျော်ဦး(တပ်မတော်-ရေ၊ ငြိမ်း)-ဒေါ်မြင့်မြင့်ရီ၊ (ဦးကျော်နိုင်)-ဒေါ်နီနီဦး၊ ဦးမြင့်အောင်(လဝက၊ငြိမ်း)-ဒေါ်ချိုချိုဦး (ပညာရေး၊ငြိမ်း)၊ (ဦးမြင့်ဇော်)-ဒေါ်သီသီဦး(အလပြ)၊ ဦးထွဏ်းထွဏ်းဦး-ဒေါ်မေသဇင်ဖူး၊ ဦးအောင်အောင်ဦး-ဒေါ်မာမာဝင်းတို့၏ဖခင်၊ မြေးကိုးယောက်တို့၏အဘိုး၊ မြစ်သုံးယောက်တို့၏အဘေးသည် (၁၃၇၉ခုနှစ် ပြာသိုလပြည့်ကျော် ၆ရက်) ၇-၁-၂၀၁၈ရက်(တနင်္ဂနွေနေ့) နံနက် ၁နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၉ခုနှစ် ပြာသိုလပြည့်ကျော် ၇ရက်) ၈-၁-၂၀၁၈ရက်(တနင်္လာနေ့)မွန်းလွဲ ၁နာရီတွင် ဘားအံမြို့၊ (၆)ရပ်ကွက်၊ မင်္ဂလာလမ်း နေအိမ်မှ ထန်းကိုးပင်သုသာန်သို့ ပို့ဆောင်၍ အန္တိမဈာပနအခမ်းအနား ပြုလုပ်ပြီးဖြစ်ပါသဖြင့် ဘဝနတ်ထံပျံလွန်တော်မူသွားသော ဆရာတော်အားရည်စူး၍ (၁၃၇၉ခုနှစ် ပြာသိုလပြည့်ကျော် ၈ရက်) ၉-၁-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၆နာရီတွင် သံဃာတော်အရှင်သူမြတ်တို့အား ရက်လည်ဆွမ်းကပ်ပြီး ရေစက်ချတရားနာ အမျှပေးဝေမည်ဖြစ်ပါသဖြင့် ယင်းအခမ်းအနားသို့ ကြွရောက်ရန်နှင့် အထက်ပါနေအိမ်သို့ အတူတကွ တရားတော်နာကြွရောက်ပါရန် ခင်မင်လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဝတ္တကမြေ ဒါယကာကြီး
**ဗိုလ်မှူးစိန်လှိုင်(ငြိမ်း) (ရေ/၃၀၄၆) အသက်(၈၉)နှစ်**
**ဒု-ရေကြောင်းဌာနမှူးချုပ်(ဝန်ဆောင်)၊မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ငြိမ်း)**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ၅၂လမ်း၊ အမှတ် ၈၄/၈၆နေ (ဦးဖေသင်-ဒေါ်သန်းမြ)တို့၏သား၊ (ဒေါ်တင်တင်မြ)၏ခင်ပွန်း၊ ဒေါ်ဥမ္မာလှိုင်(ကထိက၊ သတ္တဗေဒဌာန၊ ဒဂုံတက္ကသိုလ်)၊ ဦးတင်စိုး(Civil' 83)-ဒေါ်ခင်မာလှိုင်(Civil' 85)၊ ဦးသန့်လှိုင်(Tony)-ဒေါ်ခင်မေချိုတို့၏ချစ်လှစွာသောဖခင်၊ ကိုရဲပြည့်စိုးလှိုင်(B.E P & H)၊မောင်ထွန်းသူရလှိုင်(VI -BE.Mech.TU - သန်လျင်)၊ မခင်နဒီ(1st Yr, BBM)တို့၏ဘိုးဘိုးကြီးသည် ၈-၁-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၇း၄၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ခန္ဓာကိုယ်အား ရန်ကုန်မြို့ ဆေးတက္ကသိုလ်(၁)သို့လှူဒါန်းပြီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၄-၁-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
**ဦးရွှေစိန်**
**ခြံမန်နေဂျာ(ငြိမ်း)၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း(မြိတ်/ကော့သောင်)**
**ဒဂုံအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်**
**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (၂၄)ရပ်ကွက်၊ ရွှေနံ့သာလမ်း၊ အရှေ့ကမာလမ်းသွယ်၊ အမှတ်(၈၇/၁)နေ (ဦးတင်-ဒေါ်မြမေ)တို့၏သား၊ (ဒေါ်ကျင်လှမြိုင်)၏ချစ်လှစွာသောခင်ပွန်း၊ ဦးဘတုတ်-(ဒေါ်ရင်မေ)တို့၏ညီ၊ ဦးအေးမောင်-ဒေါ်ရွှေသန်းကြည်တို့၏အစ်ကို၊ ဦးညွန့်ဇော်-ဒေါ်ကေသီရွှေ (လ/ထကထိက၊ သတ္တဗေဒဌာန၊ ဆေးတက္ကသိုလ်၊ မကွေး)၊ ဦးဝေဖြိုးလှ-ဒေါ်ဖြူဖြူအောင်၊ ဦးစည်သူလှ-ဒေါ်ခင်သစ္စာလွင်တို့၏ချစ်လှစွာသောဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၄-၁-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၁၈ရက် (တနင်္လာနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၀-၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ သဃ်န်းကျွန်းမြို့နယ်၊ (၂၄)ရပ်ကွက်၊ ရေနံ့သာလမ်း၊ အရှေ့လမ်းသွယ်၊ အမှတ် ၈၇/၁ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

ဗိုလ်ကြီးနေမောင်(ငြိမ်း)၊ ဒုတိယညွှန်ကြားရေးမှူး၊ ငါးလုပ်ငန်းဦးစီးဌာနသည် ၇-၁-၂၀၁၈ရက် (တနင်္ဂနွေနေ့) ည ၇း၄၀နာရီတွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်**
**နှင့်ဝန်ထမ်းများ**
**ငါးလုပ်ငန်းဦးစီးဌာန**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဗိုလ်ကြီးနေမောင်(ငြိမ်း)**
**ဒုတိယညွှန်ကြားရေးမှူး၊ ငါးလုပ်ငန်းဦးစီးဌာန**
**အသက်(၅၆)နှစ်**

ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဗိုလ်ကြီးနေမောင်(ငြိမ်း)သည် ၇-၁-၂၀၁၈ရက် (တနင်္ဂနွေနေ့) ည ၇း၄၀ နာရီတွင် နေပြည်တော်နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် စတုတ္ထနှစ်မှ မောင်သန်းကျော်ထွေးသည် ၆-၁-၂၀၁၈ရက်(စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်**
**စတုတ္ထနှစ် ကျောင်းသား၊ ကျောင်းသူများ**

# ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ(ရန်ကုန်) တတိယနေ့ကျင်းပ

## ကျောင်းသား ကျောင်းသူများနှင့် ပြည်သူကိုးသောင်းခန့် လာရောက်ပြီး ပြိုင်ပွဲမျိုးစုံတွင် ကလေးငယ် ၁၆၈၀၀ ကျော် ပါဝင်ယှဉ်ပြိုင်

**ရန်ကုန် ဇန်နဝါရီ ၈**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့်စာအုပ်ဈေးရောင်းပွဲ(ရန်ကုန်) တတိယနေ့ကို ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမှတ်-၆ အခြေခံပညာအထက်တန်းကျောင်း (စိန့်ပေါလ်ကျောင်း) ၌ ယနေ့နံနက် ၉ နာရီမှ ည ၈ နာရီအထိ ကျင်းပရာ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူကိုးသောင်းခန့် လာရောက်ကြသည်။

အဆိုပါပွဲတော်ကို ဇန်နဝါရီ ၆ ရက်မှ ၈ ရက်အထိ သုံးရက်ကြာကျင်းပရာတွင် ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲများ၊ ဟောပြောပွဲနှင့် ဆွေးနွေးပွဲများ၊ အားကစားပြိုင်ပွဲများ၊ ဖျော်ဖြေရေးအစီအစဉ်များ၊ ပုံပြင်ပြောပြိုင်ပွဲများ၊ ကျပန်းစကားပြောပြိုင်ပွဲများ၊ ကဗျာရွတ်ဆိုပြိုင်ပွဲများ၊ ဆေးရောင်ခြယ်ပြိုင်ပွဲများ၊ စက္ကူခေါက်ပြိုင်ပွဲများနှင့် ပျော်ရွှင်စရာကစားနည်းအစီအစဉ်တို့အပြင် ကလေးစာပေများစွာရေးသားခဲ့သည့် ဆရာကြီးမင်းသုဝဏ်၏ စာပေလက်ရာများ၊ မှတ်တမ်းဓာတ်ပုံများနှင့် ကလေးစာအုပ်ပြခန်း၊ ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာကျောင်းများမှ စုပေါင်း၍ ခင်းကျင်းပြသထားသည့် သိပ္ပံလက်တွေ့ပြခန်း၊ အိမ်တွင်းမှုပြခန်း၊ တီထွင်ဆန်းသစ်မှုပြခန်း၊ ပညာပေးပြခန်း၊ လက်မှုပညာပြခန်း၊ ပန်းအလှနှင့် ခြင်းထိုးလုပ်ငန်းပြခန်း၊ ဖန်စီဖြင့် အလှဆင်ခြင်းပြခန်း၊ ဒေသထွက်ကုန် ပစ္စည်းများပြခန်း၊ သဘာဝပတ်ဝန်းကျင်

*စာမျက်နှာ ၅ ကော်လံ ၁* ❄




ကလေးစာပေပွဲတော် တတိယနေ့၌ ပွဲတော်လာကျောင်းသား ကျောင်းသူများ လက်တွေ့သိပ္ပံခန်းတွင် လေ့လာနေကြစဉ်။ ဓာတ်ပုံ-ဇော်မင်းလတ်



မွန်အသင်းနှင့် ရခိုင်အသင်း ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-စိုးညွန့်

## KBZ Bank U-13 ပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၈**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ အမျိုးသမီးလိဂ်ကော်မတီနှင့် KBZ Bank တို့၏ အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် KBZ Bank U-13 Girls Tournament 2018 (States & Regions) ပြိုင်ပွဲ တတိယနေ့ကို ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတွင် သုဝဏ္ဏမြက်ခင်းတုကွင်း၌ ဆက်လက်ကျင်းပသည်။

တတိယနေ့ပွဲစဉ်များတွင် မွန်အသင်းက ရခိုင်အသင်းကို ခုနစ်ဂိုး-ဂိုးမရှိ၊ ကချင်အသင်းက ရန်ကုန်အသင်းကို သုံးဂိုး-တစ်ဂိုး၊ တနင်္သာရီအသင်းက ရှမ်း(မြောက်)အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး ဧရာဝတီအသင်းနှင့် ရှမ်း (အရှေ့)အသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။ စတုတ္ထနေ့ကို ဇန်နဝါရီ ၉ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး နံနက်ပိုင်းတွင် စစ်ကိုင်းအသင်းနှင့် ကယားအသင်း၊ နေပြည်တော်အသင်းနှင့် ချင်းအသင်း၊ ညနေပိုင်းတွင် မကွေးအသင်းနှင့် ရှမ်း(တောင်)အသင်း၊ ပဲခူးအသင်းနှင့် မန္တလေးအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ဖိုးသော်ဇင်**

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် ဇန်နဝါရီ ၈**

ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေပါသည်။

**မိုး/ဇလ**

## အမေရိကန် တပ်မတော်ရဟတ်ယာဉ်တစ်စင်း ဂျပန်ဟိုတယ်တစ်ခု၌ အရေးပေါ်ဆင်းသက်ခဲ့ရ

*စာမျက်နှာ - ၁၄*

